ကေတုပဏ္ဍောစာစဉ်(၃)



# အမှီကောင်းရင် ကြီးပွားမည်

အရှင်ဣဒ္ဓိကာဘိဝံသ

2009 GRAPHIC DESIGN: JNK (Lingadipa)

# အမှီကောင်းရင် ကြီးပွားမည်

မန္တလေးမြို့ မှန်ကင်းပဗ္ဗောတာရုံကျောင်းတိုက်
အရှင်ကုဏ္ဍိကာဘိဝံသ တင်ပြသည်။

၁၉။ မိသားစုလေးမျိုး ၄၆
၂၀။ ကာယဂတာသတိကမ္မဋ္ဌာန်း ၅၀
၂၁။ စိတ်ရဲ့အလှကိုလဲ ပြင်ပေးပါ ၅၂
၂၂။ တန်ခိုးရှင်နတ် ဖြစ်ရပါတယ် ၅၄
၂၃။ ဘုရားဆိုတဲ့အသံကို ကြားရဘို့ရာ ၅၇
၂၄။ နမော ဗုဒ္ဓဿ မြတ်စွာဘုရားအား ရှိခိုးပါ၏ ၅၉
၂၅။ မပြုရလို့ တားမြစ်ထားတဲ့သီလ ၆၃
၂၆။ လိမ္မာသူတွေ ကျင့်သုံးရတဲ့သီလ ၆၄
၂၇။ ဝတ်ကိုဖြည့်မှ နိဗ္ဗာန်ရ ၆၇
၂၈။ နံပါတ်သုံး ကြီးပွားရမည့်တရား ၆၉
၂၉။ မင်္ဂလာဆိုတာ ကြီးပွားကြောင်းပါ ၇၁
၃၀။ အချစ်ဆုံးကို သတိရတတ်တာ ဓမ္မတာပါ ၇၃
၃၁။ ချိန်းထားရင် လွဲအုံးမယ် ၇၃
၃၂။ သာတာဂိရိနဲ့ဟေမဝတ ၇၅
၃၃။ ခန္ဓာညာဏ်ရောက် ၇၇
၃၄။ မိန်းမသားတွေထဲမှာအရင်ဆုံးသောတာပန်တည်သူ ၇၈
၃၅။ နံပါတ်လေး ကြီးပွားရမည့်တရား ၇၉
၃၆။ လျှာဒါန်းနေတာ လိုတောင်မလိုပါ ၈၂
၃၇။ ပိုပြီးတော့ အကျိုးကြီးပါတယ် ၈၃

၃၈။ အရပ်ထဲမှာ ပြောနေကြ ၈၅

၃၉။ သုံးမျိုးတို့ရဲ့အန္တရာယ်ကို ပြပါတယ် ၈၆

၄၀။ ဒါနကုသိုလ်ဖြစ်ဖို့ လွယ်ကူပုံ ၈၇

၄၁။ လှူတဲ့အခါ ပြည့်စုံရမည့် အင်္ဂါသုံးမျိုး ၉၀

၄၂။ နေ့ရောညပါ ကုသိုလ်တွေ တိုးလို့နေ ၉၃

၄၃။ စာဂါနုဿတိဘာဝနာ ဖြစ်နေတယ် ၉၅

၄၄။ စာဂါနုဿတိဘာဝနာ ဖြစ်နေတယ် ၉၅

၄၅။ နံပါတ်ငါး ကြီးပွားရမည့်တရား ၉၇

၄၆။ စိတ်တစ်ခုယုတ်ကိုးဆယ် ၉၉

၄၇။ အင်္ဂုလိမာလ ၁၀၅

၄၈။ စံပြပုဂ္ဂိုလ်တွေ ဖြစ်ရပါမယ် ၁၀၉

၄၉။ လူသားချင်း စာနာထောက်ထား ၁၁၁

၅၀။ အင်္ဂုလိမာလ အံ့သြသွား ၁၁၂

၅၁။ လိုက်လို့ကို မမှီပါ ၁၁၃

၅၂။ ရပ်နေသူနဲ့ သွားနေသူ ၁၁၅

၅၃။ အင်္ဂုလိမာလ ရဟန်းဖြစ်ပြီ ၁၁၇

၅၄။ အင်္ဂုလိမာလကို ချီးမြှောက်ခြင်း ၁၁၉

၅၅။ ကောသလမင်း ထွက်တော်မူလာ ၁၂၀

၅၆။ ကြောက်စိတ်တွေ ပြေပျောက်သွား ၁၂၂

၅၇။ လက်နက်မပါပဲ ယဉ်ကျေးအောင် ဆုံးမတော်မူ ၁၂၆

၅၈။ မှတ်သားဖွယ် ကံလေးမျိုး ၁၂၈

၅၉။ လူပေါင်း တစ်ထောင်ကျော် သတ်ခဲ့ပေမဲ့ ၁၂၉

၆၀။ အသက်ကြီးသွားပြီဆိုရင် ၁၃၁

၆၁။ အရဟတ္တမဂ်ပညာ ၁၃၃

၆၂။ အထွဋ်အထိပ်ဖြစ်တဲ့ပညာ ၁၃၄

၆၃။ ကိုယ့်ဘက်က မလိုအောင်နေကြ ၁၃၈

၆၄။ သားသမီးမရှိတဲ့သူဌေးဝတ္ထု ၁၄၀

၆၅။ ဆွမ်းလောင်းနိုင်းတဲ့ ကုသိုလ်ရဲ့အကျိုး ၁၄၃

၆၆။ ရောင့်ရဲတင်းတိမ် လူစည်းစိမ် ၁၄၅

၆၇။ ဓမ္မဒါနအလှူရှင်များ ၁၄၆

# အမှာစာ

အမှာစာမှာ ပဋ္ဌာနတာရုံကျောင်းတိုက်များရဲ့မဟာနာယက ဆရာတော်ဖြစ်တော်မူတဲ့ မုံရွာမြို့ ကျေးဌူးတော်ရှင် ပဋ္ဌာနတာ ရုံဆရာတော်ဘုရားရဲ့မှတ်သားဖွယ်ကောင်းတဲ့ဩဝါဒကို တင်ပြ ပါရစေ--

စာသင်တိုက်တစ်တိုက် ကြီးပွားဖို့, တိုးတက်ဖို့, အောင် မြင်ဖို့အတွက်

၁။ တပည့်ရယ်

၂။ ဆရာရယ်

၃။ ဒကာရယ်

သုံးဦး သုံးဖလယ်တို့က ကိုယ့်တာဝန်ကို တာဝန်ကျေ အောင် ထမ်းဆောင်ကြရပါမယ်။

(၁)

ဆိုကြပါစို့။ တပည့်တွေကတော့ ရှိပါရဲ့၊ များပါရဲ့၊ စာသင် သားတွေကတော့ ရှိပါရဲ့၊ များပါရဲ့။ ဒါပေမဲ့ ဆရာတွေ၊ စာချ ဘုန်းကြီးတွေ မရှိဘူးဆိုရင်, လှူဒါန်း ထောက်ပံ့မည့် ဒကာ, ဒကာမ တွေမရှိဘူးဆိုရင်စာသင်တိုက်ဟာမကြီးပွားနိုင်ပါ၊ မတိုး တက်နိုင်ပါ၊ မအောင်မြင် နိုင်ပါ။

(၂)

ဆရာတွေကတော့ ရှိပါရဲ့ များပါရဲ့။ ဒါပေမဲ့ တပည့် တွေ စာသင်သားတွေ မရှိဘူးဆိုရင်, လှူဒါန်းထောက်ပံ့မည့် ဒကာ, ဒကာမတွေ မရှိဘူးဆိုရင် စာသင်တိုက်ဟာ မကြီးပွားနိုင်ပါ၊ မတိုးတက်နိုင်ပါ၊ မအောင်မြင်နိုင်ပါ။

(၃)

လှူဒါန်းထောက်ပံ့မည့် ဒကာ,ဒကာမတွေ ရှိပါရဲ့ များ ပါရဲ့။ ဒါပေမဲ့ တပည့်တွေ စာသင်သားတွေ မရှိဘူးဆိုရင်, ဆရာတွေ စာချဘုန်းကြီးတွေ မရှိဘူးဆိုရင် စာသင်တိုက် ဟာ မကြီးပွား နိုင်ပါ၊ မတိုးတက်နိုင်ပါ၊ မအောင်မြင်နိုင်ပါ။

ဒါကြောင့် စာသင်တိုက်တစ်တိုက်ဟာ သုံးချောင်း ခေါက်နဲ့ တူပါတယ်။

## သုံးချောင်းခေါက်ပမာ

သုံးချောင်းခေါက်ဟာ သုံးချောင်းလုံး ပြည့်စုံနေမှသာ ရပ်တည်နိုင်ပါတယ်။ ဒီ ဥပမာအတိုင်းပါပဲ။ စာသင်တိုက် တစ်တိုက်မှာ တပည့်တွေ စာသင်သားတွေကလဲ တပည့်တွေရဲ့ တာဝန်တွေကို ကျေပွန်အောင် ထမ်းနေကြမယ်ဆိုရင်၊ ဆရာ တွေကလဲ ဆရာ့တာဝန်တွေကို ကျေပွန်အောင် ထမ်းနေကြမယ်

ဆိုရင်၊ စာပေပို့ချကြမယ်ဆိုရင်၊ စည်းကမ်း နှင့်အညီ စနစ်တကျ ထိမ်းသိမ်း စောင့်ရှောက်ကြမယ်ဆိုရင် ဒကာ,ဒကာမတွေကလဲ စွမ်းအားရှိသမျှ လှူဒါန်းထောက်ပံ့ ကြမယ်ဆိုရင် စာသင်တိုက်ဟာ ကြီးပွားပါမယ်၊ တိုးတက်ပါ မယ်၊ အောင်မြင်ပါမယ်။

ဒါကြောင့် ကြီးပွားနေတဲ့ တိုးတက်နေတဲ့ အောင်မြင်နေတဲ့ စာသင်တိုက်တိုင်း အခု တင်ပြခဲ့တဲ့ သုံးချက်နဲ့ ပြည့်စုံနေလို့ ကြီးပွားနေကြတာ၊ တိုးတက် နေကြတာ၊ အောင်မြင်နေကြတာ ဖြစ်ပါတယ်။

## အောင်မြင်ချင်ရင်

ကြီးပွားချင်တဲ့ တိုးတက်ချင်တဲ့ အောင်မြင်ချင်တဲ့ စာ သင်တိုက်တိုင်း ကျောင်းတိုက်တိုင်း တင်ပြခဲ့တဲ့ သုံးချက်နဲ့ ပြည့်စုံအောင် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ “တာဝန် ကိုယ်စီ ရှိကြသည်”ဆိုတဲ့အတိုင်း ကိုယ့်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင် ကြရမှာဖြစ်ပါတယ်။

တပည့်မပါ ဘယ်ဟာမပြီး၊
တပည့်ချည်းတော့လဲ ဘယ်ဟာမပြီး။
ဆရာမပါ ဘယ်ဟာမပြီး၊
ဆရာချည်းတော့လဲ ဘယ်ဟာမပြီး။
ဒကာမပါ ဘယ်ဟာမပြီး၊

ဒကာချည်းတော့လဲ ဘယ်ဟာမပြီး။

တပည့်,ဆရာ,ဒကာ ညီညာစုံမှ အလုံးစုံ အကုန်ပြီး။

ဗုဒ္ဓသာသနာတော်အား ပူဇော်ခြင်း

ရတနာပုံမန္တလေး ရွှေမြို့တော်ကြီး မြို့တည်နန်းတည် နှစ် ၁၅၀-ပြည့်ခဲ့ပြီဖြစ်သလို ယခု ၁၃၇၁-ခုနှစ်၊ ပြာသိုလ်လဆန်း ၇-ရက်နေ့တွင် အိမ်ရှေ့စံ ကနောင်မင်းသားကြီးနှင့် ကြင်ယာတော် လှိုင်ထိပ်ခေါင်တင်တို့ လှူဒါန်းခဲ့တဲ့ လောက မှန်ကင်းကျောင်းတိုက်ကြီးဟာလဲ နှစ် ၁၅၀-ပြည့်ပြီ ဖြစ် ပါတယ်။

၁၃၄၆-ခုနှစ်၊ ဝါဆိုလဆန်း ၈-ရက်နေ့မှာ ကျေးဇူးတော်ရှင် မုံရွာမြို့ ပဋ္ဌာနရုံဆရာတော်ဘုရား တည်ထောင်ခဲ့တဲ့ မှန်ကင်း ပဋ္ဌာနရုံစာသင်တိုက်ဟာလဲ ၂၅-နှစ်ပြည့်ပြီ ဖြစ်ပါတယ်။

လောကမှန်ကင်းကျောင်းတိုက်ကြီးရဲ့နှစ် ၁၅၀-ပြည့်၊

မှန်ကင်းပဋ္ဌာနရုံစာသင်တိုက်ရဲ့၂၅-နှစ်ပြည့်၊

သာသနာ့အောင်ပွဲ အထိမ်းအမှတ်အဖြစ် ဤ "အမှီ ကောင်းရင် ကြီးပွားမည်" ဆိုတဲ့ ဟောစဉ်တရားစာအုပ်ကို တတိယမြောက် စာအုပ်အဖြစ် ကေတုပဋ္ဌာနစာစဉ်မှ ဗုဒ္ဓ မြတ်စွာ သာသနာတော်အား ပူဇော်လိုက်ပါတယ်။

အရှင်ကောဏ္ဍိကာဘိဝံသ

၁၃၇၁-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၄)ရက်၊

(၁၅-၁၁-၂၀၀၉)တနင်္ဂနွေနေ့

နမော တဿဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ယနေ့ ၁၃၇၁-ခုနှစ်၊ ဝါဆိုလွှန်း(၁၁)ရက်၊ ၂၀၀၉၊ ဇူလိုင်လ ၂-ရက် ကြာသပတေးနေ့ညမှာ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၃၄-ကွက်၊ ရှမ်းဝိုင်းဓမ္မာရုံ ဆုတောင်းပြည့် မြတ်စွာဘုရားဓမ္မာရုံ၌ ရှမ်းဝိုင်းဓမ္မာရုံ ဆုတောင်းပြည့် မြတ်စွာဘုရားဗုဒ္ဓပူဇနီယပွဲတော် သံဃဒါန စာရေးတံဆွမ်းလောင်းလှူပွဲအကြိုဓမ္မသဘင် သုံးည တိုင်တိုင် ဆင်ယင်ကျင်းပကြပါတယ်။

ဒီနေ့ ပထမဆုံးည ပင်မဓမ္မဒါနကုသိုလ်ရှင်များ ဖြစ်ကြတဲ့ ကိုဇော်နိုင်+ မခင်နှင်းနှင်းရီ၊ သမီး-မခင်ဖြိုးဖြိုးသော်၊ သား-မောင်ဝေယံဖြိုးဦး မိသားစုတို့နှင့်တကွ ဓမ္မမိတ်ဆွေများ ကြွရောက်

လာကြတဲ့ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့တတွေ ဦးဇင်းတို့တတွေ ဟောကြနာကြမည့်တရားက

ဦးဇင်းတို့မြတ်စွာဘုရား လေးဆယ့်ငါးဝါ ကာလပတ်လုံး, လေးဆယ့်ငါးနှစ်လုံးလုံး သတ္တဝါတွေကို တရားရေအေး အမြိုက်ဆေးတွေကို တိုက်ကျွေးထားတဲ့ တရားတော်တွေကို သံဂါယနာတင် မထေရ်မြတ်တွေက မှတ်တမ်းတင်ထားတဲ့အခါမှာ နိကာယ်အားဖြင့် အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ်၊ ပိဋကအားဖြင့် သုတ္တန္တပိဋကမှာ ဟောထားတဲ့ **မဟာသာလပုတ္တသုတ္တန်** တရားတော်။

## အမှီကောင်းတော့ တစ်ချက်

ကဲ အခုလိုပြောလိုက်ပြီဆိုတော့ သူတော်ကောင်းတို့ ဘာတရားဟောတယ်ဆိုတာ သိချင်မှသိမယ်နော်။ ဒါကြောင့်မို့ အရပ်ထဲမှာ ပြောကြပါတယ်၊ "**အမှီကောင်းတော့ တစ်ချက်တဲ့**"၊ အရပ်ထဲမှာ၊ ဘဝမှာ ကြီးပွားဘို့ စီးပွားရေးဖြစ်ထွန်းဘို့ အမှီကောင်းသာရပြီဆိုရင် အမှီကောင်းရတဲ့ပုဂ္ဂိုလ်တွေ ချမ်းသာပြီးတော့သွားကြပါတယ်၊ အောင်မြင်ပြီးတော့သွား ကြပါတယ်။

ကဲ သားသမီးတွေဆိုပါတော့၊ မိမိတို့ရဲ့ အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိခင်ဖခင်တွေရဲ့ အမှီကောင်းကိုရပြီးတော့ သားသမီး

များလက်ထက်မှာ ပိုပြီးတော့အောင်မြင်ပါတယ်၊ ပိုပြီးတော့ ကြီးပွားပါတယ်၊ ပိုပြီးတော့ တိုးတက်ပါတယ်။

ဒါ- ဘာကြောင့်လဲဆိုရင် မိမိတို့ရဲ့ အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိခင်ဖခင်တွေရဲ့ အမှီကောင်းရပြီးတော့ မိမိတို့မှာ စီးပွားရေးပဲဖြစ်စေ ပညာရေးပဲဖြစ်စေ ကြီးပွားရေးပဲဖြစ်စေ မိမိတို့မှာ အမှီကောင်းရတဲ့အတွက်ကြောင့် ကြီးပွားကြပါတယ်၊ အောင်မြင်ကြပါတယ်၊ တိုးတက်ကြပါတယ်။

ထို့အတူပဲပေါ့၊ မိမိတို့ မိတ်ဆွေကောင်းတွေ ဆရာသမားကောင်းတွေ အမှီရပြီးတော့ ဘဝမှာ ကြီးပွားနေကြတဲ့ပုဂ္ဂိုလ်တွေ တိုးတက်နေတဲ့ပုဂ္ဂိုလ်တွေ အောင်မြင်နေကြတဲ့ပုဂ္ဂိုလ်တွေ အများကြီးရှိပါတယ်။ ဒါကို မြန်မာစကားပုံမှာ **"အမှီကောင်းတော့တစ်ချက်တဲ့"**။

ကဲ ပြောကြပါစို့-- တစ်ချို့ပုဂ္ဂိုလ်တွေကို မိတ်ဆွေကောင်းတွေက စီးပွားရေးလုပ်ဖို့ အရောင်းအဝယ်လုပ်ဖို့ အရင်းအနှီးထုတ်ပေးကြပါတယ်။ ရောင်းကုန်ပစ္စည်းတွေကို အဆင့်ဆင့်လာပေးကြပါတယ်။ ဆိုင်မှာ လာလာ ချပေးကြပါတယ်။

အဲဒီတော့ ရိုးသားတဲ့ပုဂ္ဂိုလ်တွေက ဟာ- အရင်းအနှီးတွေလာမပေးပါနဲ့၊ မပေးပါနဲ့။ ပစ္စည်းတွေ လာမပေးပါနဲ့၊ မပေးပါနဲ့။ မယူပါရစေနဲ့လို့ တောင်းပန်ပေမဲ့ မရပါဘူး။ ကိုယ်ကတော့

ပြန်မဆပ်နိုင်မှာဆိုးလို့၊ ကြွေးတင်နေမှာဆိုးလို့ မယူချင်ပါဘူး၊ မလိုချင်ပါဘူး။ ကိုယ်နိုင်သလောက်လေးနဲ့ ယူမယ်၊ ရောင်းမယ် ပေါ့။

ဒါပေမဲ့ မိတ်ဆွေကောင်းတွေက မရဘူး၊ ဇွတ်ကြီးပဲ၊ အရင်း အနှီးတွေ ထုတ်ပေးပါတယ်။ ရောင်းကုန်ပစ္စည်းတွေ လာပေး သွားပါတယ်။ ကိစ္စမရှိဘူး၊ မပေးနိုင်လဲ ကိစ္စမရှိဘူး။ လုပ်သာ လုပ်ပါ။ ရောင်းသာရောင်းပါလို့ အားပေးတောင် သွားပါသေး တယ်။

အဲသလို မိတ်ဆွေကောင်းတွေရဲ့ အမှီကောင်းတွေကို ရကြတဲ့ပုဂ္ဂိုလ်တွေမှာ အလုပ်အကိုင်တွေ အဆင်ပြေသွားကြပါ တယ်။ အရောင်းအဝယ်တွေ အဆင်ပြေသွားကြပါတယ်။ ဘဝမှာ ကြီးပွားသွားကြပါတယ်။ အောင်မြင်သွားကြပါတယ်။ တိုးတက်သွားကြပါတယ်။

အဲဒီဥပမာအတိုင်းပဲပေါ့။ ဒီသုတ္တန်မှာ ဦးဇင်းတို့ မြတ်စွာ ဘုရားဟောထားတဲ့ တရားတော်ကို မြန်မာလို နာမည်ပေး ရမယ်ဆိုရင် **"အမှီကောင်းရင် ကြီးပွားမည်"**။

ဘာတရား တဲ့လဲ?

"အမှီကောင်းရင် ကြီးပွားမည် တရားတော်ပါဘုရား"။

## ဥပမာအလင်္ကာ

အမိုကောင်းရင် ကြီးပွားမည်။ အဲဒီတရားတော်ကို ဦးဇင်းတို့ မြတ်စွာဘုရား သံဃာတော်များခြံရံပြီးတော့ ခရီးဒေသစာရီ ကြွချီနေတဲ့အချိန်ပေါ့။ သံဃာတော်များ ခြံရံပြီးတော့ ခရီးဒေသစာရီ ကြွချီနေတဲ့အချိန် တစ်နေ့သော အချိန်အခါမှာ ဟိမဝန္တာတောင်တန်းမှာ ရောက်ပြီးတော့ နေပါတယ်။ ဟိမဝန္တာတောင်းတန်မှာ မြတ်စွာဘုရား ဒေသစာရီ ကြွချီနေတဲ့အချိန်ပေါ့။

အဲဒီအချိန်မှာ ဦးဇင်းတို့မြတ်စွာဘုရားက ဟိမဝန္တာတောင်တန်းကို ဥပမာပြုပြီးတော့ ဟိမဝန္တာတောင်တန်းကို ဥပမာပေးပြီးတော့ ရဟန်းတော်တွေကို ဟောကြားတော်မူပါတယ်။

ဘာကြောင့် ဟိမဝန္တာတောင်တန်း ဥပမာပြုရတယ်ဆိုရင် ဦးဇင်းတို့ စာပေမှာ

**"ဥပမာယမိဓေကစ္စေ၊ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ"**တဲ့၊

ဒီလူလောကမှာ, လောကမှာ ဥပမာကလေးနဲ့ နှိုင်းယှဉ်ပြီးတော့ ပေးလိုက်မယ်ဆိုရင် ဥပမာလေးပြပြီးတော့ ဖြေရှင်းပြပြီ တင်ပြပြီဆိုရင် ပညာရှင်ပုဂ္ဂိုလ်တွေ သိနားလည်တဲ့ ပုဂ္ဂိုလ်တွေ ပိုပြီးတော့ ရှင်းရှင်းလင်းလင်း နားလည်ကြပါတယ်၊ ပိုပြီးတော့ ဆိုလိုတဲ့အဓိပ္ပါယ်ကို သိလွယ်ကြပါတယ်။

ဒါကြောင့် ဦးဇင်းတို့မြတ်စွာဘုရားက တရားဟောပြီဆိုရင်

အလင်္ကာကျမ်းအလိုအရ ဥပမာအလင်္ကာပေါ့၊ ဥပမာနဲ့ တန်ဆာဆင်ပြီးတော့ ဟောကြားတော်မူပါတယ်။ ဥပမာနဲ့ တန်ဆာဆင်ပြီးတော့ ဟောတဲ့တရားဒေသနာတွေ အများကြီးရှိပါတယ်။

ဒီမှာလည်း ဦးဇင်းတို့မြတ်စွာဘုရားက ဟိမဝန္တာ တောင်မင်းကို ဥပမာပြုပြီးတော့ ရဟန်းတော်တွေကို မှတ်သားဖွယ်ရာတရား မိန့်ကြားတာပေါ့။ အဲဒီမှာ-

**ဟိမဝန္တံ ဘိက္ခဝေ ပဗ္ဗတရာဇံ ဥပနိဿာယ မဟာ သာလာ ပဉ္စဟိ ဝဍ္ဎီဟိ ဝဍ္ဎန္တိ။**

**ဘိက္ခဝေ**-ရဟန်းတော်များ အိုချစ်သားတို့၊ **ဘိက္ခဝေ**-တရားနာပရိသတ်အပေါင်း အိုသူတော်ကောင်းတို့၊ **ဟိမဝန္တံ ပဗ္ဗတရာဇံ**-ဟိမဝန္တာတောင်မင်းကို၊ **ဥပနိဿာယ**-အမှီပြု၍၊ **မဟာသာလာ**-ဟိမဝန္တာတောင်မင်းပေါ်မှာ ပေါက်ရောက်နေကြတဲ့ သစ်ပင်ကြီးငယ် အသွယ်သွယ်တို့သည်၊ **ပဉ္စဟိ**-ငါးမျိုးကုန်သော၊ **ဝဍ္ဎီဟိ**-ကြီးပွားခြင်း တိုးပွားခြင်းတို့ဖြင့်၊ **ဝဍ္ဎန္တိ**-အမြဲမသွေ ကြီးပွား၍ နေကြကုန်၏၊ **ဣတိ**-ဤသို့၊ **ဘဂဝါ**-မြတ်စွာဘုရားသည်၊ **အဝေါစ**-ကရုဏာရှေ့ထား ဉာဏ်တော်အားဖြင့် ကောင်းစွာမသွေ မိန့်ကြားတော်မူပါပေသတည်း။

သာဓု- သာဓု- သာဓု။

# အမှီကောင်းရင်ကြီးပွားမည်

ဦးဇင်းတို့မြတ်စွာဘုရားက ဟိမဝန္တာတောင်အနီးမှာ ဒေသစာရီကြွချီနေတာဆိုတော့ ဟိမဝန္တာတောင်မင်းကို ဥပမာ ပြုပြီးတော့ ဟိမဝန္တာတောင်မင်းကို လက်ညှိုးညွှန်ပြီးတော့ ရဟန်းတော်တွေကို ချစ်သားတို့ ! ဟို ဟိမဝန္တာတောင်မင်းကို ကြည့်လိုက်၊ ဟိမဝန္တာတောင်တန်း ကိုကြည့်လိုက်တဲ့၊ ဟိမဝန္တာ တောင်ပေါ်မှာ ဟိမဝန္တာတောင်မင်းကိုအမှီပြုပြီးတော့ သစ်ပင်ကြီးငယ် အသွယ်သွယ်တို့ဟာ ကြီးပွားခြင်းငါးမျိုးတို့နဲ့။ ကြီးပွားခြင်း ဘယ်နှစ်မျိုးတဲ့လဲ?

"ငါးမျိုးပါဘုရား"။

ယင်း ကြီးပွားခြင်းငါးမျိုး တိုးတက်ခြင်းငါးမျိုးတို့နဲ့ တိုးတက်ပြီးတော့နေကြပါတယ်၊ ကြီးပွားပြီးတော့ နေကြပါတယ်၊ တိုးပွားပြီးတော့ နေကြပါတယ်။

အဲဒီမှာ နံပါတ်တစ်အနေနဲ့

**"သာခါပတ္တပလာသေန ဝဍ္ဎန္တိ"**၊

ဟို သစ်ပင်ကြီးငယ် အသွယ်သွယ်ကိုကြည့်လိုက်၊ သစ်ပင်ကြီးငယ် အသွယ်သွယ်တွေမှာ အခက်တွေ အလက်တွေ အရွက်တွေနဲ့ အသီးအသီး သစ်ပင်တိုင်းသစ်ပင်တိုင်း ဟိမဝန္တာတောင်ပေါ်မှာ ပေါက်ရောက်နေတဲ့ သစ်ပင်တိုင်း သစ်ပင်တိုင်း ဟိမဝန္တာတောင်မင်းအမှီပြုပြီးတော့ အော်- အခက် အလက် အရွက်တွေ

ကိုယ်စီကိုယ်စီ ကြီးပွားပြီးတော့ နေကြပါတယ်၊ တိုးပွားပြီးတော့ နေကြပါတယ်။

အခုလို မိုးရာသီဆိုပါတော့၊ မိုးရာသီဆိုရင် တကယ့်ကို စိမ်းစိမ်းစိုစို ညို့ညို့မှိုင်းမှိုင်း အုပ်အုပ်ဆိုင်းဆိုင်းနဲ့ ဟိမဝန္တာ တောင်တန်းဟာ တကယ့်ကို ကြီးပွားနေကြပါတယ်။

နံပါတ်နှစ်အနေနဲ့

**"တစေန ဝဍ္ဎန္တိ"**

ဟိမဝန္တာတောင်ပေါ်မှာ ပေါက်ရောက်နေကြတဲ့ သစ်ပင်တိုင်းသစ်ပင်တိုင်း အသီးအသီး အခွံအခေါက်တွေနဲ့ ကြီးပွားပြီးတော့နေကြပါတယ်။

နံပါတ်သုံးက

**"ပပဋိကာယ ဝဍ္ဎန္တိ"**

ဟိမဝန္တာတောင်ပေါ်မှာ ပေါက်ရောက်နေကြတဲ့ သစ်ပင်တိုင်း,သစ်ပင်တိုင်းမှာ အပွေးတွေနဲ့ ကြီးပွားနေကြပါတယ်။ အပွေးတက်ပြီး ကြီးပွားပြီးတော့နေကြပါတယ်။

နံပါတ်လေးက

**"ဖေဂ္ဂုနာ ဝဍ္ဎန္တိ"**

ဟိမဝန္တာတောင်ပေါ်မှာ ပေါက်ရောက်နေကြတဲ့ သစ်ပင်တိုင်းသစ်ပင်တိုင်း အကာတွေကိုယ်စီရှိပြီးတော့ အကာတွေနဲ့

ကြီးပွားပြီးတော့နေကြပါတယ်။

နံပါတ်ငါးက

**"သာရေန ဝဍ္ဎတိ"**

ဟိမဝန္တာတောင်မင်းကို အမှီပြုပြီးတော့ ဟိမဝန္တာ တောင်တန်းပေါ်မှာ သစ်ပင်ကြီးငယ်အသွယ်သွယ်တွေ အထူးသဖြင့် သစ်ပင်ကြီးတွေပေါ့၊ အနှစ်တွေပြည့်ပြီးတော့ အနှစ်တွေကိုယ်စီရှိပြီးတော့ အနှစ်တွေနဲ့ကြီးပွားပြီးတော့ နေကြပါတယ်။

ကဲ- ခုနကပြောခဲ့တဲ့ ကြီးပွားခြင်းငါးမျိုး။ အကိုင်း အခက်၊ အရွက်ကစပြီးတော့ နံပါတ်ငါး အနှစ်အထိ သစ်ပင်ကြီးငယ် အသွယ်သွယ်တွေ ကြီးပွားခြင်းငါးမျိုးနဲ့ ကြီးပွားပြီးတော့ နေကြပါတယ်၊ တိုးပွားခြင်းငါးမျိုးနဲ့ တိုးပွားပြီးတော့နေကြပါတယ်။

အဲဒီမှာ ဟိမဝန္တာတောင်တန်းပေါ်မှာ ပေါက်ရောက်ပြီး နေကြတဲ့ သစ်ပင်ကြီးငယ်အသွယ်သွယ်တွေ အကိုင်းအခက် အလက်ကစပြီးတော့ အနှစ်အထိ ကြီးပွားခြင်းငါးမျိုးနဲ့ ကြီးပွား နေကြသလိုပဲတဲ့

**ဧဝမေဝံ ခေါ ဘိက္ခဝေ သဒ္ဓံ ကုလပုတ္တံ ဥပနိဿာယ အန္တောဇနော ပဉ္စဟိ ဝဍ္ဎီဟိ ဝဍ္ဎတိ၊**

**ဘိက္ခဝေ**-ရဟန်းတော်များ အိုချစ်သားတို့၊ **ဘိက္ခဝေ**-

တရားနာပရိသတ်အပေါင်း အိုသူတော်ကောင်းတို့၊ **ဓဝမေဝ-** ဤဟိမဝန္တာတောင်မင်းပေါ်မှာ ပေါက်ရောက်နေကြတဲ့ သစ်ပင်ကြီးငယ်အသွယ်သွယ်တို့သည် ကြီးပွားခြင်းငါးမျိုး တိုးပွားခြင်းငါးမျိုးနဲ့ ကြီးပွားနေကြသလို တိုးပွားနေကြသလို၊ **သဒ္ဓံ ကုလပုတ္တံ**-သဒ္ဓါတရားနှင့်ပြည့်စုံသော အမျိုးကောင်းသားကို၊ **ဥပနိဿာယ**-အမှီပြု၍၊ **အန္တောဇနော**-အိမ်သူအိမ်သား အပေါင်းသည်၊ **အန္တောဇနော**-ဆွေတော်မျိုးတော်အပေါင်းသည်၊ **အန္တောဇနော**-ပရိသတ်အပေါင်းသည်၊ **ပဉ္စဟိ**-ငါးမျိုးကုန်သော၊ **ဝမိဟိ**-ကြီးပွားခြင်းတိုးပွားခြင်းတို့ဖြင့်၊ **ဝမန္တိ**-ကြီးပွား၊တိုးပွား၍ လာကြကုန်၏၊ **ဣတိ**-ဤသို့၊ **ဘဂဝါ**-ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊ **အဝေါစ**-ကရုဏာရှေ့ထား ဉာဏ်တော်အားဖြင့် မိန့်ကြားတော်မူပါပေသတည်း။

သာဓု- သာဓု- သာဓု။

## လူနတ်ပြဟ္မာ သတ္တဝါတွေအထိ

ခုနက ဟိမဝန္တာတောင်ပေါ်မှာ ပေါက်ရောက်နေကြတဲ့ သစ်ပင်ကြီးငယ် အသွယ်သွယ်တွေ ကြီးပွားခြင်းငါးမျိုးနဲ့ ကြီးပွားပြီးတော့နေကြသလိုပဲ သဒ္ဓါတရားနဲ့ ပြည့်စုံတဲ့ အမျိုးကောင်းသားကို အမှီပြုပြီးတော့ အိမ်သူအိမ်သား အပေါင်းမှာ ထည့်မည်

ဆိုရင် မိတ်ဆွေ သူငယ်ချင်းအပေါင်းမှာ ဆွေတော် မျိုးတော် အပေါင်းမှာ ပရိသတ်အပေါင်းမှာ နိုင်ငံသူ၊နိုင်ငံသား အပေါင်း မှာ ကမ္ဘာသူကမ္ဘာသားအပေါင်းမှာ လူနတ်ဗြဟ္မာသတ္တဝါတွေမှာ ကြီးပွားခြင်းငါးမျိုးနဲ့ ကြီးပွားပြီးတော့နေကြပါတယ်။

ကဲ- ဦးဇင်းတို့ အထူးအားဖြင့်တော့ ဦးဇင်းတို့ မြတ်စွာ ဘုရားရှင်ကို အမှိုပြုပြီးတော့ ဥပါသကာ၊ဥပါသိကာမတွေနှင့် တကွ လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတွေ ကြီးပွားခြင်း ငါးမျိုးနဲ့ ကြီးပွားပြီးတော့နေကြပါတယ်။

ကဲ- မိမိတို့ အခုလို ရှမ်းဝိုင်းဓမ္မာရုံမှာ ရှမ်းဝိုင်းဓမ္မာရုံ ဆုတောင်းပြည့်မြတ်စွာဘုရား ဗုဒ္ဓပူဇနီယပွဲတော် သံဃဒါန စာရေးတံဆွမ်းလောင်းလှူပွဲအကြိုဓမ္မသဘင် ဆင်ယင်ကျင်းပ တဲ့အခါ ဆရာတော် သံဃာတော်တွေက အကြိုဓမ္မသဘင် အဖြစ် ဖြင့် တရားဟောကြပါတယ်။ ပင့်ဖိတ်လို့ ကြွရောက်လာကြတဲ့ သံဃာတော်တွေက စာရေးတံမဲနဲ့တကွ ဆွမ်း၊ဆွမ်းဟင်းတွေကို အလှူခံကြပါတယ်။

အဲဒီလို ရဟန်းသံဃာတော်တွေ အကြောင်းပြုပြီးတော့ သံဃာတော်တွေကို အမှိုပြုပြီးတော့ မိမိတို့မှာကြီးပွားခြင်း ငါးမျိုးနဲ့ ကြီးပွားပြီးတော့နေကြပါတယ်။

မိမိတို့အိမ်မှာဆိုရင် အကျဉ်းချုပ်ကလေးကစပြီးတော့ပေါ့။

မိမိတို့အိမ်မှာ သဒ္ဓါတရားနဲ့ပြည့်စုံတဲ့ အမျိုးကောင်းသားရှိပြီဆိုရင် ထိုသဒ္ဓါတရားနဲ့ပြည့်စုံတဲ့ အမျိုးကောင်းသားကို အကြောင်းပြု ပြီးတော့ အိမ်သူအိမ်သား အပေါင်းတွေမှာ ကြီးပွားခြင်းငါးမျိုးနဲ့ ကြီးပွားတယ်ဆိုတာ ခုနက ဖြန့်ကျက်လိုက်ပြီဆိုရင် နိုင်ငံသူ နိုင်ငံသားတွေအထိ ကမ္ဘာသူကမ္ဘာသားတွေအထိ လူနတ်ဗြဟ္မာ သတ္တဝါတွေအထိ သုံးဆယ့်တစ်ဘုံမှာရှိကြတဲ့ သတ္တဝါတွေ အထိ ဆိုပါတော့ ကြီးပွားခြင်း ငါးမျိုးနဲ့ ကြီးပွားပြီးတော့နေပါမယ်။

ကဲ- ဒီပရိသတ်တွေ မိမိတို့ ခုနကပြောခဲ့တဲ့ မိမိတို့ ပင့်ဖိတ် လို့ ကြွရောက်လာကြမဲ့ သို့မဟုတ် မိမိတို့ကိုးကွယ်တဲ့ ရဟန်း သံဃာတော်တွေအကြောင်းပြုပြီးတော့ မိမိတို့မှာ ကြီးပွားခြင်း ငါးမျိုးနဲ့ ကြီးပွားရပါမယ်။

## နံပါတ်တစ် ကြီးပွားရမည့်တရား

အဲဒီ ကြီးပွားခြင်းငါးမျိုးဆိုတာ-

နံပါတ်တစ် **သဒ္ဓါယ ဝဍ္ဎတိ**၊

နံပါတ်တစ်ကြီးပွားရမည့်တရားက '**သဒ္ဓါ**'တရား။ ဘာတရားလဲ?

"သဒ္ဓါတရားပါဘုရား"၊

ကဲ မိမိတို့ ဆည်းကပ်ကိုးကွယ်တဲ့ သံဃာတော် အရှင်မြတ်

တွေကို အကြောင်းပြုပြီးတော့ အမျိုးကောင်းသားတွေ အကြောင်း ပြုပြီးတော့ မိမိတို့သန္တာန်မှာ နံပါတ်တစ် ကြီးပွားရမည့်တရားက သဒ္ဓါတရားတဲ့။ အဲဒီ သဒ္ဓါတရားနဲ့စပ်ပြီး ဖွင့်ဆိုတဲ့အခါမှာ ပထမဆုံး အမြင့်ဆုံး

**"သဒ္ဓဟတိ တထာဂတဿ ဗောဓိံ"**

ဒီလောကမှာ အရိယာရဲ့တပည့်ဖြစ်တဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးဟာ မြတ်စွာဘုရားရဲ့ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်ကို ယုံကြည်ခြင်းဆိုတဲ့ သဒ္ဓါတရားတဲ့။

အဲဒီမှာ ဘာဆက်ပြီးယုံကြည်သလဲဆိုရင် ဂုဏ်တော် ကိုးပါးပေါ့။

ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏ သမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရောပုရိသဒမ္မသာရထိ သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ။

ကဲ- ဒါကြောင့်မို့ ကြွရောက်လာကြတဲ့ ပရိသတ်အပေါင်း သူတော်ကောင်းတို့တတွေ လက်အုပ်ကလေးချီ၊ လက်အုပ် ကလေးချီပြီးတော့ ဘုရားဂုဏ်တော်ကိုးပါးကို ညီညီညာညာ ဆိုကြည့်ရအောင်-

ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏ သမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရောပုရိသဒမ္မသာရထိ

သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ။

အဲဒီလို ဘုရားရှင်ရဲ့ အရဟံအစ ဘဂဝါအဆုံးရှိတဲ့ ဂုဏ်တော်တွေကို ယုံကြည်တယ်တဲ့။ ဒါကြောင့် မြတ်စွာဘုရားရှင်က **တထာဂတဿ**-မြတ်စွာဘုရား၏၊ **ဗောဓိံ**-အရဟတ္တမဂ်ဉာဏ်,သဗ္ဗညုတဉာဏ်တော်ကို၊ **သဒ္ဒဟတိ**-ယုံကြည်၏၊

မြတ်စွာဘုရားရဲ့အရိယာဖြစ်တဲ့ အရိယာသာဝကတွေ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ မြတ်စွာဘုရားရှင်ရဲ့ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်ကို ယုံကြည်တယ်။

**အရဟံ**-တစ်ထောင့်ငါးရာ ကိလေသာတို့မှ ဝေးကွာတော်မူသောမြတ်စွာဘုရား၊

**အရ,ဟံ**-ကိလေသာရန်သူတွေကို ပယ်သတ်ဖျက်ဆီးတော်မူသောမြတ်စွာဘုရား၊

**အရ,ဟံ**-အဝိဇ္ဇာသင်္ခါရစသော သံသရာရဲ့ အကန့်ထောင့်ဆံတွေကို ဖျက်ဆီးတော်မူသောမြတ်စွာဘုရား၊

**အရဟံ**- ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား၊

**အ,ရဟံ**-ဆိတ်ကွယ်ရာအရပ်သော်မှ မကောင်းမှုကို ပြုတော် မမူသောမြတ်စွာဘုရား၊

ဒါကြောင့် ဘုရားရှင်ရဲ့ဂုဏ်တော်တွေကို မြန်မာလိုပါ သိပြီး

တော့ ကြည်ညိုမယ်၊ ဘုရားဂုဏ်တော်တွေ ပွားမယ်။ ဘုရားဂုဏ်တော်တွေရဲ့ အဓိပ္ပါယ်ကိုသိပြီးတော့ ဘုရားရှိခိုးရင် ပိုပြီးတော့ အဓိပ္ပါယ်ပြည့်ဝပါတယ်။ ပိုပြီးတော့ အနှစ်သာရ ပြည့်ဝတာပေါ့။ ဒါကြောင့်မို့ ဘုရားရှင်ရဲ့ဂုဏ်တော်တွေကို ယုံကြည်ပါတယ်။

ထိုအတူပဲတဲ့ တရားဂုဏ်တော်တွေ ယုံကြည်၊ မြတ်စွာဘုရားဟောကြားတဲ့ တရားစစ်တရားမှန်ရဲ့ ဂုဏ်တော်တွေ ယုံကြည်တယ်။

နောက်- အရိယာသံဃာတော်တွေရဲ့ ဂုဏ်တော်တွေ ယုံကြည်တယ်တဲ့။ ပရိသတ်တွေ ရ,ထားကြတဲ့ တရားဂုဏ်တော်ခြောက်ပါး၊ သံဃာဂုဏ်တော်ကိုးပါးတဲ့။

အဲဒီလို အရိယာသံဃာတော်တွေရဲ့ ဂုဏ်တော်တွေ၊ သုပ္ပဋိ-ပန္နတာစပြီးတော့ အနုတ္တရံ ပုညခေတ္တံ လောကဿ အဆုံးအထိ သံဃာတော်တွေရဲ့ ဂုဏ်တော်တွေ ယုံကြည်ပါတယ်၊ နှစ်နှစ်ကာကာ ယုံကြည်တယ်။

အဲဒီလို ဘုရား,တရား,သံဃာ ရတနာမြတ်သုံးဖြာကို ယုံကြည်တာ၊ ဘုရား, တရား, သံဃာ ရတနာသုံးဖြာရဲ့ ဂုဏ်တော်တွေကို နှစ်နှစ်ကာကာ ယုံကြည်တာဟာ မိမိရဲ့ သန္တာန်မှာ သဒ္ဓါတရား အစစ်အမှန်ရှိတာပဲ။

ကဲ- ခုနက ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊

သံဃံ သရဏံ ဂစ္ဆာမိဆိုပြီးတော့ ဦးဇင်းတို့ ဗုဒ္ဓဘာသာဝင် သူတော်စင်တိုင်း သရဏဂုံသုံးပါး ဆောက်တည်ကြပါတယ်။

အဲဒီ ဘုရားဂုဏ်တော် တရားဂုဏ်တော် သံဃာဂုဏ်တော် သရဏဂုံသုံးပါးနဲ့စပ်ပြီးတော့ မိမိမှာ ဘုရားမှတပါး တရားမှ တပါး အရိယာသံဃာမှတပါး ကိုးကွယ်ရာမရှိဘူး အဲဒီလိုပေါ့။

## ချမ်းသာသူလို့သာ

ဦးဇင်းတို့ ဘုရားရှင်လက်ထက်က သုပ္ပဗုဒ္ဓနူနာသည် ပုဂ္ဂိုလ်ကြီးဆိုတာရှိပါတယ်။ မြတ်စွာဘုရားက ဝေဠုဝန်ကျောင်း တော်မှာ တရားနာပရိသတ်တို့အား တရားဟောတော်မူနေပါ တယ်။ သုပ္ပဗုဒ္ဓနူနာသည်က ပရိသတ်အစွန်မှာ နေပြီးတော့ မြတ်စွာဘုရားရဲ့ တရားတော်ကိုနာတဲ့အခါ သောတာပန် ဖြစ်သွား ပါတယ်။

သုပ္ပဗုဒ္ဓဟာ သူ့ရရှိတဲ့တရားထူးကို မြတ်စွာဘုရားအား လျှောက်ထားချင်ပါတယ်။ ဒါပေမဲ့ ပရိသတ်ကြားထဲ မသွား ဝံ့ပါဘူး။

တရားပွဲပြီးတဲ့အခါ လူအများက မြတ်စွာဘုရားကို ရှိခိုး ဦးချပြီး ပြန်ကြပါတယ်။ သုပ္ပဗုဒ္ဓကလဲ လူအများနဲ့အတူတူ လိုက်သွားပြီးတော့ ကျောင်းတော်သို့ တစ်ဖန် ပြန်လာပါတယ်။

ပရိသတ်တွေ ရှင်းတုံး သူ့ရရှိတဲ့တရားထူးကို မြတ်စွာဘုရားအား လျှောက်ထားမလို့ပါ။

အဲဒီအခါမှာ သိကြားမင်းက “ဒီ သုပ္ပဗုဒ္ဓနူနာသည်ဟာ သူ့ရရှိတဲ့တရားထူးကို မြတ်စွာဘုရားရဲ့ သာသနာတော်မှာ ထင်ရှားပြတော့မယ်” လို့ သိတဲ့အတွက် စုံစမ်းမလို့ လာပါတယ်။

သိကြားမင်းက အထက်ကောင်းကင်မှာ ရပ်ပြီးတော့ သုပ္ပဗုဒ္ဓ ! မင်းက လူဆင်းရဲပါ။ လူ့ဘဝမှာ အောက်တန်းကျတဲ့လူပါ။ ငါ သင့်အား သုံးလို့မကုန်လောက်အောင် များမြောင်လှစွာသော စည်းစိမ်ဥစ္စာတွေကို ပေးပါမယ်။ ဒါပေမဲ့မင်း အခုလိုတော့ ပြောရမယ်။

**ဘုရားကို ဘုရားမဟုတ်ဘူးလို့ ပြောပါ၊ တရားကို တရားမဟုတ်ဘူးလို့ ပြောပါ၊ သံဃာကို သံဃာမဟုတ်ဘူးလို့ ပြောပါ။ ငါ့မှာ ဘုရားဖြင့် အကျိုးမရှိပါ၊ ငါ့မှာ တရားဖြင့် အကျိုးမရှိပါ၊ ငါ့မှာ သံဃာဖြင့် အကျိုးမရှိပါ**-လို့ ပြောပါလို့ခိုင်းပါတယ်။

သုပ္ပဗုဒ္ဓက သင် ဘယ်သူလဲလို့မေးတော့ ငါသိကြားပါလို့ ပြောပါတယ်။ အဲဒီအခါမှာ သုပ္ပဗုဒ္ဓက သိကြားမင်းကိုအခုလို ပြောပါတယ်။

မိုက်ကန်းတဲ့ အရှက်မရှိတဲ့ သိကြား ! သင်ဟာ ငါနဲ့ စကားမပြောဆိုသင့်ပါ။ သင်က ငါ့ကို ဆင်းရဲတဲ့သူ၊ ဘဝမှာ

အောက်တန်းကျတဲ့သူလို့ ပြောပါတယ်။ ငါ မဆင်းရဲပါ၊ အောက်တန်းမကျပါ။ ငါ ချမ်းသာပါတယ်။ငါ့မှာ များစွာသော ဥစ္စာတွေ ရှိပါတယ်လို့ ပြောပြပါတယ်။

၁။ ဘုရား၊တရား၊သံဃာ ရတနာသုံးပါးကိုယုံကြည်တဲ့ သဒ္ဓါဥစ္စာ၊

၂။ ငါးပါးသီလနဲ့ပြည့်စုံတဲ့ သီလဥစ္စာ၊

၃။ မကောင်းမှုပြုရမှာ ရှက်တဲ့ ဟိရီဥစ္စာ၊

၄။ မကောင်းမှုပြုရမှာ ကြောက်တဲ့ ဩတ္တပ္ပဥစ္စာ၊

၅။ အကြားအမြင်များခြင်းဆိုတဲ့ သုတဥစ္စာ၊

၆။ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဆိုတဲ့ စာဂဥစ္စာ၊

၇။ အသိဉာဏ်ပညာနဲ့ပြည့်စုံတဲ့ ပညာဥစ္စာ၊

ငါ့မှာ ဒီ သူတော်ကောင်းတို့ရဲ့ ဥစ္စာခုနစ်မျိုးတို့ ရှိနေပါတယ်။ သူတော်ကောင်းဥစ္စာ ခုနစ်ဖြာတို့ ရှိနေကြသူတွေကို ဘုရား၊ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့က ဆင်းရဲသူလို့ ဟောတော်မမူကြပါဘူး။ ချမ်းသာသူလို့သာ ဟောတော်မူကြ ပါတယ်လို့ ပြောပြပါတယ်။

သိကြားမင်းက အဲဒီစကားကြားရတော့ သုပ္ပဗုဒ္ဓကို ထားခဲ့ပြီး မြတ်စွာဘုရားထံ သွားပါတယ်။ သူနဲ့ သုပ္ပဗုဒ္ဓတို့ ပြောခဲ့၊ ဆိုခဲ့တာတွေကို လျှောက်ထားပြပါတယ်။

မြတ်စွာဘုရားက သင်လို သိကြားတစ်ယောက်မပြောနဲ့ သိကြား အရာမက အထောင်မက သုပ္ပဗုဒ္ဓကို ဘုရားကို ဘုရား မဟုတ်ဘူး၊ တရားကို တရားမဟုတ်ဘူး၊ သံဃာကို သံဃာ မဟုတ်ဘူးလို့ ပြောခိုင်းဘို့ စွမ်းနိုင်မည် မဟုတ်ပါလို့ သိကြားမင်း အား မိန့်ကြားတော်မူပါတယ်။

သုပ္ပဗုဒ္ဓဟာ မြတ်စွာဘုရားထံသို့ ရောက်လာတဲ့အခါ မြတ်စွာဘုရားက နှုတ်ဆက်စကား မိန့်ကြားတော်မူပါတယ်။ သူ ရရှိတဲ့တရားထူးကို သောတာပတ္တိဖိုလ်တရားထူးကို လျှောက်ထား ပြီး ပြန်သွားပါတော့တယ်။

တနေရာမှာဆိုရင် မင်း- ဘုရားကို ဘုရားမဟုတ်ဘူး။ တရားကို တရားမဟုတ်ဘူး။ သံဃာကို သံဃာမဟုတ်ဘူးလို့ ပြော။ အဲဒီလိုမပြောရင် မင်းကို ခေါင်းဖြတ်မယ်လို့ အဲသလို ကျိန်း,ကျိန်းပြီးတော့ အသက်အန္တရာယ် ပြုမယ်ဆိုရင်တောင် ဘုရား,တရား,သံဃာ ရတနာမြတ်သုံးဖြာကို ယုံကြည်နေ ကိုးကွယ်နေတဲ့ သူတော်စင် အမျိုးကောင်းသား အမျိုးကောင်းသမီး က အသက်သာ အသေခံမယ်ပေါ့။ ဘုရားကို ဘုရားမဟုတ်ဘူး။ တရားကို တရားမဟုတ်ဘူး၊ သံဃာကို သံဃာမဟုတ်ဘူးလို့ ပြောပါ့မလား?

"မပြောပါဘုရား"၊

ဒါကြောင့်မို့ မြတ်စွာဘုရားရှင်ရဲ့ဂုဏ်တော် တရားတော်တို့ရဲ့ ဂုဏ်တော် သံဃာတော်တို့ရဲ့ဂုဏ်တော် အဲဒီလို ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးရဲ့ ဂုဏ်တော်ကို နှစ်နှစ်ကာကာ ယုံကြည်ပြီဆိုရင်တော့ အဲဒီပုဂ္ဂိုလ်ရဲ့ ယုံကြည်ခြင်းသည် တကယ့်ကို အရိယာရှစ်ယောက်ထဲမှာ သောတာပန်ပုဂ္ဂိုလ်ရဲ့ ယုံကြည်ခြင်းလို ဖြစ်သွားတာ။

မိမိတို့ ယနေ့ကြွရောက်လာကြတဲ့ တရားနာပရိသတ် အပေါင်း သူတော်ကောင်းတို့တွေ သောတာပန် မဖြစ်တောင် ကလျာဏပုထုဇဉ်ပေါ့။ အကြားအမြင်များတဲ့ ပုထုဇဉ်၊ ကလျာဏ ပုထုဇဉ်အနေနဲ့ ဘုရား၊တရား၊သံဃာကို နှစ်နှစ်ကာကာ ယုံကြည် လို့ ဘုရား၊တရား၊သံဃာကို ယုံကြည်ပြီဆိုရင် မိမိမှာ သဒ္ဓါ တရားတွေ ကြီးပွားပြီးတော့နေပါမယ်၊ သဒ္ဓါတရားတွေ တိုးပွား ပြီးတော့နေပါမယ်။

နောက်- ကံနှင့်ကံ၏အကျိုးတရားကို ယုံကြည်ခြင်းကိုလဲ သဒ္ဓါလို့ခေါ်ပါတယ်။ ကုသိုလ်ကံ အကုသိုလ်ကံ၊ ကောင်းတာ လုပ်ရင် ကောင်းကျိုးရမယ်၊ ကုသိုလ်လုပ်ရင် ကုသိုလ်ရတယ်၊ အကုသိုလ်ကံတွေလုပ်ပြီ မကောင်းတာတွေလုပ်ပြီဆိုရင် မကောင်းကျိုးတွေ ခံစားရမယ်။ အဲဒီလို ကံနှင့်ကံ၏ အကျိုး တရားကို ယုံကြည်ခြင်းကို သဒ္ဓါလို့ ခေါ်ပါတယ်။

ဒါကြောင့် ရဟန်းသံဃာတော်တွေ အကြောင်းပြုပြီးတော့ မိမိတို့သန္တာန်မှာ နံပါတ်တစ် ယခုပြောခဲ့တဲ့ သဒ္ဓါတရား တိုးပွား အောင် ကြိုးစားရပါမယ်။

## သဒ္ဓါလေးမျိုး

ဒီနေရာမှာ သဒ္ဓါလေးမျိုးကိုလဲ ဗဟုသုတအဖြစ် ပြော ပြပါအုံးမယ်။ ဒီသဒ္ဓါလေးမျိုးက မှတ်သားစရာလဲ ကောင်း ပါတယ်။ ဦးဇင်းတို့,သူတော်စင်တို့ရဲ့သန္တာန်မှာ အဓိဂမသဒ္ဓါ စတဲ့ သဒ္ဓါတရားတွေ ဖြစ်ပွားအောင် ကြိုးစားသင့်ပါတယ်။ ကြိုးစားရပါမယ်။ ညနေက နိဗ္ဗာန်ဆော်ကြီး ဦးသန်းထွန်း ပြော သွားတာလဲ ကြားရပါတယ်။

အခု ဦးဇင်းကလဲ ထပ်မံ ပြောပြပါမယ်။ အဓိပ္ပါယ် ပြည့် ပြည့်စုံစုံ သိရတာပေါ့။ မှတ်သားရတာပေါ့။

၁။ **အာဂမနီယသဒ္ဓါ** သဗ္ဗညုဘုရားအလောင်းတော်တို့အား အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ရဲ့ ဖြစ်ပေါ်လာကြောင်းဖြစ်တဲ့ သဒ္ဓါ၊

၂။ **အဓိဂမသဒ္ဓါ** ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ မဂ္ဂသစ္စာဆိုတဲ့ သစ္စာလေးပါး အမှန်တရား တို့ကို ထိုးထွင်းကာ သိမြင်တဲ့အတွက်



၂၂၂၈၄

ကြောင့် အရိယာပုဂ္ဂိုလ်တို့မှာ ဖြစ်ပေါ်လာတဲ့ သဒ္ဓါ၊

၃။ ပသာဒသဒ္ဓါ အရှင်ဝက္ကလိ၊ မဟာကပ္ပိနမင်းအစရှိတဲ့ သူတို့လို ဗုဒ္ဓေါ ဓမ္မော သံဃော ဘုရားတရား သံဃာလို့ ပြောဆိုတဲ့အခါ ပြောဆိုသံကို ကြားရတဲ့အခါ ကြည်ညိုတဲ့သဒ္ဓါ၊

၄။ ဩကပ္ပနသဒ္ဓါ ဒီအတိုင်း ဟုတ်သောက်တယ်လို့ ဉာဏ်ဖြင့် သက်ဝင်ကာ စူးစမ်းဆင်ခြင်ကာ ယုံကြည်တဲ့ သဒ္ဓါ၊

လို့ သဒ္ဓါလေးမျိုးရှိပါတယ်။

အဲဒီထဲမှာ မိမိတို့မှာ ဘယ်သဒ္ဓါတရားဖြစ်ရမယ်ဆိုရင် "အဓိဂမသဒ္ဓါ"။ ဘာသဒ္ဓါတရားတဲ့လဲ?

"အဓိဂမသဒ္ဓါပါဘုရား"၊

သောတာပန်ဖြစ်သွားအောင် သကဒါဂါမ်ဖြစ်သွားအောင် အနာဂါမ်ဖြစ်သွားအောင် ရဟန္တာပုဂ္ဂိုလ်ဖြစ်သွားအောင် အဲဒီလို ပုဂ္ဂိုလ်တွေရဲ့ သဒ္ဓါတရားဖြစ်သွားအောင် ကြိုးစားနိုင်ပြီဆိုရင် မိမိတို့ ပြောစရာ မလိုတော့ပါဘူး။

မိမိတို့မှာ သံဃာတော်တွေဆိုတဲ့ အမိုကောင်းကို အကြောင်းပြုပြီး သဒ္ဓါတရားတွေ ကြီးပွားပြီးနေမယ်၊ သဒ္ဓါတရားတွေ

တိုးပွား ပြီးတော့နေပြီဆိုရင်၊ ဦးဇင်းတို့ သဒ္ဓါတရားတိုးပွားပြီဆိုရင် အခြားအခြားကုသိုလ်တွေလဲ တိုးပွားပြီပေါ့။ သဒ္ဓါတရားက အရေးကြီးတာနော်။

## အမြတ်ဆုံးသောဥစ္စာ

သဒ္ဓါကို "ဥစ္စာ"လို့လဲ ခေါ်ရပါတယ်။

အာဠဝကဘီလူးက မြတ်စွာဘုရားကို မြတ်စွာဘုရား! ဤလောကမှာ ယောကျ်ားရဲ့ အမြတ်ဆုံးသောဥစ္စာကား ဘာပါလဲ ဘုရားလို့ မေးလျှောက်ပါတယ်။

မြတ်စွာဘုရားက ဤလောကမှာ ယောကျ်ားရဲ့ အမြတ်ဆုံးသော ဥစ္စာကား သဒ္ဓါတရားဖြစ်ပါတယ်လို့ ဖြေကြားတော်မူပါတယ်။

ဒီနေရာမှာ ယောကျ်ားလို့ဆိုပေမဲ့ မိန်းမသားတွေလဲပါ, ပါတယ်နော်။

ဥပမာဆိုကြပါစို့။ သူတော်စင်တို့မှာ လူ့လောကမှာ ငွေ, ရွှေစတဲ့ ပစ္စည်းဥစ္စာရှိရင် အသုံးအဆောင်အမျိုးမျိုး၊ ခဲစားဖွယ် အမျိုးမျိုးကိုလဲ ဝယ်ယူနိုင်ပါတယ်။ စားစရာ သောက်စရာ တွေကိုလဲ ဝယ်ယူနိုင်ပါတယ်။ ပုလဲ,ပတ္တမြား စိန်စတဲ့ ရတနာ ပစ္စည်းတွေကိုလဲ ဝယ်ယူနိုင်ပါတယ်။ ဥယျာဉ် ခြံ မြေ တိုက်တာ အိမ်ဂေဟာစသည် စသည်တွေကိုလဲ ဝယ်ယူနိုင်ပါတယ်။ မိမိမှာ

ငွေ၊ရွှေစတဲ့ ပစ္စည်းဥစ္စာတွေရှိနေရင် မဆင်းရဲတော့ပါ၊ မချို့တဲ့တော့ပါ။ မိမိမှာ ပစ္စည်းဥစ္စာနဲ့စပ်ပြီး ချမ်းသာနေပါပြီ။

အဲဒီ လောကဥပမာအတိုင်းပါပဲ။ မိမိမှာ လောကီ၊ လောကုတ္တရာဖြစ်တဲ့ သဒ္ဓါတရားတွေ ရှိနေပြီဆိုရင် လောကီကောင်းကျိုး ချမ်းသာအမျိုးမျိုး၊ လောကုတ္တရာကောင်းကျိုး ချမ်းသာအမျိုးမျိုးတို့ကို ခံစားရမှာ ဖြစ်ပါတယ်။

သဒ္ဓါတရား ထက်ထက်သန်သန်ထားပြီးတော့ တရားဘာဝနာကို ရှုမှတ်ပွားများအားထုတ်ရင် ပဋိသန္ဓေနေရခြင်းဆင်းရဲ၊ အိုရခြင်းဆင်းရဲ၊ နာရခြင်းဆင်းရဲ၊ သေရခြင်းဆင်းရဲတို့ကို တားဆီးနိုင်မှာ ဖြစ်ပါတယ်၊ လွန်မြောက်နိုင်မှာ ဖြစ်ပါတယ်။ သတိသမ္ဗောဇ္ဈင်စတဲ့ လောကီ၊လောကုတ္တရာ ရတနာတွေကိုလဲ ရမှာဖြစ်ပါတယ်။

သဒ္ဓါတရားရှိတဲ့သူကသာ စွန့်ကြဲပေးကမ်း လှူဒါန်းမှုကို ပြုတာပါ။ ကိုယ်ကျင့်သီလကို စောင့်ထိန်းတာပါ။ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်တာပါ။

အဲဒီလို ဒါနစတဲ့ ကောင်းမှုတွေကို ပြုတဲ့အတွက်ကြောင့် စည်းစိမ်ဥစ္စာ ရတနာတွေကို ရရှိနိုင်ပါတယ်။ အရောင်းအဝယ်ကောင်းမှာဖြစ်ပါတယ်။ အလုပ်အကိုင် အဆင်ပြေမှာဖြစ်ပါတယ်။

ဒါကြောင့် သူတော်စင်တို့တတွေ စည်းစိမ်ဥစ္စာ ရတနာတွေကို ရချင်ရင်၊ အရောင်းအဝယ်ကောင်းချင်ရင် အလုပ်အကိုင်အဆင်ပြေချင်ရင် သဒ္ဓါတရား ရှိရမှာပါ။ သဒ္ဓါတရား ကောင်းရမှာပါ။

သဒ္ဓါတရားမရှိတဲ့သူမှာ စည်းစိမ်ဥစ္စာတွေ ရှိနေပေမဲ့ အကျိုးမဲ့ ပျက်စီးသွားတတ်ပါတယ်။ အလိုလို ကုန်ခန်းသွားတတ်ပါတယ်။ ဒါကြောင့်မို့ သဒ္ဓါတရားဟာ အမြတ်ဆုံးသောဥစ္စာ ဖြစ်ရပါတော့တယ်။

အာဠဝကဘီလူးက အဘယ်အရာဖြင့် သံသရာအယဉ်ကို သံသရာဝဲသြဃကို ကူးမြောက်နိုင်ပါသလဲလို့ မေးလျှောက်ပါတယ်။

မြတ်စွာဘုရားက သဒ္ဓါတရားဖြင့် သံသရာအယဉ်ကို သံသရာဝဲသြဃကို ကူးမြောက်နိုင်တယ်လို့ ဖြေကြားတော်မူပါတယ်။ သံသရာအယဉ်, သံသရာဝဲသြဃဆိုတာ--

**၁။ ကာမောဃ**

**၂။ ဘဝေါဃ**

**၃။ ဒိဋ္ဌောဃ**

**၄။ အဝိဇ္ဇောဃ**

လို့ခေါ်တဲ့ သြဃလေးဖြာ ဖြစ်ပါတယ်။

အဘိဓမ္မာကို လေ့လာလိုက်စားတဲ့သူတွေ ဒီဩဃ လေးပါးကို သင်္ဂြိုဟ်သမုစ္စည်းပိုင်းမှာ တွေ့ရမှာ ဖြစ်ပါတယ်။ သဒ္ဓါတရားက သောတာပတ္တိမဂ်ကို ရဘို့ရန် အနီးဆုံးသော အကြောင်းဖြစ်ပါတယ်။

အနီးဆုံးသောအကြောင်းဖြစ်တဲ့ သဒ္ဓါတရားကို ရှေ့တန်းတင်ပြီး ဝိပဿနာဘာဝနာအလုပ် အားထုတ်လို့ သောတာပတ္တိမဂ်ကနေ အရဟတ္တမဂ်,အရဟတ္တဖိုလ်အထိရရှိရင် သံသရာအယဉ်ကို သံသရာဝဲဩဃကို ကူးမြောက်နိုင်ပါပြီ။

## ယုံကြည်ချက်သဒ္ဓါ အရေးပါ

သဒ္ဓါကို **"လက်"**လို့လဲ ခေါ်ပါတယ်။ **"သဒ္ဓါဟတ္ထော မဟာနာဂေါ"**တဲ့။ မြတ်စွာဘုရားရဲ့ လက်တော်ကို သဒ္ဓါနဲ့ နှိုင်းထားတာပါ။

ဆိုကြပါစို့၊ သတ္တဝါတွေမှာ လက်ပါတာနဲ့ မပါတာ တအားကွာခြားပါတယ်။ လက်ပါရင် လက်နဲ့ မိမိ ရယူလိုတဲ့ အရာဝတ္ထုတွေ, ပစ္စည်းတွေကို အလွယ်တကူ ယူနိုင်ပါတယ်။ အသုံးပြုနိုင်ပါတယ်။

အဲဒီ ဥပမာအတိုင်းပေါ့။ သဒ္ဓါတရားရှိရင် သဒ္ဓါတရားထက်ထက်သန်သန်ထားပြီးတော့ ဒါနကုသိုလ်ပြုမယ်၊ သီလ

ကုသိုလ်ကို စောင့်ထိန်းမယ်၊ ဘာဝနာကုသိုလ်ကို ပွားများအားထုတ်မယ်ဆိုရင် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တို့ရဲ့ ကောင်းကျိုးအမျိုးမျိုးတွေကို ရရှိမှာဖြစ်ပါတယ်။ နောက်ဆုံးအရဟတ္တဖိုလ်အထိ နိဗ္ဗာန်အထိ ရရှိမှာဖြစ်ပါတယ်။

သဒ္ဓါကို **"မျိုးစေ့"** လို့လဲ ခေါ်ပါတယ်။ သဒ္ဓါတရားကို မျိုးစေ့နဲ့ နှိုင်းထားတာပါ။

ဆိုကြပါစို့။ မျိုးစေ့ဟာ ရေကောင်း မြေကောင်း ရေဓာတ်မြေဓာတ်တွေ အဆင်ပြေရင် အညွန့်၊ အရွက်၊ အပွင့် အသီးတို့ကို ဖြစ်စေပါတယ်။ တိုးပွားစေပါတယ်။ အညွန့် အရွက် အပွင့် အသီးတို့ဖြစ်စေဖို့ တိုးပွားစေဖို့ မျိုးစေ့က အရင်းမူလ ပဓာနဖြစ်ပါတယ်။

အဲဒီဥပမာအတိုင်းပါပဲ။ သဒ္ဓါဟာ အားလုံးသော ကုသိုလ်တရားတို့ရဲ့ အရင်းမူလ ပဓာနဖြစ်ပါတယ်။ သဒ္ဓါဟာ အောက်ဆုံးဖြစ်တဲ့ သီလသိက္ခာကို တည်စေပါတယ်။ အထက်ထက်ဖြစ်တဲ့ သမာဓိသိက္ခာ၊ ပညာသိက္ခာတို့ကို တနည်းပြောရင် သမထဘာဝနာ၊ ဝိပဿနာဘာဝနာတို့ကို ဖြစ်စေပါတယ်။ တည်စေပါတယ်။

နောက် ဆက်လက်ပြီးတော့ အရိယမဂ်လေးပါး၊ အရိယဖိုလ်လေးပါးတို့ကို အဆင့်ဆင့် တိုးပွားစေပါတယ်။ ရစေပါ

တယ်။ ဒါကြောင့် သဒ္ဒါတရားကို မျိုးစေ့လို့ မြတ်စွာဘုရားက ဟောတော်မူထားပါတယ်။

အခု ပြောပြခဲ့တာတွေဟာ ယုံကြည်ချက်သဒ္ဒါတရား အရေးကြီးပုံ အရေးပါပုံတွေဖြစ်ပါတယ်။

ဒါကြောင့် ဣန္ဒြေထဲမှာဆိုရင် သဒ္ဓိန္ဒြေကို ပထမဆုံး ဆိုထားတာပါ။ ဗိုလ်တရားထဲမှာဆိုရင်လဲ သဒ္ဓါဗိုလ်ကို ပထမဆုံး ဆိုထားတာပါ။ သဒ္ဒါတရားက သိပ်အရေးကြီးတာကိုး။

ကဲချုပ်မယ်ဆိုရင် ပထမဆုံး မိမိတို့ ကိုးကွယ်တဲ့ ရဟန်း သံဃာတော်တွေကို အကြောင်းပြုပြီးတော့ မိမိတို့မှာ တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့တတွေမှာ နံပါတ်တစ် ဘာတိုးပွားရပါမယ်?

"သဒ္ဒါတရား တိုးပွားရမှာပါဘုရား"၊

သဒ္ဒါတရားတိုးပွားရပါမယ်။

## နံပါတ်နှစ် ကြီးပွားရမည့်တရား

နံပါတ်နှစ်က **"သီလေန ဝဍ္ဎတိ"**၊

**သီလေန**-ကိုယ်ကျင့်သီလဖြင့်၊ **ဝဍ္ဎတိ**-ကြီးပွားရ၏၊ တိုးပွား ရ၏။

နံပါတ်နှစ်က ရဟန်းသံဃာတော်တွေ အကြောင်းပြုပြီးတော့

မိမိတို့ ကြီးပွားရမည့်တရား၊ တိုးပွားရမည့်တရားကား- ‘‘သီလ’’ တရား။ ဘာတရားပါလိမ့်?

‘‘သီလတရားပါဘုရား’’။

သီလတရားတွေ ကြီးပွားအောင် ကြိုးစားရပါမယ်။ သီလတရားတွေ တိုးပွားအောင် ကြိုးစားရပါမယ်။

## မကျိုး မပေါက် မပြောက် မကြား

သီလဆိုတာက ဦးဇင်းတို့ ပထမဆုံး ခံယူခဲ့တဲ့ ငါးပါး သီလပေါ့။ နေ့တိုင်းနေ့တိုင်း ငါးပါးသီလကို ခါးဝတ်ပုဆိုးလို မြဲနေရပါမယ်။ ဦးဇင်းက ခုနက ငါးပါးသီလကို မြန်မာလိုပါ ဆိုပေးခဲ့ပါတယ်။ အဲဒီလို မြန်မာလိုပါ ဆိုပေးခဲ့တဲ့အတိုင်း မိမိသီလကို မကျိုးအောင် မပေါက်အောင် မပြောက်အောင် မကြားအောင် လုံခြုံစွာ စောင့်ထိန်းပြီးတော့ ပေးရမယ်။

## မကျိုး

လူတွေဆိုပါစို့၊ လူတွေမှာ နေ့စဉ်နေ့စဉ် ငါးပါးသီလ လုံခြုံအောင် စောင့်ထိမ်းရပါတယ်။ အဲဒီ ငါးပါးသီလထဲမှာ အစဆုံးဖြစ်တဲ့ ပါဏာတိပါတသိက္ခာပုဒ်ကို ဖျက်မိပါတယ်၊ ခြင်သတ်မိပါတယ်။နောက်ဆုံးဖြစ်တဲ့ သုရာမေရယ သိက္ခာပုဒ်ကို

ဖျက်မိပါတယ်။ အရက်သောက်မိပါတယ်။

အဲသလို အစဆုံးဖြစ်တဲ့ ပါဏာတိပါတာသိက္ခာပုဒ်ကို ဖြစ်စေ၊ နောက်ဆုံးဖြစ်တဲ့ သုရာမေရယသိက္ခာပုဒ်ကိုဖြစ်စေ ဖောက်ဖျက်မိရင် လွန်ကျူးမိရင် သီလကျိုးတယ်လို့ ခေါ်ပါတယ်။ ဘယ်လိုခေါ်ပါသလဲ?

"သီလကျိုးတယ်လို့ ခေါ်ပါတယ်ဘုရား"။

ဥပမာ မိမိတို့ဝတ်တဲ့ပုဆိုးမှာ ပုဆိုးအနားမှာ အနားစလေး ပြဲနေသလို စုတ်နေသလိုပေါ့။ အစမှာဖြစ်စေ အဆုံးမှာဖြစ်စေ အနားသတ်ဖြစ်တဲ့ သီလပျက်ရင် ကျိုးတယ်လို့ ခေါ်ရပါတယ်။

အစဆုံးဖြစ်တဲ့ ပါဏာတိပါတာသိက္ခာပုဒ်ကိုဖြစ်စေ၊ နောက်ဆုံးဖြစ်တဲ့ သုရာမေရယသိက္ခာပုဒ်ဖြစ်စေ မလွန်ကျူးမိဘူးမပျက်ဘူးဆိုရင် သီလမကျိုးတာလို့ ခေါ်ပါတယ်။ ဘယ်လို ခေါ်ပါသလဲ?

"သီလမကျိုးတာလို့ ခေါ်ပါတယ်ဘုရား"။

## မပေါက်

ငါးပါးသီလထဲမှာ အလယ်တည့်တည့်သီလက ဘာသီလပါလဲ?

"ကာမေသုမိစ္ဆာစာရ သီလပါဘုရား"။

အဲဒီ ကာမေသုမိစ္ဆာစာရသီလပျက်ရင် ကာမမှားတွေမှာ လိုက်စားလွန်ကျူးရင် အိမ်ထောင်ရေးစည်းကမ်းဖောက်ရင် သီလပေါက်တယ်လို့ ခေါ်ရပါတယ်။

ဥပမာ မိမိတို့ဝတ်တဲ့ပုဆိုးမှာ အလယ်တည့်တည့်က စုတ်နေသလို ပေါက်နေသလိုပေါ့။ ငါးပါးသီလထဲမှာ အလယ်တည့်တည့်ဖြစ်တဲ့ သီလပျက်နေတာကို သီလပေါက်တယ်လို့ ခေါ်ရပါတယ်။

အဲ- အလယ်တည့်တည့်ဖြစ်တဲ့ ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ် လုံခြုံရင် သီလမပေါက်တာလို့ ခေါ်ရပါတယ်။

## မပြောက်

ငါးပါးသီလထဲမှာ အစဉ်အတိုင်း ပါဏာတိပါတ, အဒိန္နာဒါန နှစ်ပါးဖြစ်စေ၊ ကာမေသုမိစ္ဆာစာရပါ ထည့်လိုက်ပါ။ သုံးပါးဖြစ်စေ အဲသလို အစဉ်အတိုင်း နှစ်ပါးဖြစ်စေ၊ သုံးပါးဖြစ်စေ သီလပျက်ရင် လွန်ကျူးမိရင် သီလပြောက်တယ်လို့ ခေါ်ရပါတယ်။

ဥပမာ တချို့နွားတွေကြည့်လိုက်ပါ။ ကျောမှာ ဝမ်းဗိုက်မှာ အကွက်ပြောက်ကြီးတွေ အကွက်ပြောက်ကြီးတွေကို တွေ့ရမြင်ရပါတယ်။

အဲသလို နွားရဲ့ကျောမှာ ဝမ်းဗိုက်မှာ အကွက်ပြောက်ကြီးတွေ အကွက်ပြောက်ကြီးတွေလို ငါးပါးသီလထဲမှာ အစဉ်အတိုင်း နှစ်ပါးဖြစ်စေ သုံးပါးဖြစ်စေ သီလတွေ ပျက်စီးနေရင် သီလပြောက်တယ်လို့ ခေါ်ရပါတယ်။

အဲဒီရဲ့ဆန့်ကျင်ဘက် ငါးပါးသီလထဲမှာ အစဉ်အတိုင်း နှစ်ပါးဖြစ်စေ သုံးပါးဖြစ်စေ သီလတွေ မပျက်စီးဘူးဆိုရင်သီလ မပြောက်တာလို့ ခေါ်ရပါတယ်။

## မကြား

ငါးပါးသီလထဲမှာ အကြားအကြားမှာ သီလတွေ ပျက်နေမယ်၊ တစ်ခုခြား တစ်ခုခြားဆိုပါတော့။ နံပါတ်နှစ်ဖြစ်တဲ့ အဒိန္နာဒါနသိက္ခာပုဒ် ပျက်နေမယ်။ နံပါတ်လေး ဖြစ်တဲ့ မုသာဝါဒသိက္ခာပုဒ် ပျက်နေမယ်ဆိုရင် သီလကြားတယ်လို့ ခေါ်ပါတယ်။

ဥပမာ-တစ်ချို့နွားတွေကို ကြည့်လိုက်ပါ။ နွားရဲ့ တစ်ကိုယ်လုံး အဖြူတွေရော အနက်တွေရော အဖြူကြား အနက်ကြား တွေကို တွေ့ရ,မြင်ရပါတယ်။

အဲဒီလိုပါပဲ။ အကြားအကြားဖြစ်တဲ့ သီလတွေ ပျက်နေရင် သီလကြားတယ်လို့ ခေါ်ရပါတယ်။

နံပါတ်နှစ်ဖြစ်တဲ့ အဒိန္နာဒါနသိက္ခာပုဒ်ရော၊ နံပါတ်လေး

ဖြစ်တဲ့ မှသာဝါဒသိက္ခာပုဒ်ရော အကြားအကြားမှာရှိတဲ့ သိက္ခာပုဒ်တွေလဲ လုံခြုံနေတယ်ဆိုရင် သီလမကြားတာလို့ ခေါ်ပါတယ်။

အဲဒီလို ငါးပါးသီလ လုံခြုံနေမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ကို အမျိုးသားဆိုရင် သီလဝါတဲ့။ အမျိုးသမီးဆိုရင် သီလဝတီတဲ့။ သီလနဲ့ပြည့်စုံသောပုဂ္ဂိုလ်လို့ ဆိုရပါတယ်။

ဝါတွင်းကာလ ဥပုသ်နေ့တွေမှာ ဝါပကာလ ဥပုသ်နေ့တွေမှာ စောင့်သုံးတဲ့ ရှစ်ပါးသီလ ကိုးပါးသီလ ဆယ်ပါးသီလတွေ။ အဲဒီသီလတွေကိုလဲ စောင့်ထိန်းနိုင်ပြီဆိုရင် ဥပုသ်သီတင်းသီလတွေကိုပေါ့ ကျင့်သုံးနိုင်ပြီဆိုရင် အထူးပြောစရာမလိုတော့ပါဘူးနော်။

ဒါကို မိမိတို့ နေ့စဉ်နေ့တိုင်း သက်တော်ထင်ရှား မြတ်စွာဘုရားအား ရည်မှန်းပြီးတော့ သက်တော်ထင်ရှား မြတ်စွာဘုရားအား အကြောင်းပြုပြီးတော့။ တနည်းအားဖြင့် မိမိတို့ ကိုးကွယ်ဆည်းကပ်တဲ့ ရဟန်းသံဃာတော်တွေ အကြောင်းပြုပြီးတော့ မိမိတို့ရဲ့သန္တာန်မှာ သီလတရားတွေ တိုးပွားအောင် ကြိုးစားပါ။

## သီလအကျိုး ငါးမျိုး

သီလတရားတွေ တိုးပွားနေပြီဆိုရင် ငါးပါးသီလ ပြည့်စုံနေပြီဆိုရင် ဦးဇင်းတို့မြတ်စွာဘုရားက ငါးပါးသီလ လုံခြုံရတဲ့ အကျိုးတွေကို

နံပါတ်-၁ ငါးပါးသီလလုံခြုံတဲ့ အမျိုးကောင်းသားအမျိုးကောင်းသမီးမှာ စီးပွားဥစ္စာတိုးတက်ခြင်းဆိုတဲ့ အကျိုး၊

နံပါတ်-၂ ငါးပါးသီလလုံခြုံပြီဆိုရင် ငါးပါးသီလ ပြည့်စုံကြတဲ့အမျိုးကောင်းသား အမျိုးကောင်းသမီးတွေရဲ့ကောင်းသတင်းတွေ ထွက်နေပါတယ်။ ကိုယ်က သီလနဲ့ ပြည့်စုံနေရင် သီလရှိတယ်လို့၊ အကျင့်စာရိတ္တ ပြည့်ဝတယ်ဆိုရင်အကျင့်စာရိတ္တကောင်းတယ်လို့ ဂုဏ်သတင်းတွေ မွှေးပျံ့ပြီးနေတာပေါ့။

နံပါတ်-၃ ငါးပါးသီလပြည့်စုံနေပြီဆိုရင် ငါးပါးသီလလုံခြုံတဲ့အမျိုးကောင်းသား အမျိုးကောင်းသမီးဟာ ဘယ်ပရိသတ်ထဲပဲသွားသွား ပရိသတ်ထဲသွားလာတဲ့အခါမှာ ရဲရဲဝံ့ဝံ့ ရဲရဲတင်းတင်း ကြည်ကြည်လင်လင် သွားလာရပါတယ်။

**နံပါတ်-၄** အနေနဲ့ ငါးပါးသီလပြည့်စုံပြီ ငါးပါးသီလ လုံခြုံပြီဆိုရင် ငါးပါးသီလလုံခြုံကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဘဝရဲ့ နောက်ဆုံးအချိန်ပေါ့၊ ဘဝရဲ့နောက်ဆုံးခရီး ကွယ်လွန်ခါနီးအချိန်မှာ **အသမ္မူဠှောကာလံ ကရောတိ**-တဲ့။ မတွေမဝေကြည်ကြည်လင် လင် ရွှင်ရွှင်ပျပျ ကွယ်လွန်ရပါတယ်တဲ့။

ဒါဘဝရဲ့နောက်ဆုံးအချိန်မှာ ကြည်ကြည်လင်လင် ဆိုပါတော့၊ မတွေမဝေ ကွယ်လွန်ရဘို့ အရေးကြီးတာကိုး။ အဲဒီလို မတွေမဝေ ကွယ်လွန်ဘို့ဆိုရင် ငါးပါးသီလလုံခြုံအောင် စောင့်ထိန်း။ ငါးပါးသီလလုံခြုံ နေကြပြီဆိုရင် ဘဝရဲ့နောက်ဆုံး အချိန်မှာ ကွယ်လွန်ခါနီးမှာ ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျ မတွေမဝေပဲ ကွယ်လွန်ရပါတယ်။

ကဲ- နောက်ဆုံး

**နံပါတ်-၅** အနေနဲ့ ငါးပါးသီလ ပြည့်စုံတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီး ကွယ်လွန်ပြီးနောက် လူ့ဘဝ လူ့ခန္ဓာ သက်တမ်းကုန်ဆုံးလို့ စွန့်ခွာသွားရပြီဆိုရင် နတ်ရွာသုဂတိ ရောက်ရခြင်း ဆိုတဲ့အကျိုး။

ကဲ မိမိတို့ ဘာမှ ငွေကုန်ကြေးကျမများပဲနဲ့ ငါးပါးသီလ ပြည့်စုံပြီဆိုရင် ငါးပါးသီလလုံခြုံကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးလေးတွေမှာ ရနိုင်တဲ့ အကျိုးတရားက ဘယ်နှစ်ပါးလဲ?

"ငါးပါးပါဘုရား"၊

အေး- အဲဒီငါးပါးကို မိမိတို့ရဲ့စိတ်ထဲမှာ သိပြီးတော့ နေ့စဉ်နေ့စဉ် မိမိတို့ရဲ့သန္တာန်မှာ ငါးပါးသီလလုံခြုံအောင် စောင့်ထိန်းပါ။

## မဟာဓမ္မပါလဇာတ်တော်

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း စိုးစံနေတဲ့အချိန် ကာသိတိုင်းမှာ ဓမ္မပါလခေါ်တဲ့ ရွာရှိပါတယ်။ အဲဒီရွာမှာ ကုသလကမ္မပထတရား ဆယ်ပါးကို စောင့်ရှောက်တဲ့အတွက်ကြောင့် ဓမ္မပါလအမည်ရတဲ့ ပုဏ္ဏား နေပါတယ်။

သူတို့ တဆွေလုံး တမျိုးလုံး ကျွန်အလုပ်သမားတွေပါ။ ဒါနပြုကြပါတယ်။ ငါးပါးသီလနဲ့ ပြည့်စုံကြပါတယ်။ ဥပုသ်စောင့်ကြပါတယ်။

ဘုရားအလောင်းတော်က အဲဒီအမျိုးမှာ ဖြစ်ပါတယ်။ နာမည်က ဓမ္မပါလပဲဖြစ်ပါတယ်။ အရွယ်ရောက်လို့ တက္ကသိုလ်မှာ ပညာသင်ပါတယ်။ အကျင့်စာရိတ္တကလဲကောင်း၊ ပညာက

လဲတော်လို့ ကျောင်းသားငါးရာရဲ့ ခေါင်းဆောင်ဖြစ်ပါတော့တယ်။

တစ်နေ့တော့ ဆရာကြီးရဲ့ သားအကြီးဆုံး ကွယ်လွန်သွားရှာပါတယ်။ ဆရာကြီး မိသားစုနဲ့ ဆွေမျိုးတွေ တပည့်တွေက ငိုကြပါတယ်။ ဘုရားအလောင်းတော် ဓမ္မပါလလုလင်ကတော့ မငိုပါ။

သုဿာန်မှာ သင်္ဂြိုဟ်ပြီး ပြန်လာတဲ့အခါ တပည့်ကျောင်းသားတွေက ဆရာကြီးအထံ သွားကြပါတယ်။ ကိုယ်ကျင့်တရားနဲ့ပြည့်စုံတဲ့ နုပျိုတဲ့သားဟာ ငယ်ငယ်ရွယ်ရွယ်မှာ မိဘတွေနဲ့ သေကွဲကွဲရတယ်လို့ ပြောပြကြပါတယ်။

| | |
|---|---|
| **ဓမ္မပါလ** | သင်တို့က ငယ်ငယ်ရွယ်ရွယ်လို့ ပြောကြပါတယ်။ ဘာကြောင့် ပျိုမြစ်နုနယ် ငယ်ရွယ်တဲ့အချိန်မှာ သေရပါသလဲ။ မသေသင့်သေးဘူးမို့လား။ |
| **ကျောင်းသားများ** | ဓမ္မပါလ! ဖြစ်လာတဲ့သတ္တဝါတွေ သေရတာ မသိဘူးလား။ |
| **ဓမ္မပါလ** | သိပါတယ်။ဒါပေမဲ့ ငယ်ရွယ်စဉ်မှာ မသေပါ။ ကြီးမှ သေတာပါ။ |

**ကျောင်းသားများ** သင်္ခါရတွေအားလုံး မမြဲပါ။ဖြစ်ပြီးရင်ပျက်စီးရတာ မဟုတ်ပါလား။

**ဓမ္မပါလ** မှန်ပါတယ်။ မမြဲပါဘူး။ ဒါပေမဲ့ ငယ်တဲ့သူတွေမသေကြပါ။ ကြီးတဲ့သူတွေသာသေကြပါတယ်။

**ကျောင်းသားများ** ဓမ္မပါလ! သင်တို့အိမ်မှာ မသေကြဘူးလား။

**ဓမ္မပါလ** ငယ်ရွယ်စဉ်မှာ မသေပါ။ ကြီးမှ သေကြတာပါ။

**ကျောင်းသားများ** ဒါ သင်တို့အမျိုးရဲ့ ထုံးစံလား။

**ဓမ္မပါလ** ဟုတ်ပါတယ်။ တို့အမျိုးရဲ့ ထုံးစံပါလို့ ပြောပါတယ်။

ကျောင်းသားများက ဆရာကြီးအား အကျိုးအကြောင်း ပြောပြကြပါတယ်။

ဆရာကြီးက ဓမ္မပါလကိုခေါ်ပြီး ချစ်သားဓမ္မပါလ ! သင်တို့ရဲ့အမျိုးမှာ ငယ်တဲ့သူတွေ မသေဘူးဆိုတာ ဟုတ်ပါသလားလို့ မေးပါတယ်။ မှန်ပါတယ်လို့ ကြားရတဲ့အခါ ဆရာကြီးက အခုလို အကြံဖြစ်ပါတယ်။

ဒီကိစ္စ အလွန် အံ့သြဖွယ်ကောင်းတာပဲ။ဓမ္မပါလရဲ့ အဖေကို ငါ သွားမေးမယ်။ မှန်ရင် ဒီတရားကို ငါလဲ ဖြည့်ကျင့်မယ်လို့ ကြံစည်ပါတယ်။

## ကောင်းသောလာခြင်း ဖြစ်ပါတယ်

ဆရာကြီးက ဓမ္မပါလကို တပည့်တွေအား သင်ကြားရေး အုပ်ချုပ်ရေးတို့ကို လွှဲအပ်ပြီး ဆိတ်ရိုးတွေယူ၊ အိတ်ထဲထည့်၊ နောက်ပါတစ်ယောက်ခေါ်ပြီး ဓမ္မပါလရွာသို့ သွားပါတယ်။

ဓမ္မပါလအိမ်ပေါက် ရောက်တဲ့အခါမြင်တဲ့ အလုပ်သမား တွေနဲ့ ဓမ္မပါလရဲ့အဖေက ခရီးဦးကြိုဆိုကြပါတယ်။ ထီး,ဖိနပ် အိတ်တွေယူပြီး နေရာထိုင်ခင်းပေးကြပါတယ်။ ခြေဆေးပေးကြ သောက်ရေပေးကြပါတယ်။ ညဦးပိုင်း ထမင်းစားပြီး နားနေ ထိုင်နေတဲ့အခါ ဆရာကြီးက

ပုဏ္ဏား ! သင့်ရဲ့သား ဓမ္မပါလဟာ ပညာတော်ပါတယ်။ ဗေဒင်သုံးပုံ တဆယ့်ရှစ်ရပ်သော အတတ်ပညာတွေကို တတ် မြောက်ပါတယ်။ ကိုယ်ကျင့်တရားကောင်းပါတယ်။ ဒါပေမဲ့ ဆုံးသွားရှာပါပြီ။ သင်္ခါရအားလုံး မမြဲကြပါ။ စိုးရိမ်ပူဆွေး မငိုကြွေးပါနဲ့လို့ ပြောပြပါတယ်။

အဲဒီလို ပြောလိုက်တော့ ပုဏ္ဏားက လက်ခုတ်လက်ဝါးတီး ကာ တအား ရယ်ပါတော့တယ်။

ပုဏ္ဏား ! ဘာကြောင့် ရယ်တာလဲလို့ မေးတဲ့အခါ အကျွန်ုပ် ရဲ့သား မသေပါ။ အခြားသူတစ်ယောက် သေတာ ဖြစ်မှာပါလို့ ပြောပြပါတယ်။

ပုဏ္ဏား ! သင့်သား သေတာပါ။ ဒီမှာ အရိုးတွေပါလို့ပြော ပြပါတယ်။

ပုဏ္ဏားက ဒီအရိုးတွေက ဆိတ်ရိုး ခွေးရိုးတွေ ဖြစ်မှာပါ။ အကျွန်ုပ်ရဲ့သားတော့ မသေပါ။ အကျွန်ုပ်တို့ရဲ့အမျိုးမှာ ဆွေးမျိုး ခုနစ်ဆက်တိုင်အောင် ငယ်ငယ်ရွယ်ရွယ်နဲ့ မသေပါ။ သင်လိမ် တာပါလို့ ပြောပြပါတယ်။

ပုဏ္ဏားက အခုလို ပြောပြပြီးတဲ့အခါ တစ်အိမ်သားလုံး လက်ခုတ်တီးကာ တအား ရယ်ကြပါတော့တယ်။ ဆရာကြီးက အဲဒီအံ့ဩဖွယ်ကိုတွေ့ရတော့ အရမ်း ဝမ်းသာသွားပါတယ်။

ပုဏ္ဏား ! သင်တို့ရဲ့အမျိုးမှာ ငယ်ရွယ်သူတွေ မသေကြတာ အကြောင်းမဲ့တော့ မဟုတ်ပါဘူး။ အကြောင်းရှိမှာပါ။ အဲဒီ အကြောင်း ပြောပြပါလို့ မေးပါတော့တယ်။

ကဲ- ဦးဇင်းတို့ တရားနာပရိသတ်တွေ အသက်မရှည် ချင်ကြဘူးလား?

"အသက်ရှည်ချင်ပါတယ်ဘုရား"။

ဓမ္မပါလအမျိုးရဲ့ အသက်ရှည်ခြင်းရဲ့အကြောင်းတွေကို ပြောပြပါမယ်။

၁။ တရားကို ကျင့်သုံးကြပါတယ်။

၂။ မမှန်သောစကားကို မပြောကြပါ။

၃။ မကောင်းသောအမှုတို့ကို ရှောင်ကြဉ်ကြပါတယ်။

၄။ သူယုတ်မာတို့ရဲ့ အမူအကျင့်တွေကို ရှောင်ကြဉ်ကြပါတယ်။

၅။ မသူတော်တို့ရဲ့တရားကို မကျင့်သုံးကြပါ။

၆။ သူတော်ကောင်းတို့ရဲ့တရားကို ကျင့်သုံးကြပါတယ်။

၇။ မလှူခင်မှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပါတယ်။

၈။ လှူနေစဉ်လဲ စိတ်ကြည်လင် ရွှင်ပြကြပါတယ်။

၉။ လှူပြီးတဲ့အခါမှာလဲ ဝမ်းသာကြပါတယ်။

၁၀။ ရဟန်းပုဏ္ဏားစသူတို့အား စားသောက်ဖွယ်ရာ လှူဒါန်းကြပါတယ်။

၁၁။ သူများ သားမယားကို မစော်ကားကြပါ။

၁၂။ သူများအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ကြပါတယ်။

၁၃။ သူတစ်ပါးရဲ့ မပေးတဲ့ပစ္စည်းဥစ္စာကို မခိုးယူကြပါ။

၁၄။ သေရည်အရက် မသောက်ကြပါ။

၁၅။ အသိပညာ ဗဟုသုတ ရှိကြပါတယ်။

၁၆။ မိသားစုအားလုံး တမလွန်လောကအတွက် တရား ကျင့်ကြပါတယ်။

၁၇။ အလုပ်သမားတွေအားလုံး တမလွန်လောကအတွက် တရားကျင့်ကြပါတယ်။

ဒီစကားတွေ ကြားရတော့ ဆရာကြီးက ''ငါ့ရဲ့လာခြင်းဟာ ကောင်းသော လာခြင်းဖြစ်ပါတယ်။ အကျိုးရှိသော လာခြင်း ဖြစ်ပါတယ်။ အကျိုးမဲ့ မဖြစ်ပါ''လို့ ဝမ်းမြောက် ဝမ်းသာ ပြောဆိုပါတော့တယ်။ ဓမ္မပါလရဲ့အဖေကို ကောင်းပန်ပါတယ်။

အကျွန်ုပ် လာရတာက စုံစမ်းဖို့ ဒီ ဆိတ်ရိုးတွေကိုပါ ယူခဲ့တာပါ။ သင့်သား ဓမ္မပါလ ကျန်းမာပါတယ်။ သင်တို့ ကျင့်သုံးတဲ့တရားကို အကျွန်ုပ်အားပေးပါလို့ ပြောပြီး စာရေး မှတ်သွားပါတော့တယ်။

ဒီဇာတ်တော်မှာ အဓိကက ငါးပါးသီလပါ။ ငါးပါးသီလ လုံခြုံရင် အသက်လဲရှည်ပါတယ်။ ကောင်းကျိုး အမျိုးမျိုးတွေလဲ ရပါတယ်။ ကောင်းတဲ့ ဘဝသို့လဲ ရောက်ရပါတယ်။ နိဗ္ဗာန် ချမ်းသာအထိ ရရှိမှာ ကြီးပွားမှာ ဖြစ်ပါတယ်။

ဒါကြောင့်ဓမ္မပါလအမျိုးရဲ့ အသက်ရှည်ခြင်းရဲ့ အကြောင်း တွေကို ကျင့်သုံးကြပါလို့ တိုက်တွန်းပါရစေ။

## နေ့ဝက် ဥပုသ်စောင့်ရခြင်းရဲ့အကျိုး

ကောသမ္ဗီပြည်မှာ ဃောသကသူဌေးရယ် ကုက္ကုဋသူဌေး ရယ် ပါဝါရိကသူဌေးရယ် သူဌေးသုံးဦးရှိကြပါတယ်။

ဟိမဝန္တာတောင်မှာ နေကြတဲ့ ရသေ့ငါးရာတို့ဟာ မိုးရာသီ

ရောက်ခါနီးမှာ ကောသမ္ဗီပြည်သို့ ပြန်လာကြပါတယ်။ ရသေ့ငါးရာ ကောသမ္ဗီပြည်မြို့တွင်းမှာ ဆွမ်းခံလှည့်လည်နေတာ မြင်ရတော့ ကြည်ညိုကြပါတယ်။ ဆွမ်းကပ်ကြပါတယ်။ နောက်နှစ်မိုးရာသီရောက်ရင်လဲ ကြွခဲ့ကြပါဘုရားလို့ လျှောက်ထားလိုက်ကြပါတယ်။

ရသေ့ငါးရာတို့ဟာ အဲဒီအချိန်အခါမှစပြီး ရှစ်လ ဟိမဝန္တာတောင်မှာနေ။ မိုးရာသီလေးလ သူဌေးသုံးဦးတို့ရဲ့ အထံမှာနေကြပါတယ်။

တစ်နေ့သောအခါမှာ ရသေ့တွေ ဟိမဝန္တာကအလာ တောအုပ်တစ်ခုမှာ ညောင်ပင်ကြီးတစ်ပင်အောက် ထိုင်နေကြပါတယ်။ အကြီးဆုံးရသေ့က အခုလို ကြံစည်ပါတယ်။

ဒီသစ်ပင်မှာနေတဲ့နတ်က သာမည‌နတ် ညံ့သောနတ် မဖြစ်နိုင်ပါ။ တန်ခိုးကြီးတဲ့နတ် ဖြစ်လိမ့်မယ်။ ဒီနတ်က ရသေ့အပေါင်းအား သောက်ရေပေးရင် ကောင်းမှာလို့ ကြံစည်ပါတယ်။

နတ်က သောက်ရေပေးပါတယ်။ ရသေ့ကြီးက ချိုးရေပေးရင်ကောင်းမှာပဲလို့ ကြံစည်ပါတယ်။ နတ်က ရသေ့တွေအတွက် ချိုးရေကိုလဲ ပေးပါတယ်။ရသေ့ကြီးက စားစရာ ပေးရင်ကောင်းမှာလို့ ကြံစည်ပြန်ပါတယ်။ နတ်က ရသေ့တို့အား စား

စရာလဲ ပေးပါတယ်။

ရသေ့ကြီးအား အခုလို အကြံဖြစ်ပြန်ပါတယ်။ဒီနတ် မင်းက ငါ ကြံစည်တိုင်း ကြံစည်တိုင်း ပေးတယ်။ နတ်ကို မြင်ရရင် ကောင်းမှာလို့ ကြံစည်လိုက်ပါတယ်။

အဲဒီအခါမှာ ရက္ခစိုးနတ်က သစ်ပင်ကြားကနေ ကိုယ်ထင်ပြပါတယ်။ နတ်ကို ကိုယ်တိုင်တွေ့မြင်ကြရတဲ့အခါ ရသေ့တွေက "အရှင်နတ်မင်း ! သင်ရဲ့ စည်းစိမ်က ကြီးကျယ်လှပါတယ်။ ဘယ်လိုကုသိုလ်ကောင်းမှုကို ပြုခဲ့လို့ ဒီလောက် ဆန်းကြယ်တဲ့စည်းစိမ်တွေကို ရ,ရပါသလဲလို့ မေးကြပါတော့တယ်။

ရှင်ရသေ့တို့ မမေးကြပါနဲ့။ ရှင်ရသေ့တို့ မမေးကြပါနဲ့လို့ တားပါတယ်။ အရှင်နတ်မင်း ပြောသာပြောပါ။ အရှင်နတ်မင်း ပြောသာပြောပါ-လို့ ရသေ့များက တောင်းပန်ကြပါတယ်။

နတ်က သူပြုခဲ့တဲ့ ကုသိုလ်ကံက မပြောလောက်ပ အနည်းငယ်မျှသာ ဖြစ်တဲ့အတွက်ကြောင့်ပါ။ ရှက်လို့ မပြောချင်တာပါ။ ရသေ့တွေက ပြောပြဖို့ မရမက တောင်းပန်ကြပါတယ်။ ဘယ်လိုမှ မပြောလို့ မရတဲ့အခါ ဒီလိုဆိုရင်လဲ နားထောင်ကြပါလို့ အစချီကာ အခုလို ပြောပြပါတော့တယ်။

အကျွန်ုပ်ဟာ အရင်ဘဝက ဆင်းရဲသားဖြစ်ခဲ့ပါတယ်။ အခ

စားလုပ်ကာ အသက်မွေးရပါတယ်။ အနာထပိဏ်သူဌေး ဆီမှာ အလုပ်လုပ်ပြီး အသက်မွေးရပါတယ်။ ဥပုသ်နေ့တစ်နေ့မှာ အနာထပိဏ်သူဌေးက ဇေတဝန်ကျောင်းတော်မှ ပြန်လာတဲ့အခါ အခုလို မေးပါတယ်။ မနေ့က အလုပ်သမားအား ဒီနေ့ ဥပုသ်နေ့ ဖြစ်ကြောင်း ပြောကြရဲ့လား? လို့ မေးပါတယ်။ မပြောရသေးပါ သူဌေး။

ဒီလိုဆိုရင် သူ့အတွက် ညနေစာချက်ကြလို့ ခိုင်းပါတယ်။ ထမင်းတစ်ယောက်စာ ချက်ထားကြပါတယ်။ အလုပ်သမားက တစ်နေ့လုံး တောမှာ အလုပ်လုပ်နေပါတယ်။ ညနေမှာ ပြန်လာတဲ့အခါ ထမင်းခူးတာတွေ့ရတော့ ဆာဆာနဲ့ မစားသေးပဲ အခုလို ကြံစည်မိပါတယ်။

အခြားအခြားနေ့တွေကဆိုရင် ဒီအိမ်မှာ ထမင်းပေးကြပါ။ ဟင်းလိုက်ကြပါလို့ ထမင်းတောင်းတဲ့သူနဲ့ ဟင်းတောင်းတဲ့လူနဲ့ အသံတွေ ကြားနေရတယ်။ ဒီနေ့တော့ ဘာသံမှ မကြားရဘူး။ အိပ်များ နေကြသလား။ ငါ့တစ်ယောက်စာသာ ချက်တာနဲ့တူတယ်၊ ဘာကြောင့်လဲမသိ-လို့ ကြံစည် နေမိပါတယ်။

သူက တစ်ယောက်ကို မေးလိုက်ပါတယ်။ ကျန်တဲ့လူတွေက စားပြီးပြီလား၊ မစားရသေးဘူးလား၊ မေးပါတယ်။ ကိုယ့်လူ ကျန်တဲ့လူတွေက ဒီနေ့ မစားကြပါ။

ဘာဖြစ်လို့ မစားကြတာလဲလို့ ဆက်ပြီး မေးပါတယ်။ ဒီသူဌေးအိမ်မှာ ဥပုသ်နေ့တွေမှာ ညနေစာ မစားကြပါ။ အားလုံး ဥပုသ်စောင့်ကြပါတယ်။ ယုတ်စွအဆုံး နို့စို့ကလေး ငယ်တွေကိုတောင် နို့မတိုက်တော့ပါ။ ပါးစပ်ဆေးပေးပြီး စတုမဓုပဲ ခွံ့ပါတယ်။ သူဌေးက ကလေးတွေကိုတောင် ဥပုသ်သည် လုပ်ပေးပါတယ်လို့ ပြောပြပါတယ်။

သူတော်စင်တို့တွေ ဒီနေရာမှာ အနာထပိဏ်သူဌေးရဲ့ လုပ်ပုံကိုင်ပုံလေးကို အတုယူသင့်ပါတယ်။ အနာထပိဏ် သူဌေးက သူကိုယ်တိုင်လဲ ကိုယ်ကျင့်သီလနဲ့ ပြည့်စုံပါတယ်။ သူရဲ့ အိမ်သားတွေ တပည့်ပရိသတ်တွေကိုလဲ ကိုယ်ကျင့်သီလနဲ့ ပြည့်စုံအောင် စည်းရုံးနိုင်ပါတယ်။

အနာထပိဏ်သူဌေးက ကိုယ်တိုင်လဲ စိတ်ကောင်းရှိတယ်။ အကျင့်စာရိတ္တကောင်းပါတယ်။သူ့ပရိသတ်ကိုလည်း စိတ်ကောင်းရှိအောင် အကျင့်စာရိတ္တကောင်းအောင် ဆွဲဆောင်နိုင်ပါတယ်။ ဆုံးမနိုင်ပါတယ်။

## မိသားစုလေးမျိုး

ဆိုကြပါစို့။ တစ်ချို့မိသားစုတွေမှာ မိဘက စိတ်ကောင်းရှိပါတယ်။ ကိုယ်ကျင့်တရား ကောင်းပါတယ်။ ဘာသာရေး

သမားပါ။ ဘုရားနဲ့ တရားနဲ့ သံဃာနဲ့ နေတဲ့သူပါ။ စီးပွားရေးမှာလဲ အဆင်ပြေ၊ လူမှုရေးမှာလဲ အဆင်ပြေပါတယ်။

ဒါပေမဲ့ သားက သမီးက၊ သားတွေက သမီးတွေက သောက်လိုက် စားလိုက် ပျော်လိုက်ပါးလိုက် တေလိုက် လေလိုက်ပါ။ အိမ်က အလုပ်ကိုလဲ ကောင်းကောင်း မလုပ်ပါ။ စိတ်မဝင်စားပါ။ အပေါင်းအသင်းတွေနဲ့သာ အချိန် ဖြုန်းနေပါတယ်။ အိမ်ပြန်လာတဲ့အခါမှာလဲ ညဥ့်နက်မှ အချိန်မတော်မှ ပြန်လာပါတော့တယ်။ ပြန်လာတော့လဲ ယိုင်တိ ယိုင်တိုင်နဲ့ပါ။

အဲဒီလို သားမျိုးကျတော့ ''သားရတနာ''မဖြစ်ဘဲ သား၊ ရတာ နာရပါတော့တယ်။ ဒီမိသားစုကတော့ မိဘကသာ ကိုယ်ကျင့်သီလနဲ့ ပြည့်စုံပြီး သားသမီးက ကိုယ်ကျင့်သီလမရှိတဲ့ မိသားစု ဖြစ်ရပါတော့တယ်။

တစ်ချို့မိသားစုမှာတော့ အခုလို တွေ့ဘူးပါတယ်။ မိဘက အဖေလုပ်တဲ့လူက ဆိုးပါတယ်။ သောက်ပါတယ်။ သူက ငယ်ငယ်နဲ့ အိမ်ထောင်ကျခဲ့တာပါ။ ပညာရေး ဆုံးခန်းတိုင် မသင်ခဲ့ရပါ။ ၁၀-တန်း မအောင်ပါ။

ဒါပေမဲ့ သားတွေ သမီးတွေက ဘွဲ့ရတွေပါ။ ပညာတတ်တွေပါ။ လိမ္မာလဲလိမ္မာကြပါတယ်။ မိဘကျေးဇူးကိုလဲ သိတတ်

ကြပါတယ်။ မိဘကို လုပ်ကျွေးပြုစုကြပါတယ်။ အဲဒီဒကာက ဦးဇင်းကို လျှောက်ပါတယ်။

ဘုန်းဘုန်း! တပည့်တော်က သောက်တာ, သောက်တာပါ။ ဆိုးတာ, ဆိုးတာပါ။ ဒါပေမဲ့ တပည့်တော်ရဲ့ သားသမီးတွေက အရမ်းလိမ္မာကြပါတယ်လို့ လျှောက်ပါတယ်။ သူ့နောက်က ပါလာတဲ့သူကလဲ ဟုတ်တယ် ဘုန်းဘုန်း။ သူ့သား သမီးတွေက အရမ်းကို လိမ္မာကြတာ။ အရမ်းကို သိတတ်ကြတာလို့ လျှောက် ထားပါတယ်။ ထောက်ခံပါတယ်။

ဒါကြောင့်မို့ ဒါယိကာမကြီးတစ်ဦးက အခုလို လျှောက်ဖူး ပါတယ်။

"ဘုန်းကြီးတွေက မိဘတွေ ကောင်းကြောင်းချည်းပဲ ဟော ကြတာပါ။ မိဘတွေ မကောင်းတာ မလိမ္မာတာတော့ မဟော ကြပါဘူး။ မိဘတွေက ဆိုးပြီးတော့ သားသမီးတွေက လိမ္မာ တာလဲ ရှိတာပါပဲ"လို့ လူငယ်တွေက သားသမီးတွေက ပြောကြ ပါသတဲ့။

အဲဒီဒကာမကြီးရဲ့မိသားစုက ဒကာကြီးကို သူတို့အဖေကို တအားချစ်ကြတာပါ။ တအား အလိုက်သိကြတာပါ။ အဖေကို မလိုရအောင် ပြုစုကြတာပါ။

ဒါပေမဲ့ ဒကာကြီးက သူတို့အဖေက အိမ်မှာ မိုလ်ပါ။

မိန်းမက ကောင်းတာတွေကို ဘယ်လောက်ပဲ လုပ်ပေးနေ လုပ်ပေးနေ၊ သားသမီးတွေကလဲ ကောင်းတာတွေကို ဘယ်လောက်ပဲ လုပ်ပေးနေ,လုပ်ပေးနေ အကောင်းကို မထင်ပါ။ အကောင်းကို မမြင်ပါ။ ဆူပဲ ဆူနေတာပါ။ ပူပဲ ပူနေတာပါ။

သားသမီးတွေက ကွမ်းလဲမစား၊ ဆေးလိပ်လဲ မသောက်၊ အရက်,ဘီယာဆိုတာ ဝေလာဝေးပါ။ ကိုယ့် အလုပ်ကိုသာ ကြိုးစားလုပ်နေကြတဲ့သူတွေပါ။ ဒါကြောင့် ဒို့က ကောင်းရဲ့သားနဲ့ အဖေက ဆိုးနေတာလို့ မြင်ကြတာပါ။

အထက်ပါ ပြောပြခဲ့တဲ့ မိသားစုကတော့ မိဘက ကိုယ်ကျင့်သီလမပြည့်စုံပဲ သားသမီးများက ကိုယ်ကျင့်သီလနဲ့ ပြည့်စုံကြတဲ့ မိသားစုဖြစ်ရပါတော့တယ်။

မိဘကလဲ မလိမ္မာ၊ သားသမီးတွေကလဲ မလိမ္မာတဲ့ မိသားစုလဲ ရှိပါတယ်။ တစ်နေကုန် တစ်ညလုံးဆိုပါတော့၊ ဆူလို့ညံလို့ ဆဲသံ ဆူသံတွေ၊ ရန်ဖြစ်သံတွေပါ။ အိမ်နီးနားချင်းတွေတောင် နားပူရပါတယ်။ မျက်နှာပူရပါတယ်။ အိပ်ကောင်းတိုင်း မအိပ်ရပါ။ အဲသလို မိသားစုကတော့ မိဘကလဲ ကိုယ်ကျင့်သီလမရှိ၊ သားသမီးကလဲ ကိုယ်ကျင့် သီလမရှိတဲ့ ဘက်စုံညံ့တဲ့ မိသားစု ဖြစ်ရပါတော့တယ်။

မိဘတွေကလဲ လိမ္မာ၊ သားသမီးတွေကလဲ လိမ္မာ၊

မိဘတွေကလဲ တော်၊ သားသမီးတွေကလဲတော်တဲ့ ဘက်စုံတော်ကြတဲ့ ဘက်စုံထူးချွန်ကြတဲ့ မိသားစုကတော့ အကောင်းဆုံးမိသားစုပါ။ မိဘကလဲ ကိုယ်ကျင့်သီလနဲ့ ပြည့်စုံ၊ သားသမီးလဲ ကိုယ်ကျင့်သီလနဲ့ ပြည့်စုံ၊ စီးပွားရေးကလဲ ပြည့်စုံနေပြီ ချမ်းသာနေပြီဆိုရင် သိရိဂေဟာပေါ့။ ဘာတဲ့လဲ?

"သိရိဂေဟာပါဘုရား"။

မြန်မာတွေကတော့ သိရိ-တဲ့။ ပါဠိအမှန်က သိရီ-ပါ။ သိရီ-ဆိုတာ ကျက်သရေတဲ့။သိရီဂေဟာဆိုတော့ ကျက်သရေရှိတဲ့အိမ်ပေါ့။ ကျက်သရေမင်္ဂလာနဲ့ ပြည့်စုံတဲ့ အိမ်ပေါ့။

ကဲ- အနာထပိဏ်သူဌေးက နို့စို့ကလေးငယ်တွေကိုတောင် ဥပုသ်သည်တွေ လုပ်ပေးတဲ့အကြောင်း ပြောပြနေတာပါ။ စပ်မိစပ်ရာ ဘေးရောက်သွားပါတယ်။ အခု ပြန်ကောက်ရအောင်ပါ။

## ကာယဂတာသတိကမ္မဋ္ဌာန်း

အနာထပိဏ်သူဌေးအိမ် ညဦးယံ အမွှေးတိုင်တွေထွန်း၊ ဆီမီးတွေထွန်းတဲ့အချိန်မှာ ကလေးတွေ အငယ်တွေရော အကြီးတွေရောပါ ဒွတ္တိံသာကာရကမ္မဋ္ဌာန်း ရွတ်ဆိုကြပါတယ်။

ဒွတ္တိံသာကာရကမ္မဋ္ဌာန်းဆိုတာ ပါဠိလို-

**အတ္ထိ ဣမသ္မိံ ကာယေ--**

ကေသာ လောမာ နခါ ဒန္တာ တစော၊
မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္စံ ဝက္ကံ၊
ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖာသံ၊
အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ မတ္ထလုင်္ဂ၊
ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ၊
အဿု ဝသာ ခေဠော သိင်္ဃာဏိကာ လသိကာ မုတ္တံ။
မြန်မာလိုဆိုရင်
ဤ ငါရဲ့ကိုယ်မှာ-
ဆံပင် မွေးညှင်း ခြေသည်း လက်သည်း သွား အရေ၊
အသား အကြော အရိုး ရိုးတွင်းခြင်ဆီ အညို့။
နှလုံး အသည်း အမြှေး အဖျဉ်း အဆုပ်။
အူမ အူသိမ် အစာသစ် အစာဟောင်း ဦးနှောက်။
သည်းခြေ သလိပ် ပြည် သွေး ချွေး အဆီခဲ။
မျက်ရည် ဆီကြည် တံတွေး နှပ် အစေး ကျင်ငယ်သာ ရှိတယ်လို့ ရွတ်ဆို ပွားများရပါမယ်။

ဒီ ဒွတ္တိံသာကာရကမ္မဋ္ဌာန်းကို သုံးဆယ်နှစ်ကောဋ္ဌာသ ကမ္မဋ္ဌာန်းလို့လဲ ခေါ်ပါတယ်။ ကမ္မဋ္ဌာန်းလေးဆယ်ထဲမှာတော့ ကာယဂတာသတိကမ္မဋ္ဌာန်း ဖြစ်ပါတယ်။ ဘာ ကမ္မဋ္ဌာန်းတဲ့လဲ?

"ကာယဂတာသတိ ကမ္မဋ္ဌာန်းပါဘုရား"။

ဒါကြောင့်မို့ ဦးဇင်းတို့ သူတော်စင်တို့တတွေ မိမိတို့ရဲ့ ခန္ဓာကိုယ်မှာရှိတဲ့ ဆံပင် မွေးညှင်းစတဲ့ သုံးဆယ့်နှစ်မျိုးကို ကာယဂတာသတိကမ္မဋ္ဌာန်းကို ရွတ်ဆို ပွားများရပါမယ်။ သတိကပ် ရှုမှတ်ရပါမယ်။ အနာထပိဏ်သူဌေးအိမ်မှာတော့ ကလေးတွေတောင် ရွတ်ဆိုပွားများကြတာပါ။

## စိတ်ရဲ့အလှကိုလဲ ပြင်ပေးပါ

ဦးဇင်းတို့ သူတော်စင်တို့ရဲ့ ခန္ဓာကိုယ်မှာ ဆံပင်ရယ် မွေးညှင်းရယ်ကစပြီး နောက်ဆုံး ကျင်ငယ်အထိ သုံးဆယ့်နှစ်မျိုး ရှိပါတယ်။

အဲဒီ သုံးဆယ့်နှစ်မျိုးကို ဆံပင်ကတစ်ပုံ မွေးညှင်းက တစ်ပုံ စသဖြင့်ပေါ့၊ ကျင်ငယ်ကတစ်ပုံ၊ အဲသလို တစ်ပုံစီ တစ်ပုံစီသာ စုပုံထားလိုက်မယ်ဆိုရင် ဘယ်လောက် ရွံစရာ စက်ဆုပ်စရာ မသတီစရာ ကောင်းလိုက်မလဲဆိုတာ စဉ်းစားသာကြည့်ပါတော့။

အော်- ငါ့ရဲ့ခန္ဓာကိုယ်မှာ ခေါင်းပေါ်မှာရှိတဲ့ ဆံပင်ကနေ အောက်ဆုံး ခြေဖဝါး ခြေဖျားအထိ၊ အောက်ဆုံး ခြေဖဝါး ခြေဖျားကနေ ခေါင်းပေါ်က ဆံပင်အထိ တစ်ကိုယ်လုံးကို ကြည့် လိုက်မယ်ဆိုရင် ရွံစရာများသာ စက်ဆုပ်စရာများသာ မသတီစရာ များသာ ဖြစ်ပါလား၊ ရွံစရာတွေ စက်ဆုပ်စရာတွေ မသတီစရာ

တွေသာ ပြည့်နေပါလားလို့ အသုဘအသွင် မတင့်တယ် ရွံစဖွယ် အသွင်မြင်နေအောင် ရှုမှတ်နိုင်ရင် ကောင်းပါတယ်။ ဒါမှ တရား အသိရှိမှာ တရားအမြင်ရှိမှာ တရားပေါက်မှာ ဖြစ်ပါတယ်။

အဲသလိုမဟုတ်ပဲနဲ့ မိမိရဲ့ခန္ဓာကိုယ်ကို လှအောင် ပအောင် တပြင်ထဲပြင်နေမယ်။ ဆိုပါစို့၊ မိမိရဲ့ ဆံပင်ကို ကောက်လိုက်၊ ကွေးလိုက်၊ ဖြောင့်လိုက်နဲ့ ပြင်နေမယ်။ ခြေသည်းလက်သည်း တွေကို အနီ,အပြာ,အစိမ်း,မရမ်းစတဲ့အရောင်မျိုးစုံတွေနဲ့ ပြင်ဆင် ချယ်သနေမယ်ဆိုရင် မိမိရဲ့ ခန္ဓာကိုယ်ကို အသုဘအသွင် ရွံစရာ အသွင် စက်ဆုပ်စရာအသွင် မြင်ပါတော့မလား?

''မမြင်တော့ပါဘုရား''။

လှတယ်၊ အရမ်းလှတယ်လို့ပဲ မြင်နေတော့မှာဖြစ်ပါတယ်။ လောဘတွေသာ ဖြစ်နေပြီးတော့ တရားနဲ့ အလှမ်းဝေးသွားမှာ ဖြစ်ပါတယ်။

ကဲ- မိန်းမသားတွေ မိန်းကလေးတွေဆိုပါတော့၊ ခန္ဓာ ကိုယ်ရဲ့အလှ ပြင်တော့ ပြင်ပေါ့လေ။ အခု ပြောပြခဲ့တဲ့ သုံးဆယ့် နှစ်ကောဋ္ဌာသကမ္မဋ္ဌာန်း ကာယဂတာသတိကမ္မဋ္ဌာန်းကိုလဲ နေ့စဉ် အမြဲ ရွတ်ဆိုပွားများပေးပါ။ စိတ်ရဲ့ အလှကိုလဲ ပြင်ပေးပါလို့ တိုက်တွန်းပါရစေ။

## တန်ခိုးရှင်နတ် ဖြစ်ရပါတယ်

ကဲ- ဥပုသ်နေ့ဖြစ်တဲ့အကြောင်း ပြောပြတာ ဆက်ကြပါအုံးစို့--။ မောင့်ရင်အား ဒီနေ့ ဥပုသ်နေ့ဖြစ်ကြောင်း ပြောဖို့ မေ့သွားတာပါ။ ဒါကြောင့် မောင်ရင်အတွက်သာ ထမင်းချက်ထားတာပါ။ ကဲ- ထမင်းစားပါ-လို့ ပြောပါတယ်။

အဲဒီ အလုပ်သမားက သူ ဥပုသ်စောင့်မယ်ဆိုရင် ရပါသေးလား။ အကျွန်ုပ်လဲ ဥပုသ်စောင့်ချင်ပါတယ်လို့ ပြောပြပါတယ်။ ဥပုသ်စောင့်လို့ ရ,မရ သူဌေးသိပါလိမ့်မယ်လို့ ပြောတဲ့အခါ ဒီလိုဆို သူဌေးကို မေးပေးပါလို့ တောင်းဆိုပါတယ်။ အနာထပိဏ်သူဌေးကို သွားမေးကြပါတယ်။

အနာထပိဏ်သူဌေးက အခုလို ပြောပြပါတယ်။

အခု ထမင်းမစားတော့ပဲ ပါးစပ်ကို ဆေးကြောပါ။ ရှစ်ပါးသီလ ဆောက်တည်ပါ၏-လို့ အဓိဋ္ဌာန်လိုက်ပါ။ နေ့ဝက် ဥပုသ်ရပါလိမ့်မယ်-လို့ ပြောပြပါတယ်။

အလုပ်သမားက ထမင်းမစားတော့ပဲ အနာထပိဏ်သူဌေး ပြောပြတဲ့အတိုင်း ရှစ်ပါးသီလ ဆောက်တည်ပါ၏-လို့ အဓိဋ္ဌာန်လိုက်ပါတယ်။ ဥပုသ်စောင့်ပါတော့တယ်။

အလုပ်သမားဟာ တစ်နေ့လုံး အလုပ်လုပ်ထားရ၊ ထမင်းကလဲ မစားရတာကြောင့် ညမှာ လေထိုးလေအောင့် ဖြစ်လာပါ

တော့တယ်။ ဗိုက် တအားနာပါတော့တယ်။

အလုပ် သမားဟာ ဗိုက်နာလွန်းလို့ ဗိုက်ကို ကြိုးနဲ့ချည်ပြီး ကြိုးအစွန်ကို ကိုင်ကာ လူးလိမ့်နေရပါတော့တယ်။ သူဌေးက ဒီအကြောင်း ကြားရပါတယ်။ ဆီမီးထွန်း၊ စတုမဓုကို ယူပြီး အလုပ်သမားအထံသို့ လာပါတယ်။ မောင်ရင် ဘယ်လိုနေလဲလို့ မေးပါတယ်။

အရှင် ! အကျွန်ုပ်အား လေတွေ တအားထိုးပါတယ်။ ဗိုက် တအားနာပါတယ်လို့ ပြောပြပါတယ်။သူဌေးက ဒီလိုဆိုရင် ထပါ။ ဒီဆေးလေး စားလိုက်ပါလို့ ပြောပါတယ်။ အရှင်တို့လဲ စားပါသလားလို့ ပြန်မေးပါတယ်။ တို့မှာ ဘာမှ မဖြစ်ပါဘူး၊ ကျန်းမာပါတယ်။ မင်းပဲ စားပါလို့ သူဌေးက ပြောပါတယ်။

အလုပ်သမားက အရှင် ! အကျွန်ုပ် ဥပုသ်စောင့်ရတဲ့ အခါ တစ်နေ့လုံး မစောင့်နိုင်ပါ။ နေ့ဝက်သာ စောင့်နိုင်ပါတယ်။ နေ့ဝက်သာ စောင့်ရတဲ့ ဥပုသ် မပျက်စေချင်ပါ၊ ဥပုသ်မကျိုး စေချင်ပါ-လို့ သူဌေးအား ပြောပြပါတယ်။ စတုမဓုကို မစားပါ။

အမောင်! ဒီလို မလုပ်ပါနဲ့၊ စားပါလို့ ပြောပေမဲ့ လက်မခံပါ၊ စတုမဓုကို မစားပါ။ မနက် အရုဏ်တက်ချိန်မှာ ကွယ်လွန်သွား ပါတော့တယ်။

ဦးဇင်းတို့ သူတော်စင်တို့ အနာထပိဏ်သူဌေးရဲ့ ဒီအလုပ်

သမားကို ကြည့်ပါ။ အသက်ကို စွန့်ပြီးတော့ ဥပုသ် စောင့်တာပါ။ စတုမဓုကို စားမယ်ဆိုရင် စားကောင်းပါတယ်။ အပြစ်မရှိပါဘူး။ ရဟန်း,သာမဏေတွေမှာ ဥပုသ်သည်တွေမှာ ရောဂါမရှိပဲနဲ့တော့ စတုမဓုကို မစားကောင်းပါဘူး။ ရောဂါ ရှိရင်တော့ စားကောင်းပါတယ်။ အပြစ် မရှိပါဘူး။ ဒါ မှတ်သားဖွယ်ပါ။ လိုက်နာဖွယ်ပါ။

အလုပ်သမားဟာ နေ့ဝက် ဥပုသ်စောင့်ခဲ့ရတဲ့ကုသိုလ်ကြောင့် သြောင်ပင်ကြီးမှာ ရုက္ခစိုးနတ် ဖြစ်ရပါတယ်။

သူ့ အရင်ဘဝက အလုပ်သမားဖြစ်ခဲ့စဉ်က ဘာမှ မပေးခဲ့ဘူးပါ။ မလှူခဲ့ဘူးပါ။ လှူဖို့,တန်းဖို့ နေနေသာသာ ကိုယ့်ဝမ်းဝဖို့ ကိုပင် မနဲရုန်းကန်ခဲ့ရတဲ့ ဘဝပါ။ ဆင်းရဲသား ဘဝပါ။ ဘာဝနာဆိုတာတော့ ဝေလာဝေးပါ။ ဘာမှ သိမည် မဟုတ်ပါ။

ဒါပေမဲ့ နေ့ဝက် ဥပုသ်စောင့်ခဲ့ရတဲ့ကုသိုလ်ကြောင့် တန်ခိုးကြီးတဲ့နတ်, ရသေ့တွေ တောင့်တတဲ့အတိုင်း ကြံစည်တဲ့အတိုင်း ဖြည့်ဆီးပေးနိုင်တဲ့ တန်ခိုးရှင်နတ် ဖြစ်ရပါတယ်။

ဒီဝတ္ထုဇာတ်လမ်းဟာ သီလဖြင့် တိုးပွားရပုံလေးပါ။ သီလကြောင့် ကြီးပွားရပုံလေးပါ။

## ဘုရားဆိုတဲ့အသံကို ကြားရဘို့ရာ

အဲဒီနတ်က အခုလို ပြောပြပါသေးတယ်။ အရှင်ရသေ့တို့ !အနာထပိဏ်သူဌေးဟာ မြတ်စွာဘုရားကို မြတ်နိုးပါတယ်၊ ကြည်ညိုပါတယ်။ တရားတော်ကို မြတ်နိုးပါတယ်၊ ကြည်ညိုပါတယ်။ သံဃာတော်ကို မြတ်နိုးပါတယ်၊ ကြည်ညိုပါတယ်။ အကျွန်ုပ်ဟာ အနာထပိဏ်သူဌေးကို အမှီပြုပြီးတော့ နေ့ဝက်ဥပုသ်စောင့်ရတဲ့အကျိုးဆက်ကြောင့် အခုလို ကြီးကျယ် ခမ်းနားဆန်းပြားတဲ့ စည်းစိမ်ကို ရရပါတယ်-လို့ ပြောပြပါတယ်။

ဒီရသေ့ငါးရာဟာ အိမ်ရာတည်ထောင်တဲ့ လူ့ဘောင်လူ့ဘဝ စွန့်ခွာပြီး ရသေ့ဘဝ ရယူလာကြတာ ဖြစ်ပါတယ်။ ဒုက္ခပင်လယ်ကြောမှာ မျောနေရတဲ့ လူ့ဘဝကိုစွန့်ခွာပြီး သုခကို ရှာဖွေဖို့ ရသေ့ပြုလာကြတာ ဖြစ်ပါတယ်။ ဒါပေမဲ့ ရသေ့တို့တတွေဟာ လောကမှာ မြတ်စွာဘုရား ပွင့်တော်မူနေမှန်း မသိကြသေးပါဘူး။

နတ်သားပြောပြတဲ့ “ဘုရား”ဆိုတဲ့ အသံကို ကြားရတဲ့အခါ ရသေ့ငါးရာတို့ဟာ ထိုင်နေတဲ့နေရာမှ ထကြပါတယ်။ နတ်ဆီရည်မှန်းကာ လက်အုပ်ချီလိုက်ပါတယ်။ ပါးစပ်ကလဲ

**ဗုဒ္ဓေါတိ ဝဒေသိ၊ ဗုဒ္ဓေါတိ ဝဒေသိ။**

အရှင်နတ်မင်း ! ဘုရားလို့ ပြောဆိုပါသလား၊ ဘုရားလို့

ပြောဆိုပါသလား-လို့ မေးကြပါတယ်။

**ဗုဒ္ဓေါတိ ဝဒါမိ၊ ဗုဒ္ဓေါတိ ဝဒါမိ။**

ရှင်ရသေ့တို့! ဘုရားလို့ အကျွန်ုပ် ပြောဆိုပါတယ်၊ ဘုရားလို့ အကျွန်ုပ် ပြောဆိုပါတယ်-လို့ သုံးကြိမ်သုံးခါ ပြောပြပါတယ်။

နတ်က အခုလို ပြောပြတဲ့အခါ ရသေ့ငါးရာဟာ အခုလို ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးကြပါတော့တယ်။

**ဃောသောပိ ခေါ ဧသော ဒုလ္လဘော လောကသ္မိံ။**

လောကမှာ ဘုရားဆိုတဲ့အသံကို ကြားရဘို့ရာ အင်မတန်မှ ခဲယဉ်းပါတယ်။ ကြားရခဲလှပါတယ်။

အိုနတ်သား ! များပြားလှစွာသော ကမ္ဘာအသိန်းတို့မှာ ကြားရခဲသောအသံကို ဘုရားဆိုတဲ့အသံကို အသင်နတ်သားက အကျွန်ုပ်တို့အား ကြားသိစေပါပြီ-လို့ ပြောပြကြပါတယ်။

ဒီနေရာမှာ ဦးဇင်းတို့တွေ သူတော်စင်တို့တွေ အလွန် မှတ်သားဖွယ် ကောင်းပါတယ်။

**"အနေကေသု ကပ္ပသတသဟဿေသု"**တဲ့

အနေကသချာပါ။ အများကို ဟောတဲ့ သချာဖြစ်ပါတယ်။ ဘဝတစ်သိန်းတင် မဟုတ်ပါ။ ဘဝသိန်းပေါင်း များစွာလို့ ဆိုလိုပါတယ်။ ဘုရားဆိုတဲ့အသံကို ဘဝ သိန်းပေါင်းများစွာမှာ ကြားရ

ဘို့ ခဲယဉ်းပါတယ်။ ကြားရခဲပါတယ်။

## နမော ဗုဒ္ဓဿ မြတ်စွာဘုရားအား ရှိခိုးပါ၏

ဦးဇင်းတို့ သူတော်စင်တို့တတွေ ဗုဒ္ဓသာသနာနဲ့ ကြုံကြိုက်နေတာဖြစ်လို့ မိမိတို့ကိုယ်တိုင်လဲ ဗုဒ္ဓဘာသာဝင် ဖြစ်နေလို့နေ့စဉ်နေ့တိုင်း ဘုရားရှိခိုးတဲ့အခါ

"**နမော ဗုဒ္ဓဿ- မြတ်စွာဘုရားအား ရှိခိုးပါ၏**"လို့ ရွတ်ဆိုရှိခိုးကြပါတယ်။

"**ဗုဒ္ဓံ ပူဇေမိ-မြတ်စွာဘုရားကို ပူဇော်ပါ၏**"လို့ ရွတ်ဆိုပူဇော်ကြပါတယ်။

ဒါကြောင့်မို့ ဘုရားဆိုတဲ့အသံကို ဘဝ သိန်းပေါင်းများစွာမှာကြားရဘို့ခဲယဉ်းပါလားလို့ တွေးဆပြီး-

"**နမော ဗုဒ္ဓဿ**"လို့ ဖြစ်စေ၊ "**ဗုဒ္ဓံ ပူဇေမိ**"လို့ ဖြစ်စေ အမြဲ ရွတ်ဆို ရှိခိုးပူဇော်နေရရင် မကောင်းဘူးလား?

"ကောင်းပါဘုရား"။

မိမိတို့ ကားစီးရင်းဖြစ်စေ ဆိုင်ကယ်စီးရင်းဖြစ်စေ စက်ဘီးစီးရင်းဖြစ်စေ လမ်းလျှောက်ရင်းဖြစ်စေ အိမ်မှာ အိမ်မှုကိစ္စတွေကို လုပ်နေရင်းဖြစ်စေ ဈေးရောင်းရင်း ဈေးဝယ်သွားရင်းဖြစ်စေ သွားရင်း,လာရင်း နေရင်း,ထိုင်ရင်း လုပ်ရင်း,ကိုင်ရင်း သတိရ

တိုင်း,သတိရတိုင်း"**နမော ဗုဒ္ဓဿ**"လို့၊ ဘယ်လိုတဲ့လဲ?

"**နမော ဗုဒ္ဓဿ** ပါဘုရား"

အေး- "**နမော ဗုဒ္ဓဿ**"လို့ ရွတ်ဆိုရှိခိုးနေပါ။ ရွတ်ဆိုပွားများနေပါ။

**ဗုဒ္ဓဿ**-ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ လို့ခေါ်တဲ့ သစ္စာလေးပါး မြတ်တရားကို ကိုယ်တော်တိုင်လဲ သိတော်မူ၊ ဝေနေယျသတ္တဝါတွေကိုလဲ သိစေတော်မူသော မြတ်စွာဘုရားအား၊ **နမော**-ရှိခိုးပါ၏။

အဲသလို သတိရတိုင်းသတိရတိုင်း "**နမော ဗုဒ္ဓဿ-မြတ်စွာဘုရားအား ရှိခိုးပါ၏**"လို့ ရွတ်ဆိုနေရင် ဘုရားရှိ ခိုးရာလဲ ရောက်ပါတယ်။ ဘုရားဂုဏ်တော် ဗုဒ္ဓဂုဏ်တော်ကိုလဲ ပွားများရာ ရောက်ပါတယ်။ မိမိမှာ ဗုဒ္ဓါနုဿတိ ဘာဝနာအမြဲ ဖြစ်နေ ပါတယ်။

အခုလို နတ်ရဲ့အထံမှ လောကမှာ သဗ္ဗညုမြတ်စွာဘုရား ပွင့်တော်မူနေတဲ့အကြောင်း သိရတဲ့အခါ ရသေ့ငါးရာတို့ဟာ ဃောသကသူဌေး ကုက္ကုဋသူဌေး ပါဝါရိကသူဌေး သုံးဦးတို့ထံ ကြွသွားပါတယ်။ လောကမှာ သဗ္ဗညုဘုရား ပွင့်တော်မူပါပြီ။ တရား ပွင့်တော်မူပါပြီ။ သံဃာပွင့်တော်မူပါပြီလို့ ပြောပြကြ ပါတယ်။ မြတ်စွာဘုရားအထံတော်သို့ သွားကြမည့်အကြောင်း

ပြောပြကြပါတယ်။

ရသေ့ငါးရာတို့ဟာ သူဌေးသုံးဦးတို့အရင် မြတ်စွာဘုရား အထံတော်သို့ သွားကြပါတယ်။ မြတ်စွာဘုရားက ရသေ့ငါးရာ တို့အား-

**ဒါနကထာ-** အလှူဒါနနဲ့ စပ်တဲ့တရားစကား၊

**သီလကထာ-** ကိုယ်ကျင့်သီလနဲ့ စပ်တဲ့တရားစကား၊

**သဂ္ဂကထာ-** ဒါန၊သီလကြောင့် နတ်ပြည်ရောက်ရပုံနဲ့ စပ်တဲ့တရားစကား၊

**ကာမာနံ အာဒီနဝကထာ-** ငါးဖြာအာရုံ ကာမဂုဏ်တို့ရဲ့ အပြစ်တို့နဲ့ စပ်တဲ့တရားစကား၊

**စတုသစ္စကထာ-** ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာဆိုတဲ့ သစ္စာလေးပါးတို့နဲ့စပ်တဲ့ တရား စကားတို့ကို အစဉ်အတိုင်း ဟောပြတော်မူ ပါတယ်။

ရသေ့ငါးရာတို့ဟာ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ အစဉ်အတိုင်းဖြစ်သော တရားဒေသနာတော်ရဲ့အဆုံးမှာ-

**၁။ အတ္ထပဋိသမ္ဘိဒါ-** ပါဠိတော်ရဲ့ အနက်အဓိပ္ပါယ်ကိုသိတဲ့ ဉာဏ်၊

**၂။ ဓမ္မပဋိသမ္ဘိဒါ-** ပါဠိကိုသိတဲ့ဉာဏ်၊
**၃။ နိရုတ္တိပဋိသမ္ဘိဒါ-** အရပ်သူ အရပ်သားတို့ရဲ့ ဘာသာလို့ ခေါ်တဲ့ သဒ္ဒါကို သိတဲ့ဉာဏ်၊
**၄။ ပဋိဘာနပဋိသမ္ဘိဒါ**-အနက်,ပါဠိသဒ္ဒါ,ဘာသာသုံးပါးကို သိတဲ့ဉာဏ် လေးပါးတို့နဲ့အတူ အာသဝေါကင်းကွာ ရဟန္တာပုဂ္ဂိုလ်များ ဖြစ်သွားကြပါတော့တယ်။

ရဟန္တာဖြစ်သွားကြတဲ့အခါ ရသေ့ငါးရာတို့က မြတ်စွာဘုရားအား သာသနာ့ဝန်ထမ်း ရဟန်းပြုပေးဘို့ တောင်းပန်လျှောက်ထားကြပါတယ်။ မြတ်စွာဘုရားက လက်ျာလက်တော်ဆန့်တန်းပြီးတော့ "**ဧထ ဘိက္ခဝေါ။ ရဟန်းတို့ လာခဲ့ကြ**"လို့ မိန့်တော်မူလိုက်ပါတယ်။

မြတ်စွာဘုရားက "ရဟန်းတို့ လာခဲ့ကြ"လို့ မိန့်တော်မူလိုက်တာနဲ့တပြိုင်နက် ရသေ့ငါးရာတို့မှာ ရသေ့ဝတ်စုံ ရသေ့အသွင်တွေ ပျောက်ပြီးတော့ တန်ခိုးတော်ကြောင့် သပိတ်သင်္ကန်းများ ကိုယ်မှာ ဆင်မြန်းပြီးသား ဖြစ်သွားပါတော့တယ်။ ဝတ်ရုံပြီးသား ဖြစ်သွားပါတော့တယ်။

ဒါနဲ့စပ်ပြီးတော့ ခုနက ဥပုသ်နေ့တွေမှာ။ အခု ဝါဆိုလပြည့်နေ့ကစပြီးတော့ ဥပုသ်နေ့တိုင်း ဥပုသ်နေ့တိုင်း ဥပုသ်ရှစ်ပါးသီလ ကိုးပါးသီလ ဆယ်ပါးသီလ အဲဒီဥပုသ် သီတင်းသီလတွေကို စောင့်ထိန်းပြီးတော့ပေးပါ။

## မပြုရလို့ တားမြစ်ထားတဲ့သီလ

ကဲ- ငါးပါးသီလကစပြီးတော့ အဲဒီသီလတွေကို ဝါရိတ္တသီလလို့ခေါ်ပါတယ်၊ ဘာခေါ်ပါလိမ့်?

''ဝါရိတ္တသီလပါဘုရား''၊

မပြုရလို့ တားမြစ်ထားတဲ့သီလပေါ့။ ကဲ-ခုနက **ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ**၊ သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏။

သူများအသက်ကို သတ်လိုသောစိတ်ထားဖြင့် သတ်ခြင်းမှ ရှောင်ကြဉ်ရမယ်လို့ တားမြစ်ထားတာနော်။

အဲဒီလိုသီလမျိုးတွေကို တားမြစ်တဲ့သီလကို ပါဠိလိုကျတော့ ဝါရိတ္တသီလတဲ့၊ ဘာသီလတဲ့လဲ?

''ဝါရိတ္တသီလပါဘုရား''။

ကဲ- ဦးဇင်းတို့ ရဟန်းတော်တွေဆိုရင် ရဟန်းတော်တွေမှာ ပါရာဇိက ၄-ပါး၊ သံဃာဒိသေသ် ၁၃-ပါး၊ အနိယတ ၂ပါး၊ နိဿဂ္ဂိပါစိတ်က ၃၀-တဲ့စသည်ဖြင့် ဟုတ်လားနော်။ မြတ်စွာဘုရားက မပြုရ,မပြုလုပ်ရ, မလွန်ကျူးရလို့ ပညတ်ထားတဲ့ သိက္ခာပုဒ်တွေရှိပါတယ်။

အဲဒီသိက္ခာပုဒ်တွေက ရဟန်းသံဃာတော်တွေ ရဲဟန်းတွေရဲ့ ဝါရိတ္တသီလတွေပေါ့။ မြတ်စွာဘုရားက တားမြစ်ပြီးတော့ထားတဲ့

သီလတွေ၊ အဲဒီသီလတွေကိုလည်း စောင့်ထိန်းရပါမယ်။

သာမဏေတွေဆိုရင် ဆယ်ပါးသီလ၊ လိင်ဆယ်ပါး၊ ဒဏ်ဆယ်ပါး၊ သေခိယသိက္ခာပုဒ် ၇၅-ပါးစတဲ့ မပြုရ၊ မပြုလုပ်ရ၊ မလွန်ကျူးရလို့ ပညတ်ထားတဲ့သိက္ခာပုဒ်တွေ ရှိပါတယ်။ အဲဒီ ဆယ်ပါးသီလစတဲ့သိက္ခာပုဒ်တွေက သာမဏေတွေရဲ့ ဝါရိတ္တသီလတွေပေါ့။

## လိမ္မာသူတွေ ကျင့်သုံးရတဲ့သီလ

နောက်- စာရိတ္တသီလတဲ့။ ဘာသီလတဲ့လဲ?

"စာရိတ္တသီလပါဘုရား"၊

စာရိတ္တသီလဆိုတာ စိတ်ကောင်းရှိတဲ့ပုဂ္ဂိုလ်တွေ လူလိမ္မာတွေ လိုက်နာကျင့်သုံးရတဲ့သီလတွေပါ။

ကဲ- မိမိတို့အိမ်မှာ ဟုတ်လားနော်။ မိဘကျင့်ဝတ် သားသမီးကျင့်ဝတ်တဲ့။ မိဘကျင့်ဝတ်ကို သားသမီးတွေအနေနဲ့ အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိခင်ဖခင်တွေအပေါ်မှာ ပြုကျင့်ရမည့် ကျင့်ဝတ် ဘယ်နှစ်ပါးရှိသလဲ?

"ငါးပါးပါ ဘုရား"၊

ငါးပါးရှိပါတယ်။ အဲဒီ သားသမီးတွေအနေနဲ့ အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိခင်ဖခင်တွေအပေါ်မှာ ပြုကျင့်ရမဲ့ ကျင့်ဝတ်ငါးပါး

ကို ပြုကျင့်ပြီ။ ထို့အတူပဲ မိဘတွေကလည်း သားသမီးတွေ အပေါ်မှာ ပြုကျင့်ရမည့် ကျင့်ဝတ် ငါးပါးရှိပါတယ်။

အဲဒီလို ကျင့်ဝတ်တွေကို အသီးအသီး ပြုကျင့်တယ်။ ဩော်-ဆရာကလည်း ဆရာ့ကျင့်ဝတ်နှင့်အညီ ကျင့်ဝတ်တွေ ကျင့်သုံးပါတယ်။ တပည့်ကလည်း တပည့်ကျင့်ဝတ်နှင့်အညီ ကျင့်သုံးပါတယ်။

ကဲ- ဦးဇင်းတို့ မဟာမြတ်မုနိဘုရားရင်ပြင်၊ ရွှေတိဂုံစေတီ တော်ရင်ပြင်ရောက်ပြီဆိုရင် တံမြက်စီးလှည်းတယ်၊ အမှိုက်လေး တွေကောက်ပစ်တယ်၊ သန့်ရှင်းရေး လုပ်တယ်ဆိုရင် ဒါ စေတီ ယင်္ဂဏကျင့်ဝတ်လို့ခေါ်တာပေါ့နော်။

တခါ ဗောဓိပင်နားမှာရောက်ပြီဆိုရင် အမှိုက်တွေ ရှင်းတယ်၊ တံမြက်စီးလှည်းတယ်၊ ရေလောင်းတယ် စသည်ဖြင့် အဲဒီလိုဆို ရင် ဗောဓိပင်မှာပြုကျင့်တဲ့ ကျင့်ဝတ်ပေါ့။

အဲဒီလိုကျင့်ဝတ်တွေ ပြုကျင့်ပြီဆိုရင် အဲဒီပုဂ္ဂိုလ်မှာ သီလ ဖြစ်ပြီးတော့နေပါတယ်။ စာရိတ္တသီလဖြစ်ပြီးတော့ နေပါတယ်။ အဲဒီသီလမျိုးကို စာရိတ္တသီလ-တဲ့။ ဘာသီလ တဲ့လဲ?

"စာရိတ္တသီလပါဘုရား"။

ဟော- ကျောင်းရောက်ပြီဆိုရင် တံမြက်စီးလှည်းတယ်၊ သန့်ရှင်းရေးလုပ်တယ်စသည်ဖြင့်ပေါ့နော်။

ကဲ- လူကြီးသူမတွေကို ရှိသေတယ်၊ လူကြီးသူမတွေကို ရှိသေပြီ ဂါရဝပြုပြီ ပြုစုစောင့်ရှောက်ပြီဆိုရင်လဲ ဒါ သီလတွေ ပါပဲ။ ဦးဇင်းတို့ သီလနဲ့စပ်ပြီးတော့ ကျင့်ဝတ်အမျိုးမျိုးရှိပါတယ်။

ရဟန်းသာမဏေတွေဆိုရင် သေခိယစာအုပ်ထဲ ကြည့်ပါ။ စုဒ္ဒသခန္ဓကဝတ်တဲ့၊ မဟာဝါ,စူဠဝါဆိုတဲ့ခန္ဓကမှာ ဟောကြား ထားတဲ့ကျင့်ဝတ်တွေ ဘယ်နှစ်မျိုးတောင် ရှိသလဲဆိုရင် တစ်ဆယ့် လေးမျိုးတောင်ရှိတယ်မဟုတ်လား။

ခုနက စာရိတ္တသီလနှင့်စပ်ပြီးတော့ ရဟန်း,သာမဏေတွေ ပြုကျင့်ရမယ်မဟုတ်လားနော်။ ကျင့်ဝတ်တွေ တစ်ဆယ့်လေးမျိုး ရှိပါတယ်။ အဲဒီလို တစ်ဆယ့်လေးမျိုး သောကျင့်ဝတ်တွေကို ဖြည့်ကျင့်နေပြီဆိုရင် ကျင့်ဝတ်တွေကို ဖြည့်ကျင့်တဲ့ပုဂ္ဂိုလ် နောက်ဆုံးမှာ နိဗ္ဗာန်ချမ်းသာရရှိမယ် ဆိုပြီးတော့ အဲဒီလိုတိုက်တွန်း နှိုးဆော်ထားတာ ရှိပါတယ်။ အဲဒီမှာ-

တသ္မာဟိ ဝတ္တံ ပူရေယျ၊
ဇိနပုတ္တော ဝိစက္ခဏော၊
ဩဝါဒံ ဗုဒ္ဓသေဋ္ဌဿ၊
ကတွာ နိဗ္ဗာနမေဟိတိ။

**တသ္မာဟိ တသ္မာဇေ**-ထို့ကြောင့်သာလျှင်၊ **ဝတ္တံ**-ဝတ်ကြီးဝတ်ငယ်ကို၊ **ပူရေယျ**-ဖြည့်ကျင့်ရာ၏၊ **ဗုဒ္ဓ သေဋ္ဌဿ**-ချီးမွမ်းအပ်သောသူတို့ထက် အထူးသဖြင့် ချီးမွမ်းအပ်သော မြတ်စွာဘုရား၏၊ **ဩဝါဒံ**-အဆုံးအမတော်ကို၊ **ကတွာ**-အရိုအသေပြုရသောကြောင့်၊ **ဝါ**-ပြု သည်ရှိသော်၊ **ဝိစက္ခဏော**-အမြော်အမြင်ပညာမျက်စိရှိသော၊ **ဓိနုပုဗ္ဗော**-ဘုရားသားတော်သည်၊ **နိဗ္ဗာနံ**- နိဗ္ဗာန်သို့၊ **ဧဟိတိ**-ရောက်ရ လိမ့်သတည်း။

သာဓု- သာဓု- သာဓု။

## ဝတ်ကိုဖြည့်မှ နိဗ္ဗာန်ရ

ဒါကြောင့်မို့ ဆရာတော်တွေက မိန့်ကြားကြပါတယ်။ "**ဝတ်ကိုဖြည့်မှ နိဗ္ဗာန်ရ**"တဲ့၊ ဘယ်လိုတဲ့လဲ?

"ဝတ်ကို ဖြည့်မှ နိဗ္ဗာန်ရပါဘုရား"။

ဝတ်ဆိုတာက ခုနကပြောခဲ့တဲ့ ကျင့်ဝတ်တွေပေါ့၊ စာရိတ္တသီလလို့ ခေါ်တာပေါ့နော်။

လိမ္မာတဲ့ပုဂ္ဂိုလ်တိုင်း စိတ်ကောင်းရှိတဲ့ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း ကျင့်သုံးသင့်တဲ့ ကျင့်ဝတ်တွေပါ။ ပြုလုပ်သင့်တဲ့ကျင့်ဝတ်တွေပါ။

ခုနက ပထမဆုံးပြောခဲ့တာက ဝါရိတ္တသီလ၊ သူများအသက်

ကို မသတ်ရလို့ တားမြစ်ထားတဲ့သီလတွေကို လုံခြုံအောင် စောင့်ထိန်းသလို၊ စာရိတ္တသီလခေါ်တဲ့ ကျင့်ဝတ်အသီးသီး ပေါ့နော်၊ သန့်ရှင်းရေးကျင့်ဝတ်စတဲ့ ကျင့်ဝတ် အသီးသီးတွေ၊ လူကြီးသူမတွေကို ရိုသေတဲ့ကျင့်ဝတ် အသီးသီးတွေ၊ ပြုစုလုပ်ကျွေးတဲ့ ကျင့်ဝတ်အသီးသီးတွေ၊ မိဘတွေကို လုပ်ကျွေးတဲ့ ကျင့်ဝတ် အသီးသီးတွေ စသည်ဖြင့်ပေါ့နော်။ အဲဒီလို ကျင့်ဝတ်အသီးသီး တွေ ဖြည့်ကျင့်ပါတဲ့။

အဲဒီလို ကျင့်ဝတ်အသီးသီးတွေ ဖြည့်ကျင့်ရင် အဲဒီကျင့်ဝတ် အသီးသီးဖြည့်ကျင့်တဲ့ ဘုရားသားတော် သမီးတော် အမျိုးကောင်း သား အမျိုးကောင်းသမီးသည် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန် ကေန်မုချရမှာပါ၊ ရောက်မှာပါ။

**"နိဗ္ဗာနံ ဟေတိ"**တဲ့၊ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာ ဖြစ်တဲ့ နိဗ္ဗာန် ကေန်မုချ ရလိမ့်မယ်၊ ရောက်လိမ့်မယ်လို့ ဆုံးမထားတဲ့ အတိုင်း ဦးဇင်းတို့တတွေ သူတော်စင်တို့တတွေ မိမိတို့ဟုတ်လား နော်၊ မြတ်စွာဘုရားကို အမှီပြုပြီးတော့ တနည်းအားဖြင့် ရဟန်း သံဃာတော်တွေကို အကြောင်းပြုပြီးတော့ အမှီပြုပြီးတော့ မိမိတို့ သန္တာန်မှာ နံပါတ်-၂ အခုပြောပြခဲ့တဲ့ မပြုရလို့ တားမြစ်ထားတဲ့ သီလတွေလည်းကြီးပွားပါစေ၊ ကြီးပွားအောင် ကြိုးစားရပါမယ်။

စာရိတ္တသီလဆိုတဲ့ လိမ္မာတဲ့ပုဂ္ဂိုလ်တွေ စိတ်ကောင်းရှိတဲ့

ပုဂ္ဂိုလ်တွေ ပြုသင့်ပြုထိုက်တဲ့ ကျင့်ဝတ်အသီးသီးတွေလဲ ပြုကျင့်ပြီးတော့ပေးပါ။ အဲဒီလိုပြုပေးမယ်ဆိုရင် မိမိတို့မှာ သီလတရားတွေ ကြီးပွားပြီးတော့နေပါပြီ။ တိုးပွားပြီးတော့ နေပါပြီ။ အမှိုကောင်းကို အကြောင်းပြုပြီးတော့ မိမိတို့မှာ သီလတရားတွေ ကြီးပွားပြီးတော့နေပါပြီ။

## နံပါတ်သုံး ကြီးပွားရမည့်တရား

နံပါတ်သုံး ကြီးပွားရမည့်တရားက

**သုတေန ဝဍ္ဎတိ၊**

**သုတေန**-အကြားအမြင်သုတဖြင့်၊ **ဝဍ္ဎတိ**-ကြီးပွား၍ နေ၏။

ဦးဇင်းတို့ သံဃာတော်တွေဆိုရင် မြတ်စွာဘုရားကို အကြောင်းပြုပြီးတော့၊ ဒကာ,ဒကာမတွေလဲ ဒီအတိုင်းပဲပေါ့ဟုတ်လား။ မြတ်စွာဘုရားနှင့်တကွ ရဟန်းသံဃာတော်တွေ အကြောင်းပြုပြီးတော့ နံပါတ်-၃ ကြီးပွားရမည့်တရားက သုတတရား၊ ဘာတရားတဲ့လဲ?

"သုတတရားပါဘုရား"။

သုတ-ဆိုတာ ဦးဇင်းတို့ မင်္ဂလာတရားတော်မှာ **"ဗာဟုသစ္စဉ္စ"**ပေါ့၊အကြားအမြင်များခြင်းဆိုတဲ့ သုတမင်္ဂလာ, ဗာဟုသစ္စမင်္ဂလာ။

သုတ-အကြားအမြင်ဆိုတာ ဘုရားနဲ့စပ်ပြီးတော့ သိသင့်သိထိုက်တဲ့ အကြားအမြင်တွေ၊ တရားနဲ့စပ်ပြီးတော့ သိသင့်သိထိုက်တဲ့ အကြားအမြင်တွေ၊ သံဃာနှင့် စပ်ပြီးတော့ သိသင့်သိထိုက်တဲ့အကြားအမြင်တွေ၊ ဘာသာရေးနှင့်စပ်ပြီးတော့ သိသင့်သိထိုက်တဲ့အကြားအမြင်တွေ၊ လောကုတ္တရာရေးနှင့်စပ် ပြီးတော့ သိသင့်သိထိုက်တဲ့ အကြားအမြင်တွေ၊ လောကီရေးရာ နှင့်စပ်ပြီးတော့ သိသင့်သိထိုက်တဲ့ အကြားအမြင်တွေ။ အဲဒီလို အကြားအမြင်သုတတွေ မိမိတို့မှာ ရအောင်ကြိုးစားရပါမယ်။

အခုလို တရားတော်တွေ နာကြားတယ်၊ ဒီခေတ်မှာ စာအုပ်တွေလည်းဖတ်ကြပါတယ်၊ တရားတွေလည်း နာကြပါတယ်။ မိမိတို့အိမ်မှာလည်း စီဒီဖွင့်ပြီးတော့ တရားတွေနာကြတယ် ဆိုပါတော့။

အဲဒီပုဂ္ဂိုလ်တွေမှာ တရားနှင့်စပ်ပြီးတော့ အကြား အမြင်သုတတွေ၊ ဘုရား၊တရား၊သံဃာနှင့်စပ်ပြီးတော့ အကြားအမြင်သုတတွေရှိကြပါတယ်။

သာသနာရေးနှင့်စပ်ပြီးတော့ အကြားအမြင်သုတတွေ၊ သိသင့်သိထိုက်တဲ့ အကြားအမြင် ဗဟုသုတတွေ မိမိတို့ သန္တာန်မှာ ကြီးပွားပြီးတော့နေမယ် တိုးပွားပြီးတော့နေမယ်။

အဲဒီလို အကြားအမြင်တွေရှိပြီဆိုရင် ဒီ သိမြင်ထားတဲ့

အတိုင်းပေါ့၊ လက်တွေ့လိုက်နာကျင့်သုံးပြီဆိုရင် အဲဒီ ပုဂ္ဂိုလ်မှာ ပိုပြီးတော့ တန်ဘိုးရှိပါတယ်။ ပိုပြီးတော့ အကျိုးရှိပါတယ်။

## မင်္ဂလာဆိုတာ ကြီးပွားကြောင်းပါ

မိမိတို့ သိရင်သိသလောက် လက်တွေ့လိုက်နာ ကျင့်သုံးပြီဆိုရင် အဲဒီပုဂ္ဂိုလ်မှာ ကြီးပွားကြောင်းပေါ့၊ အဲဒါကြောင့်မို့ မင်္ဂလာတရားတော်မှာ မင်္ဂလာဆိုတာ-

**"မင်္ဂလန္တိ ဣဒ္ဓိကာရဏံ ဝုဒ္ဓိကာရဏံ သဗ္ဗသမ္ပတ္တိကာရဏံ"** တဲ့၊

မင်္ဂလာဆိုတာ ကြီးပွားကြောင်းဖြစ်ပါတယ်၊ တိုးတက်ကြောင်းဖြစ်ပါတယ်၊ အောင်မြင်ကြောင်းဖြစ်ပါတယ်၊ အရာရာပြည့်စုံကြောင်းဖြစ်ပါတယ်။

မင်္ဂလာတရားတော်တွေနဲ့အညီ ကျင့်သုံးပြီဆိုရင် အဲဒီပုဂ္ဂိုလ်မှာ လောကမှာလည်း တိုးတက်ပါမယ်၊အောင်မြင်ပါမယ်၊ချမ်းသာပါမယ်။ ဘဝသံသရာအဆက်ဆက်မှာလဲ ကြီးပွားပါမယ်၊ တိုးတက်ပါမယ်၊ အောင်မြင်ပါမယ်၊ ချမ်းသာပါမယ်။

အဲဒါကြောင့် ဒီအကြားအမြင်သုတဆိုတဲ့ ဗဟုသုတ မင်္ဂလာကြီးပွားနေပြီဆိုရင် ဒီမင်္ဂလာတရားတော်ရဲ့ အကျိုးတရားတွေ ရ,ရမှာပေါ့နော်။

နံပါတ်-၃ အနေနဲ့ မိမိတို့သန္တာန်မှာ ကြီးပွားရမဲ့ တရားက သုတတရား။ ဘာတရားတဲ့လဲ?

"သုတတရားပါဘုရား"။

အကြားအမြင်သုတနှင့်စပ်ပြီးတော့ သုတတရားတွေ တိုးပွားရပါမယ်။

အကြားအမြင် သုတနဲ့စပ်ပြီးတော့ မှတ်သားဖွယ်ဖြစ်တဲ့ ဝတ္ထုကြောင်းကို အခု ပြောပြပါအုံးမယ်။

ကုရရဃရိကာမြို့မှာ ကာဠီဆိုတဲ့ အမျိုးသမီးတစ်ယောက် ရှိပါတယ်။ သူမရဲ့ ဇာတိမြို့ကတော့ ရာဇဂြိုဟ်မြို့ပါ။ အရွယ် ရောက်လို့ ကုရရဃရိကာမြို့သွားတဲ့အခါ အိမ်ထောင်ရက်သား ကျပါတယ်။ ကိုယ်လေးလက်ဝန် ရှိလာတဲ့အခါ ရာဇဂြိုဟ်မြို့ အမေ၊ အဖေအိမ်သို့ သွားဖွားဖို့ ပြန်လာပါတယ်။

အဲဒီအချိန်မှာ ဦးဇင်းတို့ရဲ့ မြတ်စွာဘုရားက ဣသိပတန မိဂဒါရုံတောမှာ ဓမ္မစကြာတရား ဟောတော်မူနေပါတယ်။ တစ်သောင်းသောစကြာဝဠာမှာနေကြတဲ့ နတ် ဗြဟ္မာတွေ တရား နာလာရောက်ကြပါတယ်။

နတ်ဘီလူးစစ်သူကြီး ၂၈-ယောက်ထဲမှာပါဝင်တဲ့ သာတာ ဂိရိနတ်ဘီလူးကလဲ မြတ်စွာဘုရားရဲ့ ဓမ္မစကြာတရားတော်ကို လာရောက်ကာ နာယူပါတယ်။ တရားနာရလို့ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်တို့ကိုရရှိကာ သောတာပန်ဖြစ်သွားပါတယ်။

## အချစ်ဆုံးကို သတိရတတ်တာ ဓမ္မတာပါ

သူ့ရဲ့သူငယ်ချင်းက ဟေမဝတနတ်ဘီလူးပါ။ သာတာဂိရိနတ်ဘီလူးက အခုလို ကြံစည်မိပါတယ်။

"ချိုမြိန်ကောင်းမြတ်တဲ့ အရသာရှိတဲ့ ဒီတရားကို ငါ့ရဲ့ သူငယ်ချင်း ဟေမဝတ ကြားဘူးသလား၊ မကြားဘူး့ဘူးလား" လို့ ကြံစည်နေမိပါတယ်။ လောကမှာ မွန်မြတ်တဲ့ကောင်းတဲ့ အရသာရှိတဲ့ စားဖွယ်သောက်ဖွယ်ကို စားရ သောက်ရတဲ့အခါ အချစ်ဆုံးပုဂ္ဂိုလ်တွေကို သတိရတတ်တာ ဓမ္မတာပါ။

## ချိန်းထားရင် လွဲအုံးမယ်

အဲဒီ ဥပမာအတိုင်းပါပဲ။ သာတာဂိရိဟာ အရသာတွေ အားလုံးထဲမှာ အကောင်းဆုံး အမွန်မြတ်ဆုံး အရသာဖြစ်တဲ့ တရား အရသာကို ရတဲ့အခါ သူငယ်ချင်း ဟေမဝတကို သတိရခြင်း ဖြစ်ပါတယ်။

သာတာဂိရိက ဟေမဝတကိုတွေ့လိုတွေ့ငြား နတ် ပရိသတ် တွေကြားမှာ ရှာကြည့်ပါသေးတယ်။ မတွေ့ရတော့ ငါ့ရဲ့ သူငယ်ချင်းဟာ လောကမှာ ရတနာသုံးပါး ပွင့်တာကို မသိသေး ဘူး။ ငါ သွားပြောမယ်။ မြတ်စွာဘုရားရဲ့ ဂုဏ်တော်၊ ကျေးဇူး တော်တွေကိုလဲ ပြောပြမယ်။ ငါ ရ,ထားတဲ့ တရားထူး,

တရားမြတ်ကိုလဲ ပြောပြမယ်''လို့ အကြံဖြစ်ပါတော့တယ်။

မိမိရဲ့ နတ်ဘီလူးပရိသတ်နဲ့အတူ ရာဇဂြိုဟ်မြို့ပေါ်ကနေ ဟေမဝတဆီ သွားပါတယ်။

အဲဒီအချိန်မှာ ဟေမဝတကလဲ ယူဇနာသုံးထောင် ကျယ်ဝန်းတဲ့ ဟိမဝန္တာတောင်မှာ အချိန်မဲ့အခါမဲ့ ပန်းမျိုးစုံတွေ ပွင့်နေတဲ့ ပန်းဥယျာဉ်ကြီးကို တွေ့ရပါတယ်။

ငါ့ရဲ့သူငယ်ချင်းဖြစ်တဲ့ သာတာဂိရိနဲ့အတူ ဟိမဝန္တာမှာ ပျော်ပွဲစားထွက်ကြမယ်လို့ ကြံစည်ပြီးတော့ မိမိရဲ့ နတ်ဘီလူးပရိသတ်နဲ့အတူ ရာဇဂြိုဟ်မြို့ပေါ်ကပင် သာတာဂိရိဆီ သွားပါတယ်။

အဲဒီ နတ်ဘီလူးစစ်သူကြီးနှစ်ယောက်တို့ရဲ့ ပရိသတ်တွေဟာ ကာဠီအမျိုးသမီးရဲ့ အိမ်ရဲ့အထက်မှာ ဆုံမိကြပါတယ်။

သင်တို့က ဘယ်သူရဲ့ ပရိသတ်တွေပါလဲ?၊

သာတာဂိရိရဲ့ ပရိသတ်တွေပါ။

သင်တို့ကရော ဘယ်သူရဲ့ ပရိသတ် တွေပါလဲ?၊

ဟေမဝတရဲ့ ပရိသတ်တွေပါလို့ အချင်းချင်း ပြောဆိုကြပါတယ်။

အခုလို ဆုံတွေ့ကြရတော့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြ

ပါတယ်။ နတ်ဘီလူးစစ်သူကြီးနှစ်ဦးထံသို့ ပေါင်းဆုံမိကြောင်း သတင်းပို့ကြပါတယ်။ မကြာမီမှာပင် သာတာဂိရိနတ်နဲ့ဟေမဝတ တို့လဲ ကာဠီအမျိုးသမီးရဲ့ အိမ်အထက်မှာ ပေါင်းဆုံမိကြပါတယ်။

## သာတာဂိရိနဲ့ဟေမဝတ

**သာတာဂိရိ** ဟေမဝတကို အဆွေတော် ဘယ်သွားမလို့ ပါလဲလို့ မေးပါတယ်။

**ဟေမဝတ** အဆွေတော်အထံသို့ လာမလို့ပါလို့ ပြန်ဖြေ ပါတယ်။

**သာတာဂိရိ** ဘာအကြောင်းကြောင့်ပါလဲလို့ မေးပါတယ်။

**ဟေမဝတ** ဟိမဝန္တာ ပန်းဥယျာဉ်မှာ သင်နဲ့အတူ ပျော် ပွဲစား သွားကြမလို့ပါ။ အဆွေတော်ကတော့ ဘယ်သွားမလို့ပါလဲ။

**သာတာဂိရိ** သင့်ထံသို့ လာတာပါ အဆွေတော်။ ဟိမဝန္တာမှာ အဘယ်မည်သောပန်းတွေ ပွင့်နေ တယ်လို့ သိပါသလား။

**ဟေမဝတ** မသိပါ အဆွေတော်။

**သာတာဂိရိ** သုဒ္ဓေါဒနမင်းရဲ့သားတော် သိဒ္ဓတ္ထမင်းသားဟာ သဗ္ဗညုဘုရားစင်စစ် ဖြစ်ပါပြီ။ တစ်သောင်းသော

စကြာဝဠာမှာနေကြတဲ့နတ်ဗြဟ္မာတို့အား ဓမ္မစကြာတရား ဟောတော်မူပါတယ်။ မြတ်စွာဘုရားပွင့်တော်မူတာကို အစ်ကိုတော်သိပါသလား?။

ဟေမဝတ မသိပါ အစ်ကိုတော်။

သာတာဂိရိ အစ်ကိုတော်ဟာ ဟိမဝန္တာတောင် ပန်းဥယျာဉ်မှာ ပန်းပွင့်နေတာသာ သိပါတယ်။တကယ်တော့ မြတ်စွာဘုရားအား ပူဇော်ဖို့ တစ်သောင်းသော စကြာဝဠာဟာ ယနေ့မှာ တစ်ခုတည်းသော ပန်းလုံး အသွင်ဖြစ်နေပါတယ် အစ်ကိုတော်။

ဟေမဝတ ပန်းတွေဝေနေတာ ထားပါတော့။ သင် မြတ်စွာဘုရားကို မျက်မြင်ကိုယ်တွေ့ မြင်ရပါသလား?။

သာတာဂိရိ မှန်ပါတယ် အစ်ကိုတော်။ အကျွန်ုပ်ကိုယ်တိုင် ဖူးမြင်ခဲ့ရပါတယ်။ တရားလဲ နာခဲ့ရပါတယ်။ တရားအရသာ အမြိုက်အရသာကိုလဲ သောက်ခဲ့ရပါတယ်။ အဲဒီ အမြိုက် အရသာကို သင့်ကိုလဲ သိစေမယ်လို့ ကြံစည်ပြီးသင့်ထံ လာခဲ့ရပါတယ် အစ်ကိုတော်။

## ခန္ဓာဉာဏ်ရောက်

သာတာဂိရိနဲ့ ဟေမဝတတို့ ပြောနေတဲ့အသံကို ကာဠီအမျိုးသမီးက အိမ်ထဲကနေ ကြားနေရပါတယ်။ ကြားရလို့ သေသေချာချာ အာရုံယူကာ နားစိုက်ထောင်နေပါတယ်။

ဒီအသံက အထက်ကအသံပါ။ အောက်ကအသံ မဟုတ်ပါ။ နတ်တွေ ပြောဆိုနေတဲ့အသံပါ။ လူတွေရဲ့အသံ မဟုတ်ပါလို့ မှတ်သားပြီး နားစိုက်ထောင်နေပါတယ်၊ စိတ်စိုက်မှတ်သားကာ ထိုင်နေပါတယ်။

**သာတာဂိရိ** ယနေ့ တစ်ဆယ့်ငါးရက် ဥပုသ်နေ့ ဖြစ်ပါတယ်။ နတ်၌ဖြစ်တဲ့ ညဟာ အရောင်မျိုးစုံတို့ကြောင့် လှပတင့်တယ်နေပါတယ်။ မွန်မြတ်သော နာမည်တော်ရှိတဲ့ လူနတ်ဗြဟ္မာသတ္တဝါတို့ရဲ့ ဆရာဖြစ်တဲ့ ဂေါတမမြတ်စွာဘုရားကို ယခုပင် ဖူးမျှော်ကြပါစို့လို့ ပြောပြပါတယ်။

**ဟေမဝတ** သတ္တဝါအားလုံးတို့အပေါ်၌ တာဒိဂုဏ်နဲ့ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားရဲ့စိတ်ကို ကောင်းစွာထားအပ်ပါသလော။မြတ်စွာဘုရားမှာ ကောင်းတဲ့အာရုံ မကောင်းတဲ့အာရုံတို့၌ အကြံအစည်တို့ဟာ အလိုအတိုင်းဖြစ်ပါသလားလို့ မေးပါတယ်။

ဟေမဝတက မြတ်စွာဘုရားရဲ့ ကိုယ်အကျင့်ရယ်၊ အသက်မွေးမှုရယ်၊ စိတ်အကျင့်ရယ်တို့ကို မေးပါတယ်။ မေးတိုင်း မေးတိုင်း သာတာဂိရိက ဖြေဆိုပြပါတယ်။

အဲဒီလို မြတ်စွာဘုရားရဲ့ လက္ခဏာတော် ကြီး,ငယ်အသွယ်သွယ်နဲ့ တင့်တယ်သပ္ပါယ်တော်မူတဲ့ဂုဏ်၊ အရဟံအစရှိတဲ့ ဂုဏ်တော်တို့ကို ချီးမွမ်းပြောဆိုပါတယ်။ နောက်ဆုံးမှာ ဟေမဝတဟာ သူငယ်ချင်းရဲ့ပြောပြတဲ့ တရားဒေသနာသို့ အစဉ်လျှောက်ကာ ဉာဏ်သို့ စေလွှတ်ပါတယ်။

ဒီခေတ်မှာ ပြောနေကြတဲ့ ခန္ဓာဉာဏ်ရောက် ဆိုပါတော့။ ရုပ်,နာမ်ခန္ဓာအစဉ်ရဲ့အဖြစ်,အပျက်ကို မြင်အောင်ရှုလိုက်တဲ့အခါ သောတာပန်ပုဂ္ဂိုလ် ဖြစ်သွားပါတော့တယ်။

## မိန်းမသားတွေထဲမှာ အရင်ဆုံး သောတာပန်တည်သူ

ကာဠီဥပါသိကာမဟာ မြတ်စွာဘုရားကို တစ်ခါမှ မဖူးမြင်ဘူးသေးပါ။ ကာဠီဥပါသိကာမကလဲ သာတာဂိရိနတ်ဘီလူးက တရားဟောနေတဲ့အခါ မြတ်စွာဘုရားကို မဖူးမြင်ရဘူးပေမဲ့ တဆင့်စကားကြားနဲ့ ကြည်ညိုနေပါတယ်။ သူ့တစ်ပါးအတွက် ခူးထားတဲ့ ထမင်းကို အဆင်သင့် စားရသလိုပါ။ ကာဠီ ဥပါသိကာမလဲ သောတာပန် ဖြစ်သွားပါတော့တယ်။

ကာဠီဥပါသိကာမဟာ ဂေါတမမြတ်ဘုရားရဲ့ သာသနာတော်မှာ မိန်းမသားတွေထဲမှာ အရင်ဆုံး သောတာပန် တည်တဲ့သူ ဖြစ်ပါတယ်။ သောတာပန်တည်ကြတဲ့ မိန်းမသားတွေထဲမှာ အကြီးအမှူးဖြစ်ပါတယ်။ အသာဆုံးဖြစ်ပါတယ်။

ကာဠီဥပါသိကာမဟာ တဆင့်စကား တဆင့်ကြားနဲ့ ကြည်ညိုကြတဲ့ ဥပါသိကာမတွေထဲမှာ အမြင့်ဆုံး အမြတ်ဆုံး ဖြစ်တဲ့ "**အနုဿဝပ္ပသန္နဧတဒဂ်**"ဘွဲ့ထူးရတဲ့သူလဲ ဖြစ်ပါတယ်။

ကာဠီဥပါသိကာမဟာ အဲဒီ သောတာပန်ဖြစ်တဲ့ ညမှာပဲသား ဦးလေး ဖွားမြင်ပါတယ်။ သားဦးလေးရဲ့ နာမည်ကို တဆင့် စကား တဆင့်ကြားနဲ့ သောတာပန်တည်တဲ့ ကာဠီမည်တဲ့ မိခင်က မွေး ဖွားလို့ "**သောဏ**"လို့ နာမည်ပေး ကြပါတယ်။

အခု ပြောပြခဲ့တဲ့ ဟေမဝတနတ်ဘီလူးနဲ့ ကာဠီ ဥပါသိကာမတို့ရဲ့ နာကြားရတဲ့ အကြားအမြင်သုတဟာ သောတာပတ္တိမဂ်ဉာဏ်၊ သောတာပတ္တိဖိုလ်ဉာဏ်ကို ရသည်အထိ သောတာပန်ပုဂ္ဂိုလ် ဖြစ်သည်အထိ ကြီးပွားသွားပါတယ်။တိုးပွားသွားပါတယ်။

## နံပါတ်လေး ကြီးပွားရမည့်တရား

နောက် နံပါတ်လေး ကြီးပွားရမဲ့တရားကတော့-

**စာဂေန ဝဍ္ဎတိ၊**

**စာဂေန**-စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဖြင့်၊ **ဝမ္မတိ**-အမြဲ မသွေ ကြီးပွားရှိနေရ၏။

ကဲ- ဦးဇင်းတို့ သံဃာတော်တွေဆိုလျှင် မြတ်စွာဘုရား ကိုအမှီပြုပြီးတော့ မြတ်စွာဘုရားကို အကြောင်းပြုပြီးတော့။

လူတွေကြတော့ ဒီအတိုင်းပဲပေါ့၊ မြတ်စွာဘုရားနဲ့တကွ ရဟန်းသံဃာတော်တွေ အကြောင်းပြုပြီးတော့ မိမိတို့မှာ နံပါတ်၄ ကြီးပွားနေတဲ့တရားက ဘာတရားလဲဆိုရင် 'စာဂ'တရား။

ဘာတရားတဲ့လဲ?

"စာဂတရားပါဘုရား"။

ဪ- စာဂဆိုတာ ဦးဇင်းတို့ သိနေကြတဲ့အတိုင်း ဒါနနဲ့ အတူတူပဲ။ ဒါနနဲ့စာဂဆိုတာ ပါဠိစကားလုံး၊

စာဂ-ဆိုတာလဲ စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းပဲ။

ဒါန-ဆိုတာလဲ စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းပဲ။

မိမိတို့ ရဟန်း သံဃာတော်တွေ အကြောင်းပြုပြီးတော့ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဆိုတဲ့ စာဂတရားတွေ တိုးပွား တယ်ဆိုတာ အထူးပြောစရာတောင် မလိုတော့ပါဘူး။

စာဂတရား မိမိသန္တာန်မှာ ရဟန်းသံဃာတော်တွေ အကြောင်းပြုပြီးတော့ စွန့်ကြဲပေးကမ်းတဲ့ စာဂတရား များတယ် ဆိုတော့ အထူးပြောစရာမလိုတော့ပါဘူးနော်။

စာဂတရား မိမိသန္တာန်မှာ တိုးပွားပြီးတော့နေတာ၊ မိမိတို့ နေ့စဉ်နေ့စဉ် အိမ်မှာ သက်တော်ထင်ရှား မြတ်စွာဘုရားအား ရည်မှန်းပြီးတော့ အိမ်မှာ ကိုးကွယ်ထားတဲ့ ရုပ်ပွားဆင်းတုတော် မြတ်အား ပန်း,ရေချမ်း,ဆီမီး သစ်သီး ဆွမ်း အမွှေးတိုင်စတဲ့ ပစ္စည်းပစ္စယ အာမိသတို့နဲ့ လှူဒါန်းကြပါတယ်၊ ပူဇော်ကြ ပါတယ်။

အဲဒီလို လှူဒါန်းပြီ ပူဇော်ပြီဆိုရင် သက်တော်ထင်ရှား မြတ်စွာဘုရား အကြောင်းပြုပြီးတော့ မိမိတို့မှာ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဆိုတဲ့ စာဂတရားတွေ နေ့တိုင်းနေ့တိုင်း တိုးပွားပြီး တော့နေတာပါ။

ထို့အတူပဲပေါ့ ဒီနေ့ဆိုရင် ထူးထူးမြတ်မြတ် ရှမ်းဝိုင်း ဆုတောင်းပြည့်မြတ်စွာဘုရားအား ရှမ်းဝိုင်းဓမ္မာရုံ ဗုဒ္ဓပူဇနိယ သံဃာ့ဒါနဆွမ်းလောင်းပွဲ အကြိုဓမ္မသဘင် အကြောင်းပြုပြီးတော့ ဓမ္မဒါန ပင်မကုသိုလ်ရှင်ဖြစ်တဲ့ ကိုဇော်နိုင်+မခင်နှင်းနှင်းရီတို့ မိသားစုတတွေမှာ, မိတ်ဆွေ အပေါင်းအသင်း သူတော်ကောင်း တို့တတွေမှာ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ တတွေမှာ ဓမ္မဒါနတရားနှင့်စပ်ပြီးတော့ စွန့်ကြဲပေးကမ်း လှူ ဒါန်းခြင်းဆိုတဲ့ စာဂတရားတွေ တိုးပွားတယ်ဆိုတာ အထူးပြော

စရာတောင် မလိုတော့ပါဘူးနော်။

ထို့အတူပဲ သံဃာတော်တွေနဲ့စပ်ပြီးတော့ မိမိတို့ အခုလို တရားအလှူတွေ ကျင်းပသလို၊ဘုရားပွဲမှာ ကြွရောက်လာ ကြတဲ့ သံဃာတော်အရှင်မြတ်အပေါင်းတို့အား ဆွမ်း၊သင်္ကန်းစတဲ့ပစ္စည်း ပစ္စယအာမိသတွေဖြင့် စာရေးတံ မဲချပြီးတော့ လှူဒါန်းကြပါ တယ်၊ ပူဇော်ကြပါတယ်။

နေ့တိုင်းနေ့တိုင်း မိမိတို့အိမ်မှာ ကြွရောက်လာကြတဲ့ သံဃာတော်အရှင်မြတ်များအား လောင်းလှူကြပါတယ်၊ ဆွမ်း လောင်းကြပါတယ်။ ဒါက သံဃာတော်အရှင်မြတ်များကို အကြောင်းပြုပြီးတော့ မိမိတို့သန္တာန်မှာ စာဂတရားတွေ တိုးပွားပြီး တော့နေပါတယ်။

## လှူဒါန်းနေတာ လိုတောင်မလိုပါ

ဒီ စာဂနဲ့ဒါနနဲ့စပ်ပြီးတော့ ဦးဇင်းတို့ အခုလို မြို့မှာ မန္တလေး ရွှေမြို့တော်မှာလည်း မြို့အလိုက် လူတွေမှာ ဒါနတရားတွေပြု ပါ၊ စွန့်ကြဲပေးကမ်းလှူဒါန်းပါလို့ အထူးတိုက် တွန်းစရာတောင် မလိုပါဘူး။ ပြုပြီးတော့နေကြတာပါ။

တောတွေမှာလည်း တောအလိုက် သူတို့ စွန့်ကြဲ ပေးကမ်း လှူဒါန်းခြင်းဆိုတဲ့ အလှူရေစက်လက်နှင့်မကွာ ဆိုသလိုပေါ့၊

စွန့်ကြဲပေးကမ်း လှူဒါန်းပြီးတော့ နေကြတာပါ။

ဩော်- တောင်ပေါ်ဒေသတွေလည်း တောင်ပေါ်ဒေသ အလိုက်ပေါ့။ သူတို့ စွန့်ကြဲပေးကမ်း လှူဒါန်းနေကြတာပါ။ မြေပြန့်ဒေသတွေလည်း မြေပြန့်ဒေသအလိုက်ပေါ့။ အောက်ပိုင်းမှာလည်း အောက်ပိုင်းအလိုက်၊ အထက်ပိုင်းမှာလည်း အထက်ပိုင်းအလိုက်ပေါ့၊ စွန့်ကြဲပေးကမ်း လှူဒါန်းနေကြတာပါ။

လှူဒါန်းမှုဒါနနဲ့စပ်ပြီးတော့ ဩော်-ဘုရားသာသနာတော်မှာ၊ ဦးဇင်းတို့သာသနာတော်မှာ တကယ်လိုတောင် မလိုပါဘူး။

## ဝိုပြီးတော့ အကျိုးကြီးပါတယ်

ဒါကြောင့်မို ကဲ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့တတွေ ဒါနနဲ့စပ်ပြီးတော့ ဘယ်လောက်တောင် လွယ်သလဲဆိုရင် နေ့တိုင်းနေ့တိုင်း မိမိတို့ ချက်ပြုတ်ပြီးပြီ၊ စားသောက်ပြီးပြီဆို ရင် အိုးခွက်ပုဂံတွေ ဆေးကြောကြတယ်။

အဲဒီလို အိုးခွက်ပုဂံတွေ ဆေးကြောပြီးပြီဆိုရင် အိုးခွက်ပုဂံထဲမှာ ထမင်းလုံး ဟင်းဖတ်လေးတွေ ပါသွားတာကိုး။ အဲဒီအိုးခွက်ပုဂံဆေးရေတွေ သွန်လိုက်ပြီဆိုရင် အဲဒီဆေးရေထဲမှာ သွန်လိုက်တဲ့ ရေထဲမှာပါသွားတဲ့ ထမင်းလုံး ဟင်းဖတ်လေးတွေကို ရေမြောင်းထဲမှာ သွန်လိုက်မယ်၊ မြေပြင်ပေါ်မှာ သွန်လိုက်မယ်

ဆိုရင် ရေမြောင်းထဲမှာ မြေပြင်ပေါ်မှာရှိတဲ့ တိရစ္ဆာန်လေးတွေ မှုတ်ကြပါစေ စားကြပါစေလို့ ရည်ရွယ်ချက်နဲ့ အဲဒီလိုလှူဒါန်း လိုက်ပြီဆိုရင် အဲဒီအမျိုးကောင်းသား အမျိုးကောင်းသမီးမှာ ဒါနမဖြစ်ဘူးလား?

''ဖြစ်ပါတယ်ဘုရား''။

အေး ဒါနဖြစ်တယ်။ စာဂဆိုတဲ့ စွန့်ကြဲပေးကမ်း လှူဒါန်း ခြင်းဖြစ်တယ်လို့ ဦးဇင်းတို့ မြတ်စွာဘုရားက ယုတ်စွအဆုံးပေါ့၊ ဒါနကုသိုလ်ပြုဘို့ လွယ်ကူပုံ၊ အမြဲတမ်း ဖြစ်ပုံ အမြဲတမ်းပြုဖို့ လွယ်ကူပုံ မိန့်ကြားတော်မူပြီးတော့ ထားတာ။

ဒါပေမဲ့တဲ့၊ စွန့်ကြဲပေးကမ်း လှူဒါန်းတဲ့အခါ မိမိတို့ ချွေးနဲ စာနဲ့ ရှာဖွေလို့ရတဲ့ ပစ္စည်းဥစ္စာတွေကို ရွေးချယ်ပြီးတော့ သီလ ဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏဒဿန ဂုဏ်တို့နှင့်ပြည့်စုံတဲ့ အရှင်မြတ်တွေ ရဟန္တာအရှင်မြတ်တွေ စွန့်ကြဲပေးကမ်း လှူဒါန်းမယ်ဆိုရင်တော့ ပိုပြီးတော့ မြင့်မြတ် ပါတယ်။ ပိုပြီးတော့ တန်ဖိုး ကြီးမားပါတယ်၊ ပိုပြီးတော့ အကျိုး ကြီးပါတယ်လို့ ဦးဇင်းတို့ မြတ်စွာဘုရားက အခုပြောပြမဲ့အတိုင်း မိန့်ကြားတော်မူပြီး တော့ထားပါတယ်။

## အရပ်ထဲမှာ ပြောနေကြ

မြတ်စွာဘုရားလက်ထက်တော်က ဝစ္ဆဂေါတ္တ အမည်ရတဲ့ ပရိဗိုဇ်တစ်ယောက် မြတ်စွာဘုရားထံ ရောက်လာပါတယ်။ မြတ်စွာဘုရားနဲ့အတူ ဝမ်းမြောက်ဖွယ်ရာစကား သက်ဆုံးတိုင် အောင့်မေ့ဖွယ်ရာစကား အမှတ်ရဖွယ်ရာ စကားတို့ကို ပြောဆိုပါတယ်။ သင့်တော်တဲ့နေရာမှာ ထိုင်ပြီးတဲ့အခါ မြတ်စွာဘုရားကို အခုလို လျှောက်ထားပါတယ်။

"အရှင်ဂေါတမ အရပ်ထဲမှာ ကြားနေရပါတယ်။ အရှင်ဂေါတမက ဒီလိုပြောပါသတဲ့။

**ငါ့သာ လှူရမယ်၊ အခြားသူတို့အား မလှူရဘူး။**

**ငါ့ရဲ့တပည့်တွေအားသာ လှူရမယ်၊ အခြား သူတို့ရဲ့ တပည့်တို့အား မလှူရဘူး။**

**ငါ့အား လှူတဲ့အလှူကသာ အကျိုးရှိတယ်၊ အကျိုး ကြီးတယ်။ အခြားသူတို့အား လှူတဲ့အလှူက အကျိုး မရှိဘူး၊ အကျိုးမကြီးဘူး။**

**ငါ့ရဲ့တပည့်တွေအားသာ လှူတဲ့အလှူကသာ အကျိုး ရှိတယ်၊ အကျိုးကြီးတယ်။ အခြားသူတို့ရဲ့တပည့်တို့အား လှူတဲ့**

**အလှူက အကျိုးမရှိဘူး၊ အကျိုးမကြီးဘူးလို့ အရှင်ဂေါတမက ပြောတဲ့အကြောင်း အရပ်ထဲမှာ ပြောနေကြပါတယ်''**လို့ လျှောက်ထားပါတယ်။

''အရှင်ဂေါတမ အရပ်ထဲမှာ ပြောနေကြတဲ့ စကားဟာ အရှင်ဂေါတမရဲ့စကား ဟုတ်ပါရဲ့လား။ အရှင်ဂေါတမကို မဟုတ်မမှန်တဲ့စကားနဲ့ စွပ်စွဲပြောဆို နေကြတာပါလား။ အရှင်ဂေါတမရဲ့ပြောစကားနဲ့ သူတို့ရဲ့ပြောစကား တစ်ထပ်တည်း ကျပါသလား။ ကွဲလွဲနေပါသလား။ တပည့်တော် တို့ကတော့ အရှင်ဂေါတမကို မစွပ်စွဲလိုကြပါ၊ မကဲ့ရဲ့ လိုကြပါ''ဟု ဆက်လက် လျှောက်ထားပါတယ်။

အဲဒီအခါ ဦးဇင်းတို့ မြတ်စွာဘုရားက ပုဏ္ဏားကို အရပ်ထဲပြောနေကြတဲ့စကားဟာ ငါဘုရားရဲ့စကားနဲ့ ကွဲလွဲနေကြောင်း၊ ငါဘုရားကို မဟုတ်မမှန်သော စကားနဲ့ စွပ်စွဲပြောဆိုနေကြတာဖြစ်ကြောင်း မိန့်တော်မူပါတယ်။

## သုံးမျိုးတို့ရဲ့အန္တရာယ်ကို ပြုပါတယ်

ဝစ္ဆ ! သူတပါးပေးလှူနေတာကို တားမြစ်တဲ့ပုဂ္ဂိုလ်ဟာ ယခု ပြောပြမဲ့သုံးမျိုးရဲ့ အန္တရာယ်ကို ပြုပါတယ်။

၁။ ပေးလှူတဲ့ပုဂ္ဂိုလ်ရဲ့ ကောင်းမှုအန္တရာယ်ကို ပြုတယ်၊
၂။ အလှူခံပုဂ္ဂိုလ်တို့ရဲ့ လာဘ်ရမှုအန္တရာယ်ကို ပြုတယ်။
၃။ သူတပါးပေးလှူနေတာကို တားမြစ်တဲ့သူဟာ အရင်ဆုံး အစဦးဆုံး မိမိကိုယ်ကို တူးဖြိုရာ ရောက်တယ်၊ ဖျက်ဆီးရာရောက်တယ်။

ဝစ္ဆ ! သူတပါးပေးလှူနေတာကို တားမြစ်တဲ့ပုဂ္ဂိုလ်ဟာ အခုပြောပြခဲ့တဲ့ သုံးမျိုးတို့ရဲ့အန္တရာယ်ကို ပြုရာ ရောက် တယ်လို့ မိန့်တော်မူပါတယ်။

## ဒါနကုသိုလ်ဖြစ်ဖို့ လွယ်ကူပုံ

မြတ်စွာဘုရားက ဝစ္ဆပရိဗိုဇ်အား အလှူဖြစ်ဖို့ လွယ်ကူပုံနှင့် အခုပြောပြမဲ့အလှူဒါနကိုပင် ကိုယ်တော်တိုင် ချီးမွမ်းတော်မူကြောင်း ဂုဏ်ပြုတော်မူကြောင်း အခုလို မိန့်ကြားတော်မူပါတယ်။

မြတ်စွာဘုရားက ဝစ္ဆ ! ရေအိုင်တွေ ရေမြောင်းတွေထဲမှာ သတ္တဝါလေးတွေရှိပါတယ်၊ တိရစ္ဆာန်လေးတွေ ပိုးကောင်းလေးတွေ ရှိပါတယ်။ အဲဒီ သတ္တဝါလေးတွေ မျှတကြပါစေ၊ စားကြပါစေဆိုတဲ့ မွန်မြတ်တဲ့စိတ်ထားနဲ့ အိုးဆေး

ရေ၊ ခွက်ဆေးရေတွေကို ရေအိုင်ထဲ ရေမြောင်းထဲ မှာသွန်ရင် ကောင်းမှုဖြစ်တဲ့အကြောင်း ဒါနကုသိုလ်ဖြစ်တဲ့အကြောင်း ငါဘုရား ဟောတော်မူပါတယ်။

လူသားတွေကို ပေးလှူရာမှာတော့ ကောင်းမှုဖြစ်တယ်၊ ဒါနကုသိုလ်ဖြစ်တယ်လို့ ပြောဆိုစရာတောင် မလိုတော့ပါ။ ဒါပေမဲ့ သီလရှိတဲ့ပုဂ္ဂိုလ်အား ပေးလှူတာကသာ အကျိုးရှိပါတယ်၊ အကျိုးကြီးပါတယ်လို့ ငါဘုရားဟောတော် မူပါတယ်။

သီလမရှိတဲ့ပုဂ္ဂိုလ်အား ပေးလှူတာကိုတော့ အကျိုးရှိပါတယ်၊ အကျိုးကြီးပါတယ်လို့ ငါဘုရား ဟောတော်မမူပါ။ 'သီလရှိသူ' ဆိုတဲ့နေရာမှာလဲ အင်္ဂါငါးပါးကို ပယ်ပြီးတဲ့သူ၊ အင်္ဂါငါးပါးနဲ့ ပြည့်စုံသူ ဖြစ်ရပါမယ်။

အင်္ဂါငါးပါးကို ပယ်ပြီးတဲ့သူဆိုတာ-

၁။ ငါးဖြာအာရုံကာမဂုဏ်ကို လိုလားခြင်းဆိုတဲ့ ကာမစ္ဆန္ဒကို ပယ်ပြီးသူ၊

၂။ ပျက်စီးစေလိုခြင်းဆိုတဲ့ ဗျာပါဒကို ပယ်ပြီးသူ၊

၃။ လေးလံထိုင်းမှိုင်းခြင်းဆိုတဲ့ ထိန၊ မိဒ္ဓကို ပယ်ပြီးသူ၊

၄။ ပျံ့လွင့်ခြင်း နောင်တတဖန်ပူပန်ခြင်းဆိုတဲ့ ဥဒ္ဓစ္စ ကုက္ကုစ္စကို ပယ်ပြီးသူ၊

၅။ မဆုံးဖြတ်နိုင် မဝေခွဲနိုင်ခြင်းဆိုတဲ့ ဝိစိကိစ္ဆာကို
ပယ်ပြီးသူ- ဖြစ်ရပါမယ်။

အင်္ဂါငါးပါးတို့နဲ့ ပြည့်စုံသူဆိုတာ-

၁။ ရဟန္တာတို့၏ ဥစ္စာဖြစ်သော သီလတရားအစုနဲ့ ပြည့်စုံသူ၊

၂။ ရဟန္တာတို့၏ ဥစ္စာဖြစ်သော သမာဓိတရားအစုနဲ့ ပြည့်စုံသူ၊

၃။ ရဟန္တာတို့၏ ဥစ္စာဖြစ်သော ပညာတရားအစုနဲ့ ပြည့်စုံသူ၊

၄။ ရဟန္တာတို့၏ ဥစ္စာဖြစ်သော ဝိမုတ္တိတရားအစုနဲ့ ပြည့်စုံသူ၊

၅။ ရဟန္တာတို့၏ ဥစ္စာဖြစ်သော ဝိမုတ္တိဉာဏ်အမြင်အစုနဲ့ ပြည့်စုံသူ ဖြစ်ရပါမယ်။

အင်္ဂါငါးပါးတို့ကို ပယ်ပြီးတဲ့သူ၊ အင်္ဂါပါးတို့နဲ့ ပြည့်စုံတဲ့သူဆိုတာ ရဟန္တာပုဂ္ဂိုလ်ဖြစ်ပါတယ်။

အဲဒီလို အင်္ဂါ ငါးပါးတို့ကို ပယ်ပြီးတဲ့, အင်္ဂါငါးပါးတို့နဲ့ ပြည့်စုံတဲ့ ရဟန္တာအရှင်မြတ်ကို ပေးလှူခြင်းကသာ အကျိုးရှိကြောင်း အကျိုးကြီးကြောင်း ဝစ္ဆဂေါတ္တပရိဗိုဇ်အား မြတ်စွာ

ဘုရား မိန့်ကြားတော်မူပါတယ်။

ကဲ-ဒါကြောင့်မို့ နံပါတ်-၄ အနေနဲ့ ဒီနေ့ ကြွရောက်လာကြတဲ့ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့တွေမှာ မြတ်စွာဘုရားကို အကြောင်းပြုပြီးတော့၊ သံဃာတော်အရှင်မြတ်များကို အကြောင်းပြုပြီးတော့၊ စွန့်ကြဲပေးကမ်းလှူဒါန်းမှုဆိုတဲ့ ဒါနတရား စာဂတရား တိုးပွားပြီဆိုတာ အထူးပြောစရာ မလိုတော့ပါဘူး။

## လှူတဲ့အခါ ပြည့်စုံရမည့် အင်္ဂါသုံးမျိုး

ဒါကြောင့်မို့ မိမိတို့က နည်းနည်း၊များများ စွန့်ကြဲ ပေးကမ်းလှူဒါန်းတဲ့အခါမှာ လှူဒါန်းတဲ့ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း စေတနာသုံးတန် ပြဋ္ဌာန်းရပါမယ်။

ကဲ- ဒါကြောင့်မို့ ဦးဇင်းတို့ပဲဖြစ်ဖြစ် တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့ပဲဖြစ်ဖြစ် လှူပြီဆိုရင်လှူတဲ့ ပုဂ္ဂိုလ်တွေမှာ ပြည့်စုံရမည့်အင်္ဂါသုံးမျိုးရှိပါတယ်။

ကဲ- လိုက်ဆိုကြရအောင်-

**မလှူခင်မှာ ဝမ်းမြောက်ပါ၊**

**လှူနေစဉ်လည်း ဝမ်းမြောက်ပါ၊**

**လှူပြီးကာလည်း ဝမ်းမြောက်ပါ၊**

**ပုဗ္ဗေ ဝ ဒါနာသုမနော ဟောတိ၊ ဒဒံစိတ္တံ ပသာဒယေ
ဒတ္တွာ အတ္တမနော ဟောတိ၊ သော ယညဿသမ္ပဒါ၊**

အဲဒီဂါထာကို မြန်မာလို အရှင်းဆုံးပြောရရင် ဦးဇင်းတို့ သူတော်စင်တို့တတွေ စွန့်ကြဲပေးကမ်းလှူဒါန်းပြီဆိုရင် မိမိတို့ စွန့်ကြဲပေးကမ်း လှူဒါန်းတိုင်း,လှူဒါန်းတိုင်း ရာဖြစ်စေ ထောင်ဖြစ်စေ သောင်းဖြစ်စေ သိန်းဖြစ်စေ လှူဒါန်းပြီဆိုရင် လှူဒါန်းတဲ့အခါမှာ မိမိတို့အလှူဒါနအာရုံပြုပြီးတော့ မလှူခင်မှာ ဝမ်းမြောက်ရပါမယ်။ ဝမ်းမြောက်ပြီးတော့ နေရပါမယ်။ ကြည်လင်ပြီးတော့နေရပါမယ်။ ရွှင်ပျပြီးတော့နေရပါမယ်။

ယနေ့ ပင်မဓမ္မဒါနကုသိုလ်ရှင်ဖြစ်တဲ့ ကိုဇော်နိုင်+ မခင်နှင်းနှင်းရီတို့ တရားပွဲကျင်းပမယ်ဆိုတော့ မကျင်းပခင်ထဲက မိမိတို့ သန္တာန်မှာ, ဒီနေ့ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ တတွေလည်း ဒီအတိုင်းပဲပေါ့။

မလှူခင်အချိန်ကစပြီးတော့ ဒို့လှူမယ်တန်းမယ် ဆိုပြီးတော့ ဗုဒ္ဓဘာသာဝင်သူတော်စင်တိုင်း သူတော်စင် တိုင်းရဲ့ နှလုံးသားထဲမှာ မလှူခင်ကထဲက ဝမ်းမြောက်ဝမ်းသာ ဖြစ်ခြင်းဆိုတဲ့ ပုဗ္ဗစေတနာတွေ ပြည့်စုံပြီးတော့ နေခဲ့ကြပါတယ်။ ဘာစေတနာ

ပြည့်စုံပြီး နေခဲ့ကြပါသလဲ?

“ပုဗ္ဗစေတနာပြည့်စုံပြီး နေခဲ့ကြပါဘုရား”။

နောက်- လှူနေစဉ်လည်း ဝမ်းမြောက်ပါတဲ့။ ရေစက်ချပြီး လှူဒါန်းနေတဲ့အချိန်၊ ကိုယ်ထိလက်ရောက် ဆက်ကပ်လှူဒါန်းနေတဲ့အချိန်၊ သံဃာတော်တွေကို ဆွမ်းလောင်းနေတဲ့အချိန် ဆွမ်းဆက်ကပ်လှူဒါန်းနေတဲ့အချိန်၊ ရှင်ပြု နားသအလှူတော်မင်္ဂလာပြုလုပ်ပြီဆိုရင် မိမိတို့ လှူဖွယ်တန်းဖွယ်အသွယ်သွယ်တွေ လှူဒါန်းပြီးတော့နေတဲ့အချိန် ဆက်ကပ်ပြီးတော့နေတဲ့အချိန်ပေါ့။

အခုလို ဓမ္မဒါန တရားအလှူ ပေးလှူပြီဆိုရင် ဓမ္မဒါနတရားအလှူပေးလှူနေတဲ့အချိန်၊ စွန့်ကြဲပေးကမ်း လှူဒါန်းနေတဲ့အချိန်မှာလည်း ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး နေရပါမယ်။

ဒါကြောင့်မို့ အဲဒီစေတနာကျတော့ မုဥ္စစေတနာ-တဲ့။ ဘာစေတနာတဲ့လဲ?။

“မုဥ္စစေတနာပါဘုရား”။

ဒါဆိုရင် ဦးဇင်းတို့ လှူဒါန်းတဲ့အခါ သိပ်အရေးကြီးတာပေါ့။

## နေ့ရောညပါ ကုသိုလ်တွေ တိုးလို့နေ

နောက် ဆက်ပြီးတော့ ''လှူပြီးခါလည်း ဝမ်းမြောက်ပါ''တဲ့။

ဦးဇင်းတို့တတွေ သူတော်စင်တို့တတွေ မိမိတို့ ဗုဒ္ဓ ဘာသာဝင် သူတော်စင်တိုင်း၊သူတော်စင်တိုင်း အလှူရေစက် လက်နှင့် မကွာဆိုသလိုပဲ လှူတာမ်းနေကြတာပါ။

နည်းနည်းလှူလှူ များများလှူလှူ မိမိတို့ အလှူဒါန ပြုပြီဆိုရင် အလှူဒါနပြုပြီးတော့ ဝမ်းမြောက်နေရမှာပါ၊ ဝမ်းသာပြီးတော့နေရမှာပါ။ ကြည်နူးပြီးတော့နေရမှာပါ။

တာမှာတော့ **''ဒတွာ အတ္တမနော ဟောတိ''**တဲ့၊

မိမိတို့ စွန့်ကြဲပေးကမ်း လှူဒါန်းပြီးပြီဆိုရင် စွန့်ကြဲ ပေးကမ်း လှူဒါန်းတာကိုအာရုံပြုပြီးတော့ ဝမ်းသာပြီးတော့ နေရပါမယ်၊ ကြည်နူးပြီးတော့ နေရပါမယ်၊ ကျေနပ်ပြီးတော့ နေရပါမယ်။ အားရပြီးတော့ နေရပါမယ်။

ဦးဇင်းတို့တတွေ ကြွရောက်လာကြတဲ့ တရားနာ ပရိသတ် အပေါင်း သူတော်ကောင်းတို့တတွေ လှူဒါန်းပြီဆိုရင်

ဥပမာ- မိမိတို့ရဲ့ ရှင်ပြုနားသအလှူတော်မင်္ဂလာ၊ မိမိတို့ရဲ့ ဓမ္မဒါနမင်္ဂလာ နေ့စဉ်နေ့စဉ် ဆွမ်းချက်ပြီးတော့ ဟုတ်လား၊

ဆွမ်းလောင်းတဲ့ အလှူတော်မင်္ဂလာတွေစတဲ့၊ သို့မဟုတ် နေ့စဉ် နေ့စဉ် ဘုရားကိုဆွမ်းတော်တင်တယ်၊ ပန်း,ရေချမ်း ဆီမီးကပ် လှူတယ် အဲဒီလို အလှူဒါနပေါ့။

ကဲ-မိဘတွေကို ပြုစုတယ်၊ လှူတယ်တန်းတယ် ပေးတယ် ကမ်းတယ်။ ဆရာသမားတွေကို လှူတယ် တန်းတယ် ပေးတယ် ကမ်းတယ်။ အဲဒီလို အလှူဒါနတွေကို အာရုံပြုပြီးတော့နေ၊ သတိရပြီးတော့နေရင် အဲဒီပုဂ္ဂိုလ်တွေမှာ နေ့ရော,ညပါ အမြဲထာဝရ ကုသိုလ်တွေ တိုးပြီးတော့နေပါတယ်။

ကုသိုလ်ကံထဲမှာဆိုရင် ကံလေးမျိုးထဲမှာဆိုရင် အာစိဏ္ဏကံ ကုသိုလ်။ ဝါ- မိမိဒါနနဲ့ စပ်ပြီးတော့ပေါ့၊ တစ်ကြိမ်တစ်ခါ ပြုထားအုံးတော့။ အဲဒီပြုထားတဲ့ ကုသိုလ်လေးကို အာရုံပြု ပြီးတော့ သတိရပြီးတော့နေတယ်၊ အောင့်မေ့ပြီးတော့နေတယ်။ အဲဒီကုသိုလ်ကံကို ဒါနနဲ့ စပ်ပြီးတော့ အာစိဏ္ဏကံကုသိုလ်လို့ ခေါ်တာပေါ့။

အမြဲတမ်း နေ့စဉ်နေ့စဉ် ဘုရားကို ပန်းရေချမ်း သစ်သီးတွေ လှူဒါန်းပြီးတော့ နေကြတယ်၊ သံဃာတော်တွေ ဆွမ်းလောင်း တယ်။ အဲဒါကိုတော့ အမြဲတမ်းလှူတဲ့ ကုသိုလ်လို့ အထူးပြော စရာမလိုတော့ပါဘူး။

ထို့အတူ နေ့စဉ်နေ့စဉ် ဘုရားရှိခိုးတယ်၊ နေ့စဉ်နေ့စဉ် ပုတီး

စိပ်တယ်၊ တရားအားထုတ်တယ်၊ အဲဒီလိုဆိုရင်လည်း အာစိဏ္ဏကံ ကုသိုလ်ပေါ့နော်။

အဲဒီလို အာစိဏ္ဏကံ ကုသိုလ်တွေဖြစ်အောင် ကြိုးစား ရပါမယ်။ ဒါကြောင့်မို့ ခုနက ``လှူပြီးခါလည်း ဝမ်းမြောက်ပါ'' တဲ့။ မိမိတို့ လှူဒါန်းပေးကမ်းပြီးပြီဆိုရင် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေရင် မိမိရဲ့ ကုသိုလ်က ပိုပြီး တိုးနေပါတယ်။

## စာဂါနုဿတိဘာဝနာ ဖြစ်နေတယ်

ဦးဇင်းတို့ ဘာဝနာကမ္မဋ္ဌာန်းလေးဆယ်ထဲမှာ စာဂါ နုဿတိ ဘာဝနာတဲ့၊ ပရိသတ်တို့ ပြောကြည့်ပါ။ ဘာ ဘာဝနာ တဲ့လဲ?

``စာဂါနုဿတိဘာဝနာပါဘုရား''၊

အေး- ဘာဝနာကမ္မဋ္ဌာန်းလေးဆယ်ထဲမှာ စာဂါ-နုဿတိဘာဝနာဆိုတာ မိမိတို့ကိုယ်တိုင် စွန့်ကြဲပေးကမ်း ထားတာတွေကို အဖန်ဖန်အထပ်ထပ် အမှတ်ရပြီးနေတာ၊ အောင့်မေ့ပြီးနေတာ၊ သတိရပြီးနေတာ။

ဒါကြောင့်မို့ သူတော်ကောင်းတို့တွေ ခုနကပြောပြခဲ့တဲ့ အတိုင်း ဘုရားကို ပန်း၊ ရေချမ်း၊ ဆီမီး လှူဒါန်းတာက စပြီးတော့ ဒါနကုသိုလ်တွေ နေ့စဉ်နေ့စဉ်လဲ ပြုပြီးတော့ နေမယ်၊ သတိရ ပြီးတော့ နေမယ်။

ကြီးကြီးကျယ်ကျယ် ရှင်ပြုတဲ့ကုသိုလ်၊ ကြီးကြီး ကျယ်ကျယ် ရဟန်းခံတဲ့ကုသိုလ်၊ ကြီးကြီးကျယ်ကျယ် ကျောင်းတွေလှူတဲ့ကုသိုလ်၊ ဗိမာန်တွေလှူတဲ့ကုသိုလ်၊ ဓမ္မာရုံတွေ လှူတဲ့ကုသိုလ်၊ သိမ်တွေလှူတဲ့ကုသိုလ်၊ ကျောင်းတိုက်တည်ဖို့ရန် မြေလှူတဲ့ကုသိုလ်၊ အခုလို ဓမ္မဒါန အလှူတွေကတော့ အမြဲကို သတိရနေရမှာပါ၊ အားရပြီးတော့ နေရမှာပါ။ ကျေနပ်ပြီးတော့ နေရမှာပါ။ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြီးတော့ နေရမှာပါ။

အဲဒီလိုနေရင် မိမိရဲ့သန္တာန်မှာ စာဂါနုဿတိဘာဝနာ ကမ္မဋ္ဌာန်းလည်း ဖြစ်ပြီးတော့နေပါတယ်။ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းပြီးသားတောင်ဖြစ်နေတာပါ။

အဲဒီ စာဂါနုဿတိဘာဝနာဖြစ်ပြီးတော့ စွန့်ကြဲ ပေးကမ်း လှူဒါန်းတဲ့ လှူဖွယ်ဝတ္ထုတွေ အလှူခံပုဂ္ဂိုလ်တွေကို အာရုံပြုပြီး အဲဒီ စွန့်ကြဲပေးကမ်းတဲ့ လှူဖွယ်ဝတ္ထုတွေရော၊ အလှူခံပုဂ္ဂိုလ်တွေရော၊ မိမိရော မမြဲပုံ ဆင်းရဲပုံ အစိုးမရပုံ အနိစ္စ ဒုက္ခ အနတ္တလက္ခဏာတွေ ဆင်ခြင် သုံးသပ်ပြီဆိုရင် ဝိပဿနာ ဘာဝနာတောင် ဖြစ်ပြီပေါ့။

ဒါကြောင့် ကဲ အခု မိမိတို့ မြတ်စွာဘုရားကို အကြောင်းပြုပြီးတော့၊ တနည်းအားဖြင့် ရဟန်းသံဃာတော် အရှင်မြတ်တွေကို အကြောင်းပြုပြီးတော့၊ အမှိကောင်းကို အကြောင်းပြု

ပြီးတော့ အမိုကောင်းရတဲ့အတွက် ဦးဇင်းတို့တတွေ တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့တတွေမှာ နံပါတ်-၄ ကြီးပွားရမည့်တရားက စာဂတရား။ ဘာတရားတဲ့လဲ?..

"စာဂတရားပါဘုရား"။

## နံပါတ်ငါး ကြီးပွားရမည့်တရား

နောက် နံပါတ်ငါး ကျတော့

**ပညာယ ဝဍ္ဍတိ၊**

**ပညာယ**-အသိဉာဏ်ပညာဖြင့်၊ **ဝဍ္ဍတိ**-အမြဲမသေ ကြီးပွား၍နေ၏။

နံပါတ်-၅ ကြီးပွားမည့်တရားက ဘာတရားတဲ့လဲ?

"ပညာတရားပါဘုရား"၊

အဲဒီ အသိဉာဏ်ပညာတွေ မိမိတို့မှာ ကြီးပွားပြီးတော့ နေရပါမယ်။ တိုးပွားပြီးတော့လဲ နေရပါမယ်။ မိမိတို့ ကိုးကွယ် ဆည်းကပ်တဲ့ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ အဲဒီလို ရတနာမြတ်သုံးဖြာကို အကြောင်းပြုပြီးတော့ မိမိတို့ သန္တာန်မှာ ပညာတရားတွေ ကြီးပွားအောင် တိုးပွားအောင် ကြိုးစား ကြရပါမယ်။

ဦးဇင်းတို့ ဗုဒ္ဓစာပေမှာ ပညာတွေကတော့ နံပါတ်တစ်

ကမ္မသကတပညာတဲ့၊ ကံနှင့်ကံရဲ့အကျိုးတရားကို သိမြင်တဲ့ ပညာ၊ သဒ္ဓါတရားထဲမှာလည်း ပါပြီးပါပြီ။

ကောင်းတာလုပ်ရင် ကောင်းကျိုးရမယ်၊ မကောင်းတာ လုပ်ရင် မကောင်းကျိုးရမယ်။ အဲဒီလို ကမ္မသကတ ဉာဏ်ပညာတဲ့၊ ကံနှင့်ကံရဲ့အကျိုးတရားကို သိမြင်တဲ့ ပညာတဲ့။ ဗုဒ္ဓဘာသာဝင် သူတော်စင်တိုင်း,သူတော်စင်တိုင်း ကလေးဘဝကစပြီးတော့ သိခဲ့ကြပါတယ်။

ဥပမာ ကလေးလေး ဟုတ်လား၊ တိရစ္ဆာန်လေးတွေကို သတ်နေတယ်ဆိုပါတော့၊ ညှင်းဆဲနေတယ်ဆိုပါတော့၊ "ဟဲ့-ကောင်လေးသွား၊ မသတ်နဲ့၊ သွား၊ မညှင်းဆဲနဲ့၊ ငရဲကြီးလိမ့်မယ်" အဲဒီလိုစသည်ဖြင့် အမေတွေက ဆုံးမကြပါတယ်။ မဆုံးမကြဘူးလား?၊

"ဆုံးမကြပါတယ်ဘုရား"။

အဲသလို ဆုံးမတဲ့အခါမှာ ဩော်- မကောင်းတာ လုပ်ရင် မကောင်းကျိုးရတယ်၊ မကောင်းတာတွေခံရတယ်။ အဲဒီလိုသိတာ ကမ္မသကတပညာပေါ့၊ ဗုဒ္ဓဘာသာဝင် သူတော်စင်တိုင်း, သူတော်စင်တိုင်း မိကောင်းဖခင် ဆရာသခင်တွေက လူကြီးသူမတွေက မိမိတို့ကို ဆုံးမခဲ့ကြတာ ဟုတ်လားနော်၊ ကောင်းတာလုပ်ရင် ကောင်းကျိုးရမယ်၊ မကောင်းတာလုပ်ရင် မကောင်းကျိုး

တွေ့ရတယ်လို့ အဲဒီလို ကံနှင့်ကံရဲ့အကျိုးတရားကို သိမြင်ကြပါတယ်။

အဲဒီပညာကိုတော့ အထူးပြောစရာ မလိုတော့ပါဘူး။ အောက်ထစ်ဆုံး ကမ္မသကတာပညာ ဒီပရိသတ်ထဲမှာအားလုံး ရှိကြပါတယ်၊ အားလုံးပြည့်စုံကြပါတယ်။

## စိတ်တစ်ခုယုတ်ကိုးဆယ်

နောက် ဈာနပညာတဲ့၊ ဘာပညာတဲ့လဲ?

"ဈာန ပညာပါဘုရား"၊

ဈာနပညာ၊ ဦးဇင်းတို့ အဘိဓမ္မာမှာ ရူပါဝစရစိတ် အရူပါဝစရစိတ်ဆိုတာရှိပါတယ်၊ တနည်းအားဖြင့် မဟဂ္ဂုတ်စိတ်လို့ ခေါ်ပါတယ်။ အဘိဓမ္မာလေ့လာရင်ပေါ့နော်။ စိတ်တစ်ခုယုတ်ကိုးဆယ်။ ဘာတဲ့လဲ?

"စိတ်တစ်ခုယုတ်ကိုးဆယ်ပါဘုရား"၊

အဲဒီ စိတ်တစ်ခုယုတ်ကိုးဆယ်ဆိုတာ ကိုးဆယ်ပြည့်ဘို့ တစ်ခုပဲလိုတာကို ပြောတာပါ။ စိတ်က တစ်ခု၊ ရုပ်က ကိုးဆယ်လို့ပြောတာ မဟုတ်ပါဘူး။ စိတ် ၈၉-ပါးပေါ့။

အဲဒီထဲ ရူပါဝစရစိတ်က ၁၅-ပါး၊ အရူပါဝစရစိတ်က ၁၂-ပါး၊ အဲဒါကို မဟဂ္ဂုတ်စိတ် ၂၇-ပါးလို့ခေါ်ပါတယ်။

# အရှင်ဣန္ဒကာဘိဝံသ

ရူပါဝစရ၊ အရူပါဝစရဈာန်ထဲမှာ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာဆိုတဲ့ ဈာန်အင်္ဂါငါးပါးနှင့်ပြည့်စုံတဲ့ ပထမဈာန်။ ထို့အတူပဲ ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် ပဉ္စမဈာန် အဲဒီလို ဈာန်တရားတွေနဲ့စပ်ဆိုင်တဲ့ အသိဉာဏ်ပညာ။ ကဲ- တချို့ ဈာန်တရားတွေရတယ်၊ ဈာန်နဲ့ပျံတယ် အဲဒီလိုသိကြတယ် မဟုတ်လား၊ အဲဒီဈာန်တရားတွေနဲ့ စပ်ဆိုင်တဲ့ အသိဉာဏ်ပညာ တွေရအောင် မိမိတို့ ကြိုးပွားအောင် ဆက်ပြီးတော့ ကြိုးစားမယ်ပေါ့နော်။ ခုနက ကမ္မဿကတဉာဏ်ကတော့ လူတိုင်း လူတိုင်းမှာ ရပါပြီ။

ဒီ ဈာနပညာကတော့ ဖြေးဖြေးချင်း ဖြည့်ပြီးတော့ သွားရတာပေါ့နော်။ ဒီဈာနပညာကို မိမိတို့ မရသေးတောင် တစ်နေ့ နေ့တစ်ချိန်ချိန်မှာ ဒီရူပါဝစရ၊အရူပါဝစရဈာန်နဲ့ စပ်ဆိုင်တဲ့ အသိဉာဏ်ပညာတွေရအောင် ကြိုးစားမယ် သမထကမ္မဋ္ဌာန်းတွေ အားထုတ်ပြီဆိုရင် တချို့ မိုးပျံနိုင်တယ်ဆိုပါတော့။

အဲဒီလို မပျံနိုင်ပေမဲ့ ဦးဇင်းတို့ သူတော်စင်တို့တတွေ ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းပွားများအားထုတ်တဲ့အခါမှာ ဝိတက်ရယ် ဝိစာရရယ် ပီတိရယ် သုခရယ် ဧကဂ္ဂတာရယ် ဆိုတဲ့ ဈာန်အင်္ဂါ တွေ ဈာန်တရားနဲ့စပ်ဆိုင်တဲ့ အသိဉာဏ်ပညာတွေ မိမိတို့ရဲ့ သန္တာန်မှာ ဖြစ်ပါတယ်။ ဈာန်တရားတွေနဲ့စပ်တဲ့ အသိပညာတွေ တိုးပွားရပါမယ်။

## ရဟန်းတွေ အားထုတ်ရမည့်တရား

နောက် ဝိပဿနာပညာတဲ့၊ ဘာပညာတဲ့လဲ?

''ဝိပဿနာပညာပါဘုရား''၊

ဝိပဿနာပညာဆိုတာ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာ ယဉ်သုံးပါး၊ ခန္ဓာငါးပါး ရုပ်နာမ်တရားပေါ်မှာ- ခန္ဓာငါးပါး ဆိုတာ ရူပက္ခန္ဓာ ဝေဒနက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ၊ အဲဒီလို ခန္ဓာငါးပါးအပေါ်မှာ၊

တနည်းအားဖြင့် ပြောမယ်ဆိုရင် ရုပ်နာမ်တရား အပေါ်မှာ အနိစ္စ-မမြဲပုံ၊ ဒုက္ခ-ဆင်းရဲပုံ၊ အနတ္တ-အစိုးမရပုံ၊ အနိစ္စ ဒုက္ခ အနတ္တ ဤလက္ခဏာသုံးပါး မြင်အောင် ရှုမှတ်ပွားများတဲ့ ဝိပဿနာပညာတဲ့။

ဒီဝိပဿနာပညာကို ကဲ- ဦးဇင်းတို့ ရိပ်သာတွေမှာ သွားပြီး အားထုတ်ကြပါတယ်။ ဆရာတော်တွေ နည်းပေးတဲ့အတိုင်း မိမိတို့အိမ်မှာ အားထုတ်ကြပါမယ်။ လူချောတိတ်ချိန် ဆိုပါတော့။ သို့မဟုတ် အိပ်ရာဝင် အိပ်ရာထ တိတ်ဆိတ်တဲ့ အချိန်မှာပေါ့။ တိတ်ဆိတ်တဲ့အချိန်မှာ ဟုတ်လား၊

မိမိတို့ တင်ပလ္လင်ခွေထိုင်ပြီး ဖောင်းတယ် ပိန်တယ် မှတ်မယ်။ ဝင်လေထွက်လေ သတိကပ်ပြီးတော့ ရှုမှတ် ပွားများမယ်။

အဲဒီလို ဝိပဿနာဘာဝနာတွေ ပွားများပြီးတော့ ပေးပါ။

ဝိပဿနာဘာဝနာ ပွားများပေးမယ်ဆိုရင်၊ အဲဒီ အမျိုးကောင်း သား အမျိုးကောင်းသမီးတွေရဲ့သန္တာန်မှာ ယောဂီသူတော်စင်ရဲ့ သန္တာန်မှာ ဝိပဿနာပညာတဲ့၊ ဘာပညာတဲ့လဲ?

"ဝိပဿနာပညာပါဘုရား"။

ဝိပဿနာပညာတွေ တိုးတက်ပါမယ်၊ ဝိပဿနာပညာ တိုးပွားပြီးတော့နေပါမယ်။ ဝိပဿနာပညာတွေနဲ့ ကြီးပွား ပြီးတော့နေပါမယ်။ ဒါကတော့ ပိုကောင်းတာပေါ့နော်။ ဦးဇင်း တို့တတွေ သူတော်စင်တို့တတွေ အားထုတ်ရမှာပါ၊ ပွားများရမှာ ပါ။ ရဟန်းသံဃာတော်တွေက ပိုပြီးတော့ ပွားများရမှာပေါ့။

ဒါကြောင့်မို့ စာမှာကျတော့ ဘယ်လိုလဲဆိုရင် "သမဏ ဓမ္မ"တဲ့။ ဘယ်လိုတဲ့လဲ?

"သမဏဓမ္မပါဘုရား"

"**သမဏ**"ဆိုတာ ရဟန်းတော်တို့၏၊ "**ဓမ္မ**"ဆိုတာ အား ထုတ်ရမည့် ကျင့်သုံးရမည့်တရားတဲ့။ စာမှာတော့ "**သမဏဓမ္မ**" လို့ သုံးပါတယ်။ ရဟန်းတော်တွေ အားထုတ်ရမည့်တရား၊ အားထုတ်ကြရမည့်တရားပေါ့။

ဒီခေတ် ရိပ်သာတွေကြည့်လိုက်ပြီဆိုရင် ပရိသတ်တွေ ထဲမှာ လူပရိသတ်တွေကများပြီးတော့နေတာ။ လူတွေထဲမှာလဲ အမျိုးသမီးယောဂီတွေက ပိုပြီးတော့ မများဘူးလား?

''များပါတယ်ဘုရား''၊

အခု တရားနာ ပရိသတ်တွေလဲ ကြည့်ပေါ့။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေ အထူးပြောစရာ မလိုတော့ပါဘူး။

ဒါကြောင့်မို့ ခုနက သမဏာဓမ္မကို ဦးဇင်းတို့ ဆရာတော်ကြီးတွေက မိမိတို့ရဲ့တပည့်ရင်းချာတွေ ကိုရင်တွေ ဦးဇင်းတွေ ဆုံးမတဲ့အခါမှာ ''**သမဏာဓမ္မ**''ကို '**ဂိဟိဓမ္မ**'လို့တောင် ပြောင်းရမလိုဖြစ်နေပြီလို့တောင် မိန့်တော်မူကြပါတယ်။

ဂိဟိဓမ္မဆိုတာ ဘာတဲ့လဲ၊ 'ဂိဟိ'ဆိုတာ လူဝတ်ကြောင်ပေါ့။ ဓမ္မဆိုတာ အားထုတ်တဲ့တရား။ လူဝတ်ကြောင်တွေ အားထုတ်တဲ့တရား၊ လူတွေ အားထုတ်တဲ့တရား။ အဲဒီလိုတောင် ပြောင်းရမယ်တဲ့။ ဆရာတော်ကြီးတွေက မိမိတို့ရဲ့ တပည့်ရင်းချာ သံဃာတော်တွေကို အဆုံးအမဩဝါဒ ပေးတဲ့အခါမှာ အဲဒီလိုတောင် မိန့်တော်မူကြပါတယ်။

ဘာပြုလို့လဲဆိုတော့ ရဟန်းသံဃာတော်တွေ မိမိတို့ရဲ့ ကိုရင်,ဦးဇင်းတွေ အားထုတ်စေချင်လို့ပေါ့နော်၊ မမေ့အောင်လို့။ ဆရာတော်သံဃာတော်တွေ အားထုတ်ရမှာပါ။

## တရားထိုင်တာ ဝါသနာပါနေမှာပါ

ဒီခေတ်မှာဆိုရင် တချို့ဆရာတော်တွေ စာဝါပြီးတဲ့ အချိန်

စာဝါနားတဲ့အချိန်မှာဆိုရင် တရားအားထုတ်ကြပါတယ်။ ထို့အတူ ပဲ နေ့စဉ်နေ့စဉ်လဲ အချိန်ပေးပြီးတော့ တရားအားထုတ်ကြပါ တယ်။

ကျောင်းမှာလည်း ဘုရားဝတ်တက်ပြီးပြီဆိုရင် ၁၅-မိနစ် ပွားနိုင်းပါတယ်။ နောက်- အိပ်ရာဝင်ပြီဆိုရင်လည်း ၁၅-မိနစ် လောက် ပွားနိုင်းပါတယ်။ မိမိတို့မအိပ်ခင် အိပ်မပျော်ခင် အိပ်ရာထဲမှာ တရားလေးမှတ်ပြီးတော့ အိပ်တော့ ပိုကောင်းတာ ပေါ့နော်။

စာသင်တိုက်ဆိုတော့ စာကိုတော့ ပရိယတ်ကိုတော့ ဦးစား ပေးရတာပေါ့။ ဒါပေမယ်လို့ ငယ်ရွယ်စဉ်ကစပြီးတော့ ဦးဇင်း လေး,ကိုရင်လေးဘဝကစပြီးတော့ တရား အားထုတ်ပြီး ပေးရပါ တယ်။ တရားမှတ်ပြီးတော့ပေးရပါတယ်။ တရားထိုင်ပြီးတော့ ပေးရပါတယ်၊ ဟုတ်လားနော်။ ဒါမှ တရားအားထုတ်တာ တရား ထိုင်တာ ဝါသနာပါနေမှာပါ။

ဆွမ်းစားတဲ့အချိန်မှာ ဆွမ်းကိုမစားချင်လည်း စားရသလို ပဲပေါ့။ တရားထိုင်ချင်လည်း တရားထိုင်ရပါမယ်၊ တရားမထိုင် ချင်ပေမဲ့လည်း ထိုင်ပြီးတော့ပေးရပါမယ်။

ဒါကြောင့်မို့ ကဲ-ပရိသတ်အပေါင်း သူတော်ကောင်းတို့တ တွေ ယောဂီသူတော်စင်တို့တတွေ မိမိတို့သန္တာန်မှာ ပညာတရား

နဲ့စပ်ပြီးတော့ ဝိပဿနာပညာ။ ဘာပညာ တဲ့လဲ?

''ဝိပဿနာပညာပါဘုရား''။

အဲဒီ ဝိပဿနာပညာကို တိုးပွားအောင်ကြိုးစားပါ။ တကယ်ကို အချိန်ကလေးထားပြီးတော့ အချိန်ပေးပြီးတော့ ၁၅-မိနစ်ဖြစ်စေ၊ သို့မဟုတ် နာရီဝက်ဖြစ်စေ၊ တက်ပြီးတော့ ၄၅-မိနစ် ၁-နာရီပေါ့၊ တရားရှုမှတ်ပြီးတော့ပေးပါ၊ တရားထိုင်ပြီးတော့ပေးပါ။

## အင်္ဂုလိမာလ

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူစဉ်အချိန်က ဖြစ်ပါတယ်။ သာဝတ္ထိပြည်မှာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တာက ပသေနဒီကောသလမင်း ဖြစ်ပါတယ်။

အဲဒီ ပသေနဒီကောသလမင်းရဲ့ နိုင်ငံတော်မှာ အင်္ဂုလိမာလ-လို့ခေါ်တဲ့ တောပုန်းဓားပြ သောင်းကျန်းနေပါတယ်။ အင်္ဂုလိမာလက တွေ့တဲ့လူတွေကို သတ်၊ လက်ချောင်းလက်ညှိုး ဖြတ်ပြီးတော့ လယ်ပင်းမှာ ပခုံးမှာ နွယ်ကြိုးနဲ့သီပြီး လွယ်ထားပါတယ်။

''အင်္ဂုလိ''ဆိုတာ လက်ညှိုးလက်ချောင်း၊ ''မာလာ''ဆိုတာ ပန်းပါ။ လက်ညှိုးလက်ချောင်းတွေကို ပန်းသဖွယ် နွယ်ကြိုး

နဲ့သီကုံးပြီး ပန်ဆင်ထားသူ လွယ်ထားသူလို့ အဓိပ္ပါယ်ရပါတယ်။

အင်္ဂုလိမာလဆိုတဲ့နာမည်ဟာ သူ့ရဲ့နာမည်ရင်း မဟုတ်ပါ။ တကယ်တော့ သူ့ရဲ့နာမည်ရင်းက ''အဟိံသက''တဲ့။ ပရိသတ်ရေ နာမည်ရင်းက ဘာတဲ့လဲ?

''အဟိံသကပါဘုရား''။

အဟိံသက-ဆိုတာ မညှင်းဆဲတတ်သူလို့ အဓိပ္ပါယ် ရပါတယ်။

သူများရဲ့အသက်ကို အသေသတ်ဖို့ နေနေသာသာ၊ ညှင်းတောင် မညှင်းဆဲပါဘူး။ နှိပ်စက်တောင် မနှိပ်စက်ပါဘူး။ အဲသလို အဓိပ္ပါယ်ရပါတယ်။

ဒါပေမဲ့ အင်္ဂုလိမာလဟာ လူဦးရေပေါင်း တစ်ထောင်ကျော်ကို သတ်နေတဲ့ တကယ့် လူသတ်သမားကြီးစစ်စစ် ဖြစ်နေပါတယ်။

အင်္ဂုလိမာလ တောထဲ ရောက်လာရတဲ့အကြောင်း နဲနဲပြောပြပါအုံးမယ်။

အင်္ဂုလိမာလ မွေးဖွားစဉ်အခါက တစ်နိုင်ငံလုံး လက်နက်တွေ အရောင်တလက်လက် ထွန်းနေကြပါတယ်။ စောရနက္ခတ်နဲ့ မွေးဖွားလာလို့ဖြစ်ပါတယ်။ ပုရောဟိတ်ပုဏ္ဏားနဲ့ မန္တာဏီ ပုဏ္ဏေးမတို့က သူတို့ရဲ့သားကို အဟိံသကလို့ နာမည်ပေးကြပါ

တယ်။

အရွယ်ရောက်လာတဲ့အခါ ပညာသင်ဘို့ရာ တက္ကသိုလ်သို့ စေလွှတ်ကြပါတယ်။

အဟိံသကဟာ တက္ကသိုလ်မှာ ပညာသင်တဲ့အခါ ကျင့်ဝတ်နဲ့ပြည့်စုံသူ၊ ဆရာ့အတွက် ဘာလုပ်ပေးရမလဲလို့ အမြဲနားစွင့်နေသူ ဖြစ်ပါတယ်။မြတ်နိုးဖွယ်ရာကိုသာ ပြုလုပ်လေ့ရှိသူ၊ ချစ်ဖွယ်သောစကားကိုသာ ပြောလေ့ရှိတဲ့သူ ဖြစ်ပါတယ်။

အဟိံသကလုလင် ရောက်လာတဲ့အချိန်ကစပြီးတော့ အခြားတပည့်တွေက နေရာမရကြတော့ပါ။ ဦးစားပေး မခံရတော့ပါ။ ဒါကြောင့် အုပ်စုသုံးစုဖွဲ့ပြီးတော့ ဆရာကြီးထံ သွားရောက်ကာ ဂုံးတိုက်စကား ပြောပြကြပါတယ်။ ဆရာကြီးက အစတော့ မယုံပါ။ နောက်တော့ ယုံသွားပါတော့တယ်။

ဆရာကြီးက လူလည်ပါ။ သူကိုယ်တိုင်သတ်ရင် နာမည်ပျက်မှာစိုးလို့ အဟိံသကကို လူပေါင်းတစ်ထောင် သတ်နိုင်းရင် အဲဒီလူတွေထဲက အင်္ဂုလိမာလကို သတ်တဲ့လူပေါ်မှာပါ။

အဟိံသကကို ခေါ်ပြောပါတယ်။

"မင်း လူပေါင်းတစ်ထောင် သတ်ရမယ်။ လူပေါင်း တစ်ထောင်သတ်ရင် မင်းရဲ့အတတ်ပညာရဲ့ အနှီးအပါး ဖြစ်မှာပါ။ အထွဋ်အထိပ်ရောက် တတ်မြောက်မှာပါ"လို့ ပြောပြပါတယ်။

အကျွန်ုပ်က မညှင်းဆဲတဲ့ မသတ်ဖြတ်တဲ့ အမျိုးမှာ ဖြစ်တဲ့ သူပါ။ မသတ်နိုင်ပါ-လို့ ပြောပြပါသေးတယ်။ ချစ်သား … အတတ်ပညာရဲ့ အနိုးအပါးကိုမရရင် ပညာက အကျိုးပေးမှာ မဟုတ်ပါ ဘူး-လို့ ပြောပါတယ်။

အဲဒီတော့မှ အဟိံသကက ဓားႇလေးစတဲ့ လက်နက်တွေကိုယူ၊ ဆရာကြီးကို ရှိခိုးဦးချကာ တောထဲ ရောက်လာရခြင်းဖြစ်ပါတယ်။

အင်္ဂုလိမာလကိုကြောက်လို့ လူတွေ တောထဲကို တစ်ယောက်တည်း မသွားရဲကြပါဘူး။ အဖွဲ့လိုက် အဖွဲ့လိုက် သွားကြရပါတယ်။ နောက် တောထဲတောင် မသွားဝံ့ကြတော့ပါဘူး။

အင်္ဂုလိမာလက လူတွေ တောထဲ မလာကြတဲ့အခါ ရွာတွေထဲ ရွာတွေထဲ ဝင်ဝင်ပြီး သတ်ပါတယ်။ အဲဒီတော့ လူတွေရွာထဲလဲ မနေဝံ့ကြတော့ပါ။ ရွာထဲမှာ လူတွေမရှိကြတော့ နိဂုံးထဲ ဝင်ဝင်ပြီး လူတွေကို သတ်ပါတယ်။

ရှေးအခေါ်အဝေါ်ပေါ့။ ရှေးက ရွာထက်ကြီးရင် လူဦးရေများရင် နိဂုံးတဲ့။ ဘာတဲ့လဲ?

"နိဂုံးပါဘုရား"။

နိဂုံးထက်ကြီးတော့ လူဦးရေများတော့ ဇနပုဒ်တဲ့။ ဘာတဲ့လဲ?

"ဇနပုဒ်ပါဘုရား"။

ဇနပုဒ်ဆိုတာ မြို့တော့ မဟုတ်ဘူးပေါ့၊ မြို့နီးနီး စည်ကား ပါတယ်။

နိဂုံးမှာလဲ အင်္ဂုလိမာလ လာသတဲ့။ လူသတ်သွားသတဲ့။ လက်ညှိုးဖြတ်သွားသတဲ့လို့ ကြားကြရတဲ့အခါ လူတွေ ဇနပုဒ်မှာ လဲ မနေဝံ့ကြတော့ပါဘူး။ လူတွေအားလုံး အင်္ဂုလိမာလကို ကြောက်တာနဲ့ မြို့တက် ပြေးကြပါတော့တယ်။

## စံပြပုဂ္ဂိုလ်တွေ ဖြစ်ရပါမယ်

ဦးဇင်းတို့ မြတ်စွာဘုရားက သက်န်းရုံ သပိတ်ပိုက်ပြီး တော့ သာဝတ္ထိမြို့တွင်း ဆွမ်းခံကြွတော်မူပါတယ်။ ဆွမ်းခံပြန် လာ၊ ဆွမ်းစားပြီး အိပ်ရာနေရာ သိမ်းဆည်းတော်မူပါတယ်။

ရဟန်းတော်တွေ ခရီးသွားတော့မယ်ဆိုရင် ကျောင်း အိပ်ရာ နေရာတွေကို သိမ်းဆည်းရပါတယ်။ ဒါရဟန်းတော်တွေ လိုက်နာ ရတဲ့ စည်းကမ်းပါ၊ ကျင့်ဝတ်ပါ။

ဒါကြောင့်မို့ မြတ်စွာဘုရားက ကိုယ်တော်တိုင် စံပြအနေနဲ့ ခရီးသွားခါနီးမှာ အိပ်ရာနေရာတွေကို သိမ်းဆည်းခြင်း ဖြစ် ပါတယ်။

ဒါ ဦးဇင်းတို့ သူတော်စင်တို့ ခေါင်းဆောင်လုပ်တဲ့ သူတွေ၊

မိဘတွေ ဆရာတွေ အတုယူ လိုက်နာသင့်ပါတယ်၊ အတုယူကာ လိုက်နာကျင့်သုံးသင့်ပါတယ်။

ခေါင်းဆောင်ဆိုတာ, မိဘဆိုတာ, ဆရာဆိုတာ နောက်လိုက်တွေရဲ့ သားသမီးတွေရဲ့ တပည့်တွေရဲ့ စံပြပုဂ္ဂိုလ်တွေဖြစ်ရပါမယ်။

မြတ်စွာဘုရား သပိတ်သင်္ကန်းကိုယူပြီး အင်္ဂုလိမာလ နေတဲ့ တောထဲသို့ တစ်ပါးတည်း ခရီးရှည် ကြွတော်မူပါတယ်။

မြတ်စွာဘုရား အင်္ဂုလိမာလနေတဲ့ တောထဲသို့ တစ်ပါးတည်း ခရီးရှည်ကြွတော်မူတာကို နွားကျောင်းသားတွေ ဆိတ်ကျောင်းသားတွေ လယ်သမားတွေ ခရီးသွားတွေက မြင်ကြပါတယ်။ မြင်တဲ့အခါ မြတ်စွာဘုရားကို အခုလို လျှောက်ထားကြပါတယ်။ အဲဒီ နွားကျောင်းသားစတဲ့ လူတွေက မြတ်စွာဘုရားကို ဘုရားမှန်းတောင် မသိကြပါဘူး။ သာမညရဟန်းတစ်ပါးလို့ပဲ ထင်ကြပါတယ်။ ဒါကြောင့်-

**မာ သမဏ၊ ဧတံ မဂ္ဂံ ပဋိပဇ္ဇိ။**

ရဟန်း ! ဒီလမ်းကို မသွားပါနဲ့။ ဒီခရီးကို မသွားပါနဲ့လို့ တားကြပါတယ်။

နွားကျောင်းသားစတဲ့သူတွေက ဆက်ပြီးတော့ မြတ်စွာဘုရားကို မသိဘူးထင်လို့ အခုလို ပြောပြကြပါတယ်။

## လူသားချင်း စာနာထောက်ထား

ရဟန်း ! ဒီလမ်းမှာ တောထဲမှာ အင်္ဂုလိမာလဆိုတဲ့ လူသတ်သမား သောင်းကျန်းနေပါတယ်။ အင်္ဂုလိမာလ လူသတ်သမား သောင်းကျန်းတဲ့အတွက်ကြောင့် ရွာတွေလဲပျက်ပါပြီ။ နိဂုံးတွေလဲ ပျက်ပါပြီ။ ဇနပုဒ်တွေလဲ ပျက်ပါပြီ။ လူတွေမနေရဲ ကြတော့ပါ။ အင်္ဂုလိမာလက လူတွေကို သတ်၊ လက်ညှိုးကို ဖြတ်ပြီး လက်ညှိုးပန်းတွေကို ပန်ဆင်နေပါတယ်။

ရဟန်း!ဒီလမ်း ဒီခရီးကို လူတွေဆယ်ယောက်၊ အယောက်နှစ်ဆယ်၊ အယောက်သုံးဆယ် အယောက်လေးဆယ် အယောက်ငါးဆယ်စုစုပြီးတော့ သွားကြရပါတယ်။ ဒါပေမဲ့ အဲဒီလူတွေလဲ အင်္ဂုလိမာလလက်က မလွတ်ကြပါဘူး။ အင်္ဂုလိမာလ လက်ထဲ ရောက်ကြရတာပါပဲလို့ မြတ်စွာဘုရားကို ပြောပြကြပါတယ်။

အဲသလို နွားကျောင်းသားစတဲ့လူတွေက ပြောပြကြတဲ့ အခါ မြတ်စွာဘုရားက ဆိတ်ဆိတ်နေတော်မူပါတယ်။ ဘာမျှ ပြန်မပြောပဲ ကိုယ့်လမ်းကိုပဲ ကြွမြဲ ကြွတော်မူပါတယ်။

ခုနကပြောပြသလို နွားကျောင်းစတဲ့လူတွေက မြတ်စွာဘုရားကို ဘုရားမှန်း မသိကြပါဘူး။ ရဟန်းတစ်ပါးလို့ပဲ ထင်ကြပါတယ်။ ရဟန်းဆိုတာလဲ လူသားထဲက ဖြစ်လာတာကိုး။ ဒါကြောင့် နွားကျောင်းသားစတဲ့လူတွေက **လူသားချင်းစာနာ**

ထောက်ထားတဲ့အနေနဲ့ ဒုတိယအကြိမ်မြောက် အထက်ပါ အတိုင်း ပြောပြကြပါတယ်။ မသွားဘို့ရန် တားကြပါတယ်။

အဲသလို နွားကျောင်းသားစတဲ့လူတွေက ဒုတိယ အကြိမ် မြောက် ပြောပြကြတဲ့အခါ၊ မသွားဘို့ တားကြတဲ့ အခါမှာလဲ မြတ်စွာဘုရားက ဆိတ်ဆိတ်နေတော်မူပါတယ်။ ဘာမျှ ပြန်မ ပြောပဲ ကိုယ့်လမ်းကိုပဲ ကြွမြဲကြွတော်မူပါတယ်။

နွားကျောင်းသားစတဲ့လူတွေက ခုနက ပထမဆုံး အကျယ် ပြောပြခဲ့တဲ့အတိုင်း တတိယအကြိမ် ထပ်မံပြီးတော့ ပြောပြ ကြပါတယ်။ မသွားဘို့ရန် တားမြစ်ကြပါတယ်။ အဲသလို တတိ ယအကြိမ် ထပ်မံပြီးတော့ နွားကျောင်းသား စတဲ့လူတွေက ပြော ပြကြပေမဲ့ မြတ်စွာဘုရားကတော့ ထုံးစံ အတိုင်းပါပဲ။ တုဏှီ ဘာဝေ ဆိတ်ဆိတ်နေတော်မူပါတယ်။ ဘာမျှ ပြန်မပြောပဲ ကိုယ့် လမ်းကိုပဲ ကြွမြဲ ကြွတော်မူပါတယ်။

## အင်္ဂုလိမာလ အံ့သြသွား

အင်္ဂုလိမာလက မြတ်စွာဘုရား အဝေးမှာ ကြွလာတာကို မြင်ပါတယ်။ မြင်တော့ အင်္ဂုလိမာလအား အခုလို အကြံဖြစ်ပါ တယ်။

**အစ္ဆရိယံ ဝတ ဘော၊ အဗ္ဘုတံ ဝတ ဘော။**

သူတစ်ယောက်ထဲ ရှိနေပေမယ်လို့ ``အချင်းတို့ ! လက်ဖျောက်ခတ်တီး အံ့ချီးထိုက်ပါပေရဲ့။ အချင်းတို့ ! မဖြစ်ဘူးမြဲ အံ့သြဖွယ်ရာ ဖြစ်ပါပေရဲ့``လို့ အံ့သြလွန်းလို့ ပထမဆုံး သူ့ရဲ့ နှုတ်က ထွက်ဆိုမိပါတော့တယ်။

ဒီလမ်း ဒီခရီးကို သွားကြ လာကြတဲ့သူတွေဟာ ဆယ်ယောက်၊ အယောက်နှစ်ဆယ်၊ အယောက်သုံးဆယ်၊ အယောက်လေးဆယ်၊ အယောက်ငါးဆယ် စုပေါင်းကာ စုပေါင်းကာ သွားကြရလာကြရပါတယ်။

ဒါပေမဲ့ အဲဒီ လူတွေဟာ ငါ့ရဲ့လက်မှ မလွတ်ကြပါ။ ငါ့ရဲ့လက်တွင်းမှာပဲ သက်ဆင်းကျရောက်ကြရပါတယ်။ ငါ့ရဲ့ လက်ချက်နဲ့ပဲ အသက်ဆုံးရှုံးကြရပါတယ်။

ဒီလို ကြုံနေရပါရက်သားနဲ့ ဒီရဟန်းကတော့ အဖော်မပါ တစ်ယောက်ထဲသာ လာပါတယ်။ ပိုင်ဆိုးပိုင်နင်းပါလား။ ငါ့ကို လွှမ်းမိုးချင်လို့ လာတာထင်တယ်။ငါ ဒီရဟန်းကို သတ်ရရင် ကောင်းမယ်-လို့ ကြံစည်ပါတော့တယ်။

## လိုက်လို့ကို မမှီပါ

အဲဒီအခါမှာ အင်္ဂုလိမာလက သန်လျက်ဓားရယ် မြှားကာရယ်ကို ယူပါတယ်။ လေးနဲ့တောင့်ကို လွယ်ပါတယ်။ တရှူမ်း

ရှမ်း တပြန်းပြန်း အသံခတ်ကြည့်ပါတယ်။ မြတ်စွာဘုရား နောက်က အပြေးအလွှား လိုက်ပါတော့တယ်။

ဦးဇင်းတို့ မြတ်စွာဘုရားက တန်ခိုးဖန်ဆင်းတော်မူပါတယ်။ **"အင်္ဂုလိမာလဟာ ရှိသမျှ အားကုန်ထုတ်ပြီး အပြေး အလွှား လိုက်ပေမဲ့ ပကတိအတိုင်း ပုံမှန်အတိုင်း သွားနေတဲ့ ငါဘုရားကို မမှီစေသတည်း"** ဆိုတဲ့ တန်ခိုးတော်ဖြစ်ပါတယ်။

အင်္ဂုလိမာလက ရှိသမျှအားကုန်ထုတ်ပြီး အပြေးအလွှား လိုက်တာပါ။ မြတ်စွာဘုရားက ပုံမှန်အတိုင်းပဲ ကြွတော်မူနေတာပါ။ဒါပေမဲ့ အင်္ဂုလိမာလ မြတ်စွာဘုရားကို လိုက်လို့ မမှီပါ။ အင်္ဂုလိမာလ ဖတ်ဖတ်ကို မောနေပါတော့တယ်။

အင်္ဂုလိမာလအား အခုလို အကြံဖြစ်ပါတော့တယ်။

**အစ္ဆရိယံ ဝတ ဘော၊ အဗ္ဘုတံ ဝတ ဘော။**

အချင်းတို့ ! လက်ဖျောက်ခတ်တီး အံ့ချီးထိုက်ပါပေစွ၊ မဖြစ်ဖူးမြဲ ထူးကဲလှစွာ ဖြစ်ပါပေစွ။ ငါဟာ ရှေးက အပြေး အလွှား ပြေးသွားနေတဲ့ ဆင်ကိုလဲ မှီအောင်လိုက်ကာ ဖမ်းယူ နိုင်ပါတယ်။ အပြေးအလွှား ပြေးသွားနေတဲ့ မြင်းကိုလဲ မှီအောင် လိုက်ကာ ဖမ်းယူနိုင်ပါတယ်။ အပြေးအလွှား ပြေးသွားနေတဲ့ ယာဉ်ရထားကိုလဲ အမှီလိုက်ကာ ဖမ်းဆီးနိုင် ပါတယ်။ အပြေး

အလွှား ပြေးသွားနေတဲ့ သမင်ကိုလဲ အမိလိုက်ကာ ဖမ်းဆီးနိုင် ပါတယ်။

အခုတော့ ပုံမှန်အတိုင်းသွားနေတဲ့ ရဟန်းကို ရှိသမျှ အား ကုန်ထုတ်ပြီး အပြေးအလွှားလိုက်ပေမဲ့ လိုက်လို့မမှီပါ။ဖမ်းဆီး နိုင်ဘို့ ဝေးပါသေးတယ်-လို့ တစ်ယောက်ထဲ ကြံစည်နေပါ တော့တယ်။

## ရပ်နေသူနဲ့ သွားနေသူ

အင်္ဂုလိမာလ ဆက်မလိုက်တော့ပဲ မြတ်စွာဘုရားကို အခုလို ပြောပါတယ်။

**တိဋ္ဌ တိဋ္ဌ သမဏ။**

ရဟန်း၊ ရပ် ရပ်-လို့ ပြောပါတယ်။ ဘယ်လိုပြောပါသလဲ?

"ရဟန်း ရပ် ရပ်-လို့ ပြောပါတယ်ဘုရား"။

အဲဒီတော့ မြတ်စွာဘုရားက

**ဌိတော အဟံ အင်္ဂုလိမာလ၊ တွဉ္စ တိဋ္ဌ။**

အင်္ဂုလိမာလ၊ ငါဘုရား ရပ်နေပါတယ်။ မင်းလဲ ရပ်ပါလို့ မိန့်တော်မူပါတယ်။

မြတ်စွာဘုရားက အခုလို မိန့်တော်မူလိုက်တော့ အင်္ဂုလိ မာလ မျက်စိလည်သွားပါတော့တယ်။ သူဟာ အရင်က ဘယ် လောက်မြန်တဲ့ သားကောင်ဖြစ်စေ အမိလိုက်ကာ ဖမ်းယူနိုင်ခဲ့

ပါတယ်။ လူကိုတော့ မပြောပါနဲ့တော့။

အခု မြတ်စွာဘုရားကို ရှိသမျှ အားကုန်ထုတ်ကာ အပြေးလိုက်ပေမဲ့ လိုက်လို့မမှီပါဘူး။ သူ့မှာ အမောကြီးသာ မောနေပါတယ်။ဒါကြောင့် အင်္ဂုလိမာလအား အခုလို အကြံဖြစ်ပါတယ်။

"သာကီဝင်မင်းသား မြတ်စွာဘုရားရဲ့ သားတော်ဖြစ်ကြတဲ့ ရဟန်းတော်တွေဟာ မှန်တဲ့စကားကိုသာ ပြောဆိုကြတယ်။

အမှန်ကိုသာ ဝန်ခံကြတယ်။ ဒါပေမဲ့ ဒီရဟန်းကတော့ သွားနေတာဖြစ်ပါရက်နဲ့ 'အင်္ဂုလိမာလ ငါ ရပ်နေတယ်။ မင်းလဲ ရပ်ပါ' လို့ ပြောနေပါတယ်။ငါဒီရဟန်းကို အကျိုးအကြောင်းမေးရရင် ကောင်းမှာပဲ" လို့ ကြံစည်မိပါတယ်။

အဲသလို ကြံစည်ပြီးတော့ မြတ်စွာဘုရားကို အခုလို မေးပါတယ်။

**ရဟန်း ! သင်ဟာ သွားနေပါရက်နဲ့ ရပ်နေတယ်-လို့ ပြောပါတယ်။ရပ်နေတဲ့အကျွန်ုပ်ကိုတော့ မရပ်ဘူး မင်းသွားနေတာလို့ ပြောပါတယ်။ရဟန်း! အဲဒီအကြောင်းကို အကျွန်ုပ် မေးပါတယ်။ သင်က ဘယ်လို ရပ်နေပါသလဲ။ အကျွန်ုပ်က ဘယ်လို မရပ်တာပါလဲ-လို့** မြတ်စွာဘုရားကို မေးပါတယ်။

အင်္ဂုလိမာလက မြတ်စွာဘုရားကို ဘုရားမှန်း မသိသေးပါ။ ဒါကြောင့် ရဟန်းလို့ပဲ ခေါ်နေပြောနေပါသေးတယ်။

မြတ်စွာဘုရားက အင်္ဂုလိမာလရဲ့ အမေးကို အခုလို ဖြေဆို မိန့်ကြားတော်မူပါတယ်။

**အင်္ဂုလိမာလ ! ငါဘုရားက သတ္တဝါအားလုံးတို့ အပေါ်မှာ ညှင်းဆဲခြင်း သတ်ဖြတ်ခြင်း အလျှင်းမရှိတော့ပါ။ သင်ကတော့ သတ္တဝါတွေကို ညှင်းဆဲ သတ် ဖြတ် နေပါတယ်။ ဒါကြောင့် ငါက ရပ်နေတဲ့သူပါ။ သင်ကတော့ မရပ်သေးပဲ သွားမြဲ သွားနေ သူပါ-လို့ မိန့်တော်မူပါတယ်။**

## အင်္ဂုလိမာလ ရဟန်းဖြစ်ပြီ

အခုလို မိန့်တော်မူလိုက်မှ အင်္ဂုလိမာလက မြတ်စွာဘုရားကို ဘုရားမှန်း သိပါတော့တယ်။ ဒါကြောင့်မို့ အခုလို လျှောက်ထား ပါတယ်။

**ပူဇော်အထူးကို ခံတော်မူထိုက်တဲ့,အမြတ်တရားကို ရှာမှီး တော်မူတဲ့, မှန်သောစကားကိုသာ ပြောဆိုတော်မူတဲ့ မြတ်စွာ ဘုရားဟာ အချိန်ကြာမှ အကျွန်ုပ်ရဲ့ နေရာ တောအုပ်ကြီးသို့ ကြွရောက်လာပါပကော။ အကျွန်ုပ်ဟာ အရှင်မြတ်ရဲ့ တရားနဲ့ ယှဉ်တဲ့စကားကို ကြားရတဲ့အတွက်ကြောင့် မကောင်းမှုကို ပယ်ပါ တော့မယ်။ ကောင်းမှုကိုသာ ပြုပါတော့မယ်-လို့** လျှောက်ထား ပါတော့တယ်။

အခုလို မြတ်စွာဘုရားကို လျှောက်ထားပြီးတဲ့အခါ အင်္ဂုလိမာလဟာ သန်လျက်နဲ့ လေးလက်နက်တို့ကို ချောက်ကမ်းပါးထဲ ပစ်ချလိုက်ပါတယ်။ မြတ်စွာဘုရားရဲ့ ခြေတော်တို့ကို အားရပါးရ ရှိခိုးဦးချပါတော့တယ်။ ရှိခိုးဦးချပြီးတဲ့အခါ မြတ်စွာဘုရားကို ရဟန်းပြုပေးပါရန် တောင်းပန်လျှောက်ထားပါတော့တယ်။

မြတ်စွာဘုရားက လက်ျာလက်တော်နဲ့ ဆန့်တန်းပြီး "ရဟန်းလာခဲ့"လို့ ခေါ်တော်မူလိုက်တာနဲ့ အင်္ဂုလိမာလ ရဟန်းဖြစ်သွားပါတော့တယ်။

မြတ်စွာဘုရားဟာ အရှင်အင်္ဂုလိမာလ နောက်ပါ ရဟန်းနှင့်အတူ သာဝတ္ထိမြို့သို့ ပြန်ကြွတော်မူလာပါတယ်။ သာဝတ္ထိမြို့ ရောက်တဲ့အခါ အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းတဲ့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံး နေတော်မူပါတယ်။

အဲဒီအချိန်မှာ ပသေနဒီကောသလမင်းရဲ့ နန်းတော် အတွင်းမှာ လူအများ စုဝေးနေကြပါတယ်။ အုတ်အုတ် ကျက်ကျက်နဲ့ ဆူညံနေကြပါတယ်။

"အရှင်မင်းမြတ် ! အရှင်မင်းမြတ်ရဲ့နိုင်ငံတော်မှာ ကြမ်းကြုတ်တဲ့ သွေးစွန်းသောလက်ရှိတဲ့ သတ်ချင်ဖြတ်ချင်တဲ့ သတ္တဝါတွေအပေါ်မှာ သနားငဲ့ညှာမှုမရှိတဲ့ အင်္ဂုလိမာလ သောင်းကျန်း

နေပါတယ်။

အင်္ဂုလိမာလ တောမုန်းဓားပြကြောင့် ရွာတွေလဲပျက်ပါပြီ။ နိဂုံးတွေလဲ ပျက်ပါပြီ။ ဇနပုဒ်တွေလဲ ပျက်ပါပြီ။ အင်္ဂုလိမာလ ဟာ လူတွေကို သတ်ပြီးတော့ လက်ညှိုးပန်းကို ပန်ဆင်နေ ပါတယ်။

အရှင်မင်းမြတ်ဟာ အဲဒီ အင်္ဂုလိမာလကို နှိမ်နင်းတော် မူပါ''လို့ ကောသလမင်းကြီးကို တောင်းဆိုနေကြပါတယ်။ တင်ပြကြပါတယ်။

လူတွေရော ကောသလမင်းကြီးရော အင်္ဂုလိမာလ မြတ်စွာ ဘုရားအထံမှာ ရဟန်းပြုသွားတာ မသိကြသေးပါဘူး။

## အင်္ဂုလိမာလကို ချီးမြှောက်ခြင်း

အခု ဦးဇင်းပြောပြနေတာက မဇ္ဈိမပဏ္ဏာသပါဠိတော်မှာ လာတဲ့အတိုင်း ပြောနေတာပါ။ အဲဒီ အဋ္ဌကထာမှာ ဖွင့်တဲ့အတိုင်း ကြားညှပ်ပြီး ပြောပြပါအုံးမယ်။

ကောသလမင်းကြီးက အင်္ဂုလိမာလကို နှိမ်နင်းမည့် အကြောင်း ကြေညာတဲ့အခါ ပုရောဟိတ်ပုဏ္ဏားက ပုဏ္ဏေးမကို အခုလို ပြောပြပါတယ်။

အင်္ဂုလိမာလ တောပုန်းကြီးဆိုတာ သူများမဟုတ်ဘူး၊ နင့်သား အဟိံသကပါ-လို့ ပြောပြပါတယ်။ ဒီလိုဆို ရှင့် သားကို ခေါ်လာခဲ့ပါလို့ ပြောပါတယ်။ ဟာ-ငါမသွားဝံ့ဘူးလို့ပြောတော့ အမေကိုယ်တိုင် သားကို သွားခေါ်ပါတယ်။

မြတ်စွာဘုရားက အဲဒီနေ့မနက် စောစောအချိန် လောကကို ဉာဏ်တော်နဲ့ ကြည့်ရှုတော်မူပါတယ်။ အင်္ဂုလိမာလကို မြင်တော်မူပါတယ်။

"ငါဘုရားကြွရင် အင်္ဂုလိမာလအား ချမ်းသာမယ်။ တောထဲမှာ လေးပါဒရှိတဲ့ဂါထာကို နာရလို့ ငါဘုရားအထံတော်မှာ ရဟန်းပြုလိမ့်မယ်။ အဘိဉာဏ်ခြောက်ပါးကို မျက်မှောက်ပြုလိမ့်မယ်။ ငါဘုရားမကြွရင် အမေကိုသတ်လို့ အဝီစိငရဲကျလိမ့်မယ်။ငါဘုရား အင်္ဂုလိမာလအား ချီးမြှောက်တော်မူမယ်-လို့ ကြံတော်မူပါတယ်။

အဲသလို ကြံတော်မူတဲ့အတိုင်း တောထဲ တစ်ပါးတည်းကြွတော်မူလို့ အင်္ဂုလိမာလကို ချီးမြှောက်ခြင်းဖြစ်ပါတယ်။

## ကောသလမင်း ထွက်တော်မူလာ

အင်္ဂုလိမာလကလဲ တောထဲမှာ အစားဆင်းရဲ အနေဆင်းရဲ အအိပ်ဆင်းရဲ ဖြစ်နေတော့ ပျင်းနေပါတော့တယ်။

# အဗ္ဗကောင်းရင်ကြီးဖွားမည်

လက်ညှိုးတွေ ရေတွက်ကြည့်တော့ ၉၉၉-ချောင်း ရပါပြီ။ တစ်ချောင်းရရင် တစ်ထောင်ပြည့်တော့မယ်။ အခု အရင်ဆုံး တွေ့တဲ့လူကို သတ်မယ်။ အတတ်ပညာရဲ့ အနီးအပါးဖြစ်အောင် အထွဋ်ထိပ်ရောင်အောင် ပြုပြီးတော့ ဆံပင် နှုတ်ခမ်းမွေး မေးမွေး တွေကို ပယ်၊ ရေချိုး၊ အဝတ်လဲပြီး အမေအဖေတို့ဆီ သွားတော့ မယ်လို့ ကြံစည်ပြီး တောစပ်ကိုအလာ၊ မြတ်စွာဘုရားနဲ့ တွေ့ခြင်း ဖြစ်ပါတယ်။

တိုင်းသူပြည်သားတွေက အင်္ဂုလိမာလကို နှိမ်နင်း ပေးဖို့ တောင်းဆိုကြတဲ့အခါ ပသေနဒီကောသလမင်းကြီးဟာ မြင်းစီး စစ်သည်တော်ငါးရာတို့နဲ့ နေမွန်းတည့်ချိန်မှာ သာဝတ္ထိမြို့ကနေ ထွက်တော်မူလာပါတော့တယ်။

အင်္ဂုလိမာလနေတဲ့ တောအုပ်ကြီးထဲသို့ တန်းမသွားသေးဘဲ မြတ်စွာဘုရား သီတင်းသုံးတော်မူရာဖြစ်တဲ့ ဇေတဝန်ကျောင်း တော်သို့ အရင်သွားပါတယ်။ မြတ်စွာဘုရားထံ သွား၊ ရှိခိုးဦးချပြီး တော့ သင့်တော်တဲ့နေရာမှာ ထိုင်နေပါတယ်။

မြတ်စွာဘုရားက ထိုင်နေတဲ့ ကောသလမင်းကို အခုလို မေးတော်မူပါတယ်။

မြတ်သောမင်းကြီး ! များသောစစ်သည်ရှိတဲ့ ဗိမ္ဗိသာရ မင်းက လာရောက်တိုက်ခိုက်ပါသလား?။ ဝေသာလီပြည်မှာနေ

ကြတဲ့ လိစ္ဆဝီမင်းတွေက လာရောက် တိုက်ခိုက်ကြပါသလား?။ သို့မဟုတ် အခြားသော ရန်သူမင်းတွေက လာရောက်တိုက်ခိုက်ပါသလား-လို့ မေးတော်မူပါတယ်။

ပသေနဒီကောသလမင်းကြီးက မြတ်စွာဘုရားကို အခုလို လျှောက်ထားပါတယ်။

မြတ်စွာဘုရား ! တပည့်တော်ကို မျှားသောစစ်သည် ရှိတဲ့ ဗိမ္ဗိသာရမင်းက လာရောက် တိုက်ခိုက်တာ မဟုတ်ပါ။ ဝေသာလီပြည်မှာနေကြတဲ့ လိစ္ဆဝီမင်းတွေက လာရောက် တိုက်ခိုက်တာ မဟုတ်ပါ။ အခြားသော ရန်သူမင်းတွေက လာရောက် တိုက်ခိုက်တာ မဟုတ်ပါ။

တပည့်တော်ရဲ့နိုင်ငံတော်မှာ အင်္ဂုလိမာလ သောင်းကျန်းနေတဲ့အတွက်ကြောင့် အင်္ဂုလိမာလကို နှိမ်နင်းဖို့ ထွက်လာရပါကြောင်း လျှောက်ထားပြပါတယ်။

မြတ်စွာဘုရားက ပသေနဒီကောသလမင်းကြီးကို အခုလို မေးတော်မူပါတယ်။

## ကြောက်စိတ်တွေ ပြေပျောက်သွား

မြတ်သောမင်းကြီး ! သင်မင်းကြီးဟာ ဆံ,မုတ်ဆိတ်ကို ပယ်ထားတဲ့၊ ဖန်ရည်ဆိုးထားသောအဝတ်ကို ဝတ်ထားတဲ့၊ အိမ်ရာ

တည်ထောင် လှူဒါန်းမှရှောင်ကြဉ်တဲ့၊ သူတစ်ပါးတို့ရဲ့ ပစ္စည်း ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်တဲ့၊ မုသားစကား ပြောကြား ခြင်းမှ ရှောင်ကြဉ်တဲ့၊ တစ်ထပ်သာစားတဲ့ မြတ်သောအကျင့်ကို ကျင့်တဲ့၊ ကောင်းသော ကိုယ်ကျင့်တရားရှိတဲ့ အင်္ဂုလိမာလကို မြင်ရရင် သင်ဘယ်လို လုပ်မှာလဲ-လို့ မေးတော်မူပါတယ်။

မြတ်စွာဘုရား ! တပည့်တော် ရှိခိုးပါမယ်၊ ခရီးဦးကြိုဆို ပါမယ်။ နေရာဖြင့် ဖိတ်မံပါမယ်။ သင်္ကန်း ဆွမ်း ကျောင်းဆေး ပစ္စည်းလေးပါးနဲ့ ဖိတ်ပါမယ်။ တရားနှင့် လျော်တဲ့ စောင့်ရှောက် မှု လုံခြုံမှုကို စီစဉ်ပေးပါမယ်လို့ ပသေနဒီကောသလ မင်းကြီးက လျှောက်ထားပါတယ်။ အခုလိုလည်း ဆက်လက်လျှောက်ထား ပါသေးတယ်။

မြတ်စွာဘုရား ! သီလမရှိတဲ့ ယုတ်မာသောသဘောရှိတဲ့ ကြမ်းကြုတ်တဲ့ အင်္ဂုလိမာလအား ဒီလိုသဘောရှိတဲ့ သီလစောင့် စည်းမှု ရပ်နားမှု အဘယ်မှာ ဖြစ်နိုင်ပါမလဲ ဘုရားဟု လျှောက် ထားမိပါသေးတယ်။

ပသေနဒီကောသလမင်းကြီးက အဲသလို လျှောက်ထား နေတဲ့အချိန်မှာ အရှင်အင်္ဂုလိမာလက မြတ်စွာဘုရားရဲ့ အနီးမှာ ထိုင်နေပါတယ်။ မြတ်စွာဘုရားက လက်ျာလက်မောင်းကို ဆန့် တန်းပြီးတော့ ပသေနဒီကောသလမင်းကြီးကို အခုလို မိန့်တော်မူ

ပါတယ်။

**ဓောသော မဟာရာဇ အင်္ဂုလိမာလော။**

မြတ်သောမင်းကြီး ! အင်္ဂုလိမာလဆိုတာ ဒီရဟန်းပဲ-လို့ မိန့်တော်မူပါတယ်။

အခုလို မြတ်စွာဘုရားက မိန့်တော်မူလိုက်တဲ့အခါ ပသေနဒီကောသလမင်းကြီးအား တအားကြောက်သွားပါတယ်။ ကြောက်လွန်းလို့ ခန္ဓာကိုယ်မှာ တစ်ဖိန်းဖိန်း တစ်ရှိန်းရှိန်း ဖြစ်နေပါတယ်။ ကြက်သီးမွေးညှင်းတွေ တဖျင်းဖျင်း ထနေပါတော့တယ်။

မြတ်စွာဘုရားက ပသေနဒီကောသလမင်း ကြောက်နေတာကို သိရလို့ အခုလို မိန့်တော်မူပါတယ်။ မြတ်သောမင်းကြီး မကြောက်ပါနဲ့။ သင်မင်းကြီးအား ဒီအင်္ဂုလိမာလမှ ဘေးမရှိတော့ပါ-လို့ မိန့်တော်မူပါတယ်။

မြတ်စွာဘုရားက အဲဒီလို မိန့်တော်မူလိုက်တဲ့အခါမှ ပသေနဒီကောသလမင်းကြီးမှာ ကြောက်စိတ်တွေ ပြေပျောက် သွားပါတော့တယ်။ ကြောက်စိတ်တွေ ပြေပျောက်သွားတဲ့အခါ ပသေနဒီကောသလမင်းကြီးက အရှင်အင်္ဂုလိမာလဆီသွားပါတယ်။ အခုလို လျှောက်ထားပါတယ်။

**အယျော နော ဘန္တေ အင်္ဂုလိမာလော။**

အရှင်ဘုရား ! အရှင်ဘုရားဟာ တပည့်တော်တို့ရဲ့ အင်္ဂုလိမာလ ဟုတ်ပါသလားလို့ မေးပါတယ်။

အရှင်အင်္ဂုလိမာလက

**၈၀ မဟာရာဇ။**

အရှင်မင်းကြီး ! မှန်ပါတယ်။ ဦးပဉ္စင်း အင်္ဂုလိမာလ ဖြစ်ပါတယ်လို့ ဖြေကြားလိုက်ပါတယ်။

အရှင်ဘုရားရဲ့ခမည်းတော်က အဘယ်အနွယ် ရှိပါသလဲ။ မယ်တော်က အဘယ်အနွယ် ရှိပါသလဲလို့ မေးလျှောက်ပါတယ်။

အရှင်မင်းကြီး ! ခမည်းတော်က 'ဂဂ္ဂ' အနွယ်ရှိပါတယ်၊ မယ်တော်က 'မန္တာဏီ' အနွယ်ရှိပါတယ်။

အရှင်ဘုရား ! ခမည်းတော်ဂဂ္ဂ၊ မယ်တော် မန္တာဏီ တို့ရဲ့ သားတော်ဖြစ်တဲ့အရှင်ဘုရား သာသနာတော်မှာ ပျော်မွေ့ပါစေဘုရား။ အရှင်ဘုရားအား ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ကို လှူဒါန်းထောက်ပံ့ပါ မယ်ဘုရားလို့ လျှောက်ထားပါတယ်။

အဲဒီအချိန်မှာ အရှင်အင်္ဂုလိမာလက

တောကျောင်းမှာနေခြင်းဆိုတဲ့ အာရညကဓုတင်၊

ဆွမ်းခံစားခြင်းဆိုတဲ့ ပိဏ္ဍပတ်ဓုတင်၊

ပံသုကူသင်္ကန်းကိုသာ ဆောင်တဲ့ ပံသုကူလိကဓုတင်၊ သင်္ကန်းသုံးထည်သာဝတ်ရုံတဲ့ တေစီဝရိတ်ဓုတင်၊ ဒီဓုတင်လေးပါးကို ဆောင်တော်မူပါတယ်။ အရှင်အင်္ဂုလိမာလက ပသေနဒီကောသလမင်းကြီးကို အခုလို မိန့်ကြားပါတယ်။

**အလံ မဟာရာဇ၊ ပရိပုဏ္ဏံ မေ စီဝရံ။**

မြတ်သောမင်းကြီး တော်ပါပြီ။ ဦးပဉ္စင်းအား သင်္ကန်းစသည် ပြည့်စုံပါပြီလို့ မိန့်ကြားတော်မူပါတယ်။

## လက်နက်မပါပဲ ယဉ်ကျေးအောင် ဆုံးမတော်မူ

ပသေနဒီကောသလမင်းကြီးက မြတ်စွာဘုရားရှေ့တော်မှောက် ပြန်လာ၊ မြတ်စွာဘုရားအား ရှိခိုး၊ သင့်တော်တဲ့နေရာမှာ ထိုင်ပြီးတော့ အခုလို လျှောက်ထားပါတယ်။

မြတ်စွာဘုရား ! လက်ဖျောက်ခတ်တီး အံ့ချီးထိုက်ပါပေစွ၊ မဖြစ်ဘူးမြဲ ထူးကဲလှပါပေစွ။

မြတ်စွာဘုရားဟာ မယဉ်ကျေးသေးတဲ့သူတွေကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်ပါပေတယ်။ မငြိမ်သက်သေးတဲ့သူတွေကို ငြိမ်သက်အောင် ဆုံးမတော်မူတတ်ပါပေတယ်။ မငြိမ်းအေးသေးတဲ့သူတွေကိုငြိမ်းအေးအောင် ဆုံးမတော်မူတတ်ပါပေတယ်။

# အမွှေကောင်းရင်ကြီးပွားမည်

မြတ်စွာဘုရား!တပည့်တော်တို့ဟာ ဒုတ်နဲ့ဖြစ်စေ လက်နက်နဲ့ဖြစ်စေ ယဉ်ကျေးအောင် ငြိမ်သက်အောင် မဆုံးမနိုင်ကြပါ။

မြတ်စွာဘုရားက ဒုတ်မပါလက်နက်မပါပဲ ယဉ်ကျေးအောင် ငြိမ်သက်အောင် ငြိမ်းအေးအောင် ဆုံးမတော်မူနိုင် ပါပေတယ်-လို့ အားရဝမ်းသာ လျှောက်ထားပါတယ်။

မြတ်စွာဘုရား ! တပည့်တော်တို့မှာ အလုပ်ကိစ္စတွေ များပါတယ်ဘုရား။ ပြန်ခွင့်ပြုတော်မူပါဘုရားလို့ လျှောက်ထားပြီးတော့ မြတ်စွာဘုရားက ပြန်ခွင့်ပြုတဲ့အခါ မြတ်စွာဘုရားအား ရှိခိုးဦးချ၊အရိုအသေပြုကာ ပြန်သွားပါတော့တယ်။

အရှင်အင်္ဂုလိမာလဟာ ရဟန်းတရား ဆက်လက်ပွားများအားထုတ်လို့ အာသဝေါကင်းကွာ ရဟန္တာပုဂ္ဂိုလ်အထိ ဖြစ်သွားပါတယ်။ အမြင့်ဆုံးဖြစ်တဲ့ အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ်အထိ ရရှိသွားပါတယ်။ ကြီးပွားသွားပါတယ်။

အခုပြောပြခဲ့တဲ့ ဝတ္ထုကြောင်းမှာ အင်္ဂုလိမာလ တောပုန်းကြီး၊ အင်္ဂုလိမာလလူသတ်သမားကြီးဟာ မြတ်စွာဘုရားတည်းဟူသော အမှီကောင်းကိုရလို့ ပညာတရားတွေ တိုးပွား သွားရပုံ ကြီးပွားသွားရပုံ ဖြစ်ပါတယ်။

## မှတ်သားဖွယ် ကံလေးမျိုး

အဘိဓမ္မာမှာ ကံလေးမျိုး ရှိပါတယ်။

၁။ **ဒိဋ္ဌဓမ္မဝေဒနီယံ-** ယခုဘဝမှာ အကျိုးပေးတဲ့ကံ၊

၂။ **ဥပပဇ္ဇဝေဒနီယကံ-** ဒုတိယဘဝမှာ အကျိုးပေးတဲ့ကံ၊

၃။ **အပရာပရိယဝေဒနီယကံ-**တတိယဘဝမှစ၍ အကျိုးပေးတဲ့ကံ၊

၄။ **အဟောသိကံ-** လုံးဝ(လုံးဝ)အကျိုးမပေးတော့တဲ့ကံ၊

အဘိဓမ္မာကို သင်္ဂြိုဟ်ကို လေ့လာလိုက်စားတဲ့ လူတွေ သိပါတယ်။ ဇောစိတ်က ၇-ပါးရှိပါတယ်။

အဲဒီ ဇောစိတ် ၇-ပါးထဲမှာ ကုသိုလ်လုပ်တဲ့အခါမှာ ဖြစ်စေ၊ အကုသိုလ်လုပ်တဲ့ အခါမှာဖြစ်စေ ပဌမဇော စေတနာက ဒိဋ္ဌဓမ္မဝေဒနီယံ ဖြစ်ပါတယ်။

အဲဒီ ဒိဋ္ဌဓမ္မဝေဒနီယကံက ဒီဘဝမှာသာ အကျိုးပေးပါတယ်။ ဒီဘဝမှာ အကျိုးမပေးတော့ဘူးဆိုရင် အဟောသိကံ ဖြစ်သွားပါတော့တယ်။ အဟောသိကံဆိုတာ ရှင်းရှင်းလေး ပြောရ ရင် အကျိုးမပေးတော့တဲ့ကံပါ။

အကျိုးကို ပြီးစေတတ်တဲ့ သတ္တမဇောစေတနာက ဥပပဇ္ဇဝေဒနီယကံ ဖြစ်ပါတယ်။ အဲဒီကံက ဒုတိယဘဝမှာ အကျိုးပေးပါတယ်။ ဒုတိယဘဝမှာ အကျိုးမပေးတော့ဘူးဆိုရင် အဟော

သိကံ ဖြစ်သွားပါတော့တယ်။

ပဋ္ဌမဇောစေတနာနဲ့ သတ္တမဇောစေတနာတို့ရဲ့ အလယ်က ဇောစေတနာငါးပါးတို့က အပရာပရိယဝေဒနီယကံ ဖြစ်ပါတယ်။ အဲဒီကံကတတိယဘဝကစပြီး သံသရာအဆက်ဆက်အထိ အကျိုးပေးခွင့်ရရင် အကျိုးပေးပါတယ်။

## လူပေါင်း တစ်ထောင်ကျော် သတ်ခဲ့ပေမဲ့

အရှင်အင်္ဂုလိမာလအား ဒုတိယဘဝရယ်, တတိယ ဘဝက စပြီးတော့ရယ် အကျိုးပေးမဲ့ ဥပပဇ္ဇဝေဒနီယကံ၊ အပရာပရိယဝေဒနီယကံတွေကို အရဟတ္တမဂ်က ပယ်သတ်လိုက်ပါတယ်။

သူ့မှာ နောင်ဘဝဆိုတာ မရှိတော့ပါ။ လူပေါင်း တစ်ထောင်ကျော်ကို သတ်ခဲ့ပေမဲ့ အကုသိုလ်ကံရဲ့ ဆိုးကျိုးကို မခံစားရတော့ပါ။ ကုသိုလ်ကံရဲ့ ကောင်းကျိုးကိုလဲ မခံစားရတော့ပါ။

သူ ရရှိတဲ့ အရဟတ္တမဂ်က အကုသိုလ်ကံတွေကိုရော ကုသိုလ်ကံတွေကိုရော ပယ်သတ်လိုက်လို့ ဖြစ်ပါတယ်။

အင်္ဂုလိမာလဟာ လူပေါင်း တစ်ထောင်ကျော် သတ်တာ တောင် အကုသိုလ် မဖြစ်ဘူးလား၊ ငရဲမကြီးဘူးလားလို့ မေးလာတဲ့ပုဂ္ဂိုလ်တွေ အသိရှင်းသွားအောင် အမြင်ရှင်းသွားအောင် အထက်ပါအတိုင်း ပြောပြရခြင်း ဖြစ်ပါတယ်။

လိုရင်းလေးမှတ်ရရင် ရဟန္တာဖြစ်သွားပြီဆိုရင် ရဟန္တာမှာ ကုသိုလ်လဲ မဖြစ်တော့ပါ။ အကုသိုလ်လဲ မဖြစ်တော့ပါ။ ကြိယာသာ ဖြစ်ပါတော့တယ်။

ဒါကြောင့် အရှင်အင်္ဂုလိမာလဟာ လူပေါင်း တစ်ထောင်ကျော် သတ်ခဲ့ပေမဲ့ အကုသိုလ်မဖြစ်တော့ပါ။ ငရဲ မကြီးတော့ပါ။

နောက် စာမှာ သင်္ဂဟကျမ်းစာမှာ-

**ဘာဝေတဗ္ဗံ ပနိစ္စေဝံ ၊ ဘာဝနာဒွယမုတ္တမံ။**
**ပဋိပတ္တိရသဿာဒံ ၊ ပတ္ထယန္တေန သာသနေ။**

ဦးဇင်းတို့ ဗုဒ္ဓမြတ်စွာ သာသနာတော်နဲ့ကြုံကြိုက်တုန်းပေါ့။ သာသနာတွင်းအချိန်အခါမှာ သာသနာနဲ့ကြုံကြိုက်တုန်း မြတ်စွာဘုရားရဲ့သာသနာမှာ ဈာန်ချမ်းသာ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာဆိုတဲ့ ချမ်းသာ အမျိုးမျိုးကို ရလိုတဲ့ အမျိုးကောင်းသားတိုင်း၊ ရလိုတဲ့ အမျိုးကောင်းသမီးတိုင်း

**ဘာဝနာဒွယံ**-သမထဘာဝနာ ဝိပဿနာဘာဝနာ နှစ်မျိုးကို၊ **ဘာဝေတဗ္ဗံ**-မိမိသန္တာန်မှာ ဖြစ်စေသင့် ဖြစ်စေ ထိုက်တယ်၊ ပွားများသင့် ပွားများထိုက်တယ်၊ ပွားများပါလို့ တိုက်တွန်းထားတဲ့ နှိုးဆော်ထားတဲ့ စကားတော်ရှိတယ်။ ဒါကြောင့် ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းပြီးတော့ ပေးရမှာပါ။

## အသက်ကြီးသွားပြီဆိုရင်

ဒါကြောင့်မို့ မြတ်စွာဘုရားက **"မာ ပမာဒတ္ထ၊ မာ ပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ"** မမေ့မလျော့ကြနဲ့။ အသက်ကြီးမှ ရောဂါဝေဒနာ ခံစားနေရတဲ့အခါမှ သေခါနီးမှ အိပ်ရာ ညောင်စောင်း လဲလျောင်းနေရမှ ဩော်- တရား အားမထုတ်ခဲ့ရတာ မှားပြီ။ အဲဒီလို အားမထုတ်ခဲ့ရတာ မှားပြီဆိုပြီးတော့ ဝိပ္ပဋိသာရ တရားတွေ ပူပန်မှုတွေ နောင်တ တဖန် ပူပန်မှုတွေ မဖြစ်ကြနဲ့လို့ မိန့်တော်မူထားပါတယ်။

ငယ်ရွယ်စဉ်အချိန်ကစပြီးတော့ ဘာဝနာကမ္မဋ္ဌာန်းတွေ စီးဖြန်းပွားများ အားထုတ်ပေးရပါမယ်။

ကဲ- အသက်ကြီးသွားပြီဆိုပါတော့။ အဲဒီလို အသက်ကြီးသွားပြီဆိုရင် ဉာဏ်အားတွေက ငယ်ရွယ်တဲ့ ပုဂ္ဂိုလ်လောက် လူလတ်ပိုင်းပုဂ္ဂိုလ်လောက် ဟုတ်လား၊ ကိုယ်အားတွေ ဉာဏ်အားတွေ သိပ်မကောင်းနိုင်တော့ဘူး။

ဒါကြောင့်မို့ ကျန်းမာစဉ်အချိန်ကစပြီးတော့ ပို၍မြစ် နုနယ် ငယ်ရွယ်စဉ်အချိန်ကစပြီးတော့ လူလတ်ပိုင်း အချိန်ကစပြီးတော့ တရားအားထုတ်ပါလို့ အထူးတိုက်တွန်းစရာ မလိုတော့ပါဘူး နော်၊ အားထုတ်ရပါမယ်၊ ပွားများရပါမယ်။

ဒါကြောင့်မို့-

**ဘာဝေတဗ္ဗံ ယနိဗ္ဗာနံ ၊ ဘာဝနာဒွယမုတ္တမံ။**

**ပဋိပတ္တိရသဿာဒံ ၊ ပတ္ထယန္တေန သာသနေ-လို့**
တိုက်တွန်းထားတဲ့အတိုင်း ဦးဇင်းရောပေါ့၊ ယနေ့ကြွရောက်လာကြတဲ့ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ရော ဘာဝနာကမ္မဋ္ဌာန်း ပွားများအားထုတ်ပါ၊ အားထုတ်ပြီးတော့ပေးပါ၊ ပွားများပြီးတော့ပေးပါ။

အဲ ဒီလိုပွားများပေးမှ မိမိတို့မှာ ခုနက သဒ္ဓါတရားက အစိဂမသဒ္ဓါ၊ ဘာသဒ္ဓါတဲ့လဲ?

"အဓိဂမသဒ္ဓါပါဘုရား"။

အဓိဂမသဒ္ဓါပေါ့။ မိမိတို့ ဘာဝနာနဲ့သိပြီးတော့ တကယ် ဘုရားအပေါ်မှာ တရားအပေါ်မှာ သံဃာအပေါ်မှာ၊ ဘုရားစစ် ဘုရားမှန် တရားစစ်တရားမှန် သံဃာစစ် သံဃာမှန်ကို ယုံကြည်ကိုးကွယ်တဲ့ သဒ္ဓါတရားလည်း ဖြစ်မှာပါ။ သဒ္ဓါတရားလည်း အလိုလိုဖြစ်ပေါ်ပြီးတော့ လာမှာပါ။ အသိဉာဏ်တွေလည်း အလိုလို ကြီးပွားမှာပါ၊ တိုးပွားမှာပါ။

ကဲ- ဒါကြောင့်မို့ ပညာတရားထဲမှာ ခုနက ဦးဇင်း ပြောခဲ့ပြီ၊

နံပါတ်-၁ ကမ္မဿကတပညာ၊

နံပါတ်-၂ ဈာနပညာ၊

နံပါတ်-၃ အခု ဘာပညာတဲ့လဲ? ဝိပဿနာ ပညာတဲ့နော်။

အနိစ္စ ဒုက္ခ အနတ္တလက္ခဏာတွေ မြင်အောင် ခန္ဓာငါးပါး ရုပ် နာမ်တရားတွေရဲ့ မမြဲပုံ ဆင်းရဲပုံ အစိုးမရပုံတွေကို မြင်အောင် ရှုမှတ်ပွားများ အားထုတ်ခြင်းဆိုတဲ့ ဝိပဿနာပညာတွေ ဝိပဿနာအသိဉာဏ်တွေ ဖြစ်ပွားအောင် ကြိုးစားရပါမယ်။

## အရဟတ္တမဂ်ပညာ

နောက် နံပါတ်-၄ မဂ်ပညာတဲ့၊ ဘာပညာတဲ့လဲ?

"မဂ်ပညာပါဘုရား"။

ဒါကြတော့ တဆင့်တဆင့် မြင့်ပြီးတော့ လာပါတယ်။

ကဲ- မဂ္ဂပညာထဲမှာ သောတာပတ္တိမဂ်ပညာ။ ဘာပညာတဲ့လဲ?

"သောတာပတ္တိမဂ်ပညာပါဘုရား"။

နောက် သကဒါဂါမိမဂ်ပညာ၊ ဘာပညာတဲ့လဲ?

"သကဒါဂါမိမဂ်ပညာပါဘုရား"။

နောက် အနာဂါမိမဂ်ပညာ၊ ဘာပညာတဲ့လဲ?

"အနာဂါမဂ်ပညာပါဘုရား"။

နောက် အရဟတ္တမဂ်ပညာ၊ ဘာပညာတဲ့လဲ?

"အရဟတ္တမဂ်ပညာပါဘုရား"။

ကဲ- ဦးဇင်းတို့ နိဗ္ဗာန်ကို အောက်ထစ်ဆုံး သောတာပတ္တိမဂ်နဲ့ အာရုံပြုနိုင်ပြီဆိုရင် အဲဒီယောဂီ သူတော်စင်ရဲ့ သန္တာန်မှာ အဲဒီအမျိုးကောင်းသား အမျိုးကောင်းသမီးရဲ့သန္တာန်မှာ သောတာပတ္တိမဂ်ပညာရပြီပေါ့။ ဒါကတော့ မြင့်ပြီပေါ့။

ထို့အတူပဲ သကဒါဂါမိပုဂ္ဂိုလ်ဖြစ်ပြီ သကဒါဂါမိမဂ်ပညာဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုပြီဆိုရင် မိမိတို့မှာ သကဒါဂါမိမဂ်ပညာရပါမယ်။

နောက် အနာဂါမိမဂ်ပညာဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပြီဆိုရင် အဲဒီပုဂ္ဂိုလ်မှာ၊ အနာဂါမိပုဂ္ဂိုလ်မှာ အနာ ဂါမိမဂ်ပညာဖြစ်ပြီးတော့နေပါမယ်။

ထို့အတူပဲ အရဟတ္တမဂ်ပညာဖြင့် နိဗ္ဗာန်ကို အာရုံပြုပြီ မျက်မှောက်ပြုပြီဆိုရင် ဒီယောဂီသူတော်စင်ရဲ့သန္တာန်မှာ အရဟတ္တမဂ်ပညာ ဖြစ်မှာပေါ့နော်။

## အထွဋ်အထိပ်ဖြစ်တဲ့ပညာ

**ဒီပညာရပ်တွေကတော့ ခုနက ဝိပဿနာပညာ၊က နေ တဆင့်တဆင့်အားထုတ်လို့ရလာမယ့် အသိဉာဏ်တွေပေါ့။**

ဒါတွေကတော့ အဆင့်မြင့်တဲ့ပညာတွေပါ၊ သူတော်စင်တို့တတွေ သိရင်တော့ အကောင်းဆုံးပေါ့။

ဒါကြောင့်မို့ ဒီမဂ်ပညာနဲ့စပ်ပြီးတော့ ရရှိအောင် ကြိုးစားရပါမယ်၊ ကြီးပွားအောင် ကြိုးစားရပါမယ်။

နောက် နံပါတ် ၄-က ဖလပညာတဲ့။ ဘာပညာတဲ့လဲ?

''ဖလပညာပါဘုရား''။

ကဲ- အဲဒီ ဖလပညာကလည်း လေးမျိုးရှိမှန်း သိကြပါတယ်။ မသိသေးတဲ့ပုဂ္ဂိုလ်တွေလဲ သိရအောင်ပေါ့နော်။

၁။ သောတာပတ္တိဖိုလ်ပညာ၊

၂။ သကဒါဂါမိဖိုလ်ပညာ၊

၃။ အနာဂါမိဖိုလ်ပညာ၊

၄။ အရဟတ္တဖိုလ်ပညာ-တဲ့၊

အဲဒီမယ်၊ ပထမဆုံး သောတာပတ္တိဖိုလ်ပညာ၊ သောတာပန်ပုဂ္ဂိုလ်ဆိုရင် သောတာပန်ဖြစ်ရင် သောတာပတ္တိဖိုလ်ပညာဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုပါမယ်။ သောတာပတ္တိဖိုလ်ပညာ သိပြီ၊ ရရှိပြီ၊ ကြီးပွားပြီပေါ့။

ထိုအတူပဲ သကဒါဂါမ်ဖြစ်ရင် သကဒါဂါမိဖိုလ်ပညာ ဖြစ်ပါမယ်။ အနာဂါမ်ဖြစ်ပြီဆိုရင် အနာဂါမိဖိုလ်ပညာ ဖြစ်ပါမယ်။ အာသဝေါကင်းကွာ ရဟန္တာဖြစ်ပြီဆိုရင် အရဟတ္တဖိုလ်ပညာဖြစ်ပါပြီတဲ့၊ အမြင့်ဆုံးပညာပေါ့။ အကောင်း ဆုံးပညာပေါ့။ အမြတ်ဆုံးပညာပေါ့။

အရဟတ္တဖိုလ်ပညာဆိုတာ စာမှာတော့-

**"သိခါပတ္တ"** အထွဋ်အထိပ်ဖြစ်တဲ့ပညာပေါ့။

ဒီပညာတွေထိ အဆင့်မြင့်သွားအောင် ဦးဇင်းတို့ ကြီးပွား အောင် ကြိုးစားပြီဆိုရင် ဒီပုဂ္ဂိုလ်တွေမှာ အပြည့်အစုံဆုံး ပညာ တရားတွေ ကြီးပွားနေပါပြီ၊ ပညာတရားတွေ တိုးပွားနေပြီ။

ဒါကြောင့်မို့ မိမိတို့ ခုနကပြောပြခဲ့တဲ့ ဦးဇင်းတို့ဆိုရင် မြတ်စွာဘုရားကို အကြောင်းပြုပြီးတော့၊ ဒကာ၊ဒကာမတွေဆိုရင် မြတ်စွာဘုရားနှင့်တကွမိမိတို့ကိုးကွယ်ဆည်းကပ်တဲ့ ရဟန်းသံဃာ တော်တွေအကြောင်းပြုပြီးတော့ မိမိတို့ သန္တာန်မှာ နံပါတ်-၅ ကြီးပွား ရမယ့်တရားက ပညာတရား။

ဘာတရားတဲ့လဲ?

"ပညာတရားပါဘုရား"၊

အဲဒီမှာ နံပါတ်-၁ ကစပြီး လင်္ကာလေးတွေဆိုကြည့် ရအောင်နော်။

**ရဟန်းတော်မြတ်၊ မှီခိုလတ်၊ တိုးအပ်မြတ်သဒ္ဓါ၊**

**"အမှီကောင်းရင် ကြီးပွားမည်"**ဆိုတဲ့တရားမှာ

ကဲ-နံပါတ် ၁-က မိမိတို့သန္တာန်မှာ တိုးပွားရမည့် တရားက ဘာတရားတဲ့လဲ?

"သဒ္ဓါတရားပါဘုရား"။

မြတ်စွာဘုရားနှင့်တကွ ရဟန်းသံဃာတော်တွေကို အမှီပြုပြီးတော့ မိမိတို့သန္တာန်မှာ တိုးပွားရမည့်တရားက သဒ္ဓါတရားတွေ ကြီးပွားရမယ်။

ဆက်ဆိုကြည့်ရအောင် -

**ရဟန်းတော်မြတ်၊ မှီနိုလတ်၊ တိုးအပ်မြတ်သီလာ။**

နံပါတ်-၂အနေနဲ့ ကြီးပွားရမည့်တရားက ဘာတရားတဲ့လဲ?

"သီလတရားပါဘုရား"။

သီလဆိုတာ '**ဝါရိတ္တသီလ**'တဲ့။ သူ့အသက် မသတ်ရစသည်ဖြင့် တားမြစ်ထားတဲ့သီလတွေ လုံခြုံအောင် စောင့်ထိန်းပြီးတော့ပေးရမယ်။

နောက် '**စာရိတ္တသီလ**'တဲ့။ လိမ္မာတဲ့ပုဂ္ဂိုလ်တွေ စိတ်ကောင်းရှိတဲ့ ပုဂ္ဂိုလ်တွေမှန်သမျှ ကျင့်သုံးရမည့် ကျင့်ဝတ် အသီးသီးတွေ။ အဲဒီကျင့်ဝတ်အသီးသီတွေကို လိုက်နာ ပြီးတော့ပေး။ အဲဒီလိုရယူပြီးတော့ပေးမယ်ဆိုရင် မိမိတို့မှာ "သီလေန ဝဍ္ဎတိ" ဆိုတဲ့ အတိုင်းပဲ၊ သီလတရားတွေနဲ့ ကြီးပွား ပြီးတော့နေပါပြီ။

နောက် နံပါတ်-၃ ဆိုကြည့်ရအောင်-

**ရဟန်းတော်မြတ်၊ မှီခိုလတ်၊ တိုးအပ်မြတ်သုတာ၊**

ရဟန်းသံဃာတော်အရှင်မြတ်တွေ အကြောင်းပြုပြီးတော့ မိမိတို့ရဲ့သန္တာန်မှာ ကြီးပွားရမည့်တရားက ဘာတရားတဲ့လဲ?

"သုတတရားပါဘုရား"။

"**သုတ**"တရားဆိုတာ ခုနကပြောပြပြီးခဲ့တဲ့ ရတနာသုံးပါးနဲ့စပ်ပြီးတဲ့ အကြားအမြင်သုတတွေ၊ ဘာသာရေး သာသနာရေးနဲ့စပ်ပြီးတဲ့ အကြားအမြင်သုတတွေ၊ လောကီရေး, လောကုတ္တရာရေးတွေနဲ့စပ်တဲ့ အကြားအမြင်သုတတွေ အဲဒီလို အကြားအမြင်သုတတွေကို မိမိတို့သန္တာန်မှာ တိုးပွားအောင်ကြီးပွားအောင် အားထုတ်ပေးရပါမယ်။

## ကိုယ့်ဘက်က မလိုအောင်နေကြ

နောက် နံပါတ် ၄-က စာဂတရား၊ ဘာတရားတဲ့လဲ?

"စာဂတရားပါဘုရား"၊

ဒါကတော့ ဒေသနာ အစဉ်အရသာ ဟောရတာ၊ အထူးပြောစရာတောင် မလိုတော့ဘူးနော်။

ဒါကြောင့်မို့ ဦးဇင်းတို့ဆရာတော်ကြီးတွေက တပည့်ရင်းချာ သံဃာတော်တွေကို ဆုံးမတဲ့အခါမှာ

"**အရှင်ဘုရားတို့ ကိုယ့်ဘက်က မလိုအောင်နေကြ၊ ဒကာ၊ ဒကာမတွေဘက်က မလိုဘူး။ တောလည်း တောအလိုက်၊ မြို့လည်း မြို့အလိုက် လှူဒါန်းနေကြတာ၊ တပည့်တော်တို့ ဘုန်းကြီး၊ ကိုရင်တွေဘက်က လိုလို နေတတ်တယ်**"လို့ ဆုံးမ ဩဝါဒ ပေးတော်မူကြပါတယ်။ အဲဒီလိုတောင် ဆုံးမတော်မူ ကြတာပါ။

ဆရာတော်ကြီးတွေက ကိုယ့်ရဲ့တပည့်ရင်းချာ သံဃာ တော်တွေကို ကိုယ့်ဘက်ကမလိုရအောင် ဆုံးမတော်မူကြတာပါ။

အဲဒါကြောင့် စာဂတရားတွေ တိုးပွား ကြီးပွားကြတယ်ဆို တာ အထူးပြောစရာ မလိုတော့ပါဘူး။

ဒါကြောင့်မို့ ဦးဇင်းတို့ကလည်း ဒေသနာအစဉ်အရသာ ဟောရတာပေါ့။

"**အနုပုဗ္ဗိကထာ**"အစဉ်အတိုင်းဖြစ်သော တရားစကားဆို တဲ့အတိုင်း အစဉ်အတိုင်းသာ ပြောရတာပေါ့။

ဒါကြောင့်မို့ ဦးဇင်းတို့က သင်ပေးတဲ့အခါမှာ မှတ်မိအောင် ပြောခဲ့ပါတယ်။

ကဲ- တစ်ခေါက်လောက်ဆိုပါအုံး-

**မလှူခင်မှာ ဝမ်းမြောက်ပါ၊**

**လှူနေစဉ်လည်း ဝမ်းမြောက်ပါ၊**

**လျှုပြီးခါလည်း ဝမ်းမြောက်ပါ၊**

ကဲ- ဒါနပြုပြီဆိုရင် ဒီအင်္ဂါသုံးချက်နဲ့အညီ အမြဲ ထာဝစဉ်ပြုပါ။ ဒါနပြုတဲ့အခါမှာ အဲဒီလိုပြုပုံပြုနည်းတွေနဲ့ပေါ့။ ကဲ- လှူလိုက်ပြီဆိုပါတော့ လှူပြီးမှ "ဟာ- လှူလိုက်ရတာ မှားတာပဲ"။ အဲဒီလိုလှူလိုက်ပြီဆိုရင် အဲဒီအလှူဟာ အလဟဿ ဖြစ်သွားပါပြီ၊ အပရစေတနာချို့တဲ့သွားတာပေါ့၊ ဘာစေတနာ ချို့တဲ့သွားတာလဲ?

"အပရစေတနာ ချို့တဲ့တာပါဘုရား"။

အပရစေတနာ ချို့တဲ့သွားတဲ့အလှူမဖြစ်အောင် ဦးဇင်းတို့က သတိပေးတာပေါ့နော်။

## သားသမီးမရှိတဲ့သူဌေးဝတ္ထု

ဘုရားလက်ထက်က သာဝတ္ထိပြည်မှာ "**အပုတ္တက သေဋ္ဌိ**"လို့ခေါ်တဲ့ သူဌေးတစ်ယောက်ရှိပါတယ်။

"**အပုတ္တကသေဋ္ဌိ**"ဆိုတာ မြန်မာလို သားသမီးမရှိတဲ့ သူဌေးလို့ အဓိပ္ပါယ်ရပါတယ်။

အဲဒီသူဌေး ကွယ်လွန်တဲ့အခါ အမွေဆက်ခံမဲ့ သား၊ သမီး မရှိတော့တဲ့အတွက် သူဌေးရဲ့စည်းစိမ်ဥစ္စာတွေကို ပသေနဒီ ကောသလမင်းက သိမ်းယူပါတယ်။

# အမှုကောင်းရင် ကြီးပွားမည်

သူဌေးအိမ်ကနေ မင်းနန်းတော်သို့ စည်းစိမ်ဥစ္စာတွေကို သယ်ယူတဲ့အခါ ခုနစ်ရက်တောင် သယ်ယူရပါတယ်။ စည်းစိမ်ဥစ္စာတွေ ဘယ်လောက်အထိ များတည်ဆိုတာ တွက်သာကြည့်ပါတော့။ စည်းစိမ်ဥစ္စာတွေကို သယ်ပြီးလို့ နေ့မွန်းတည့်အချိန်မှာ ကောသလမင်းဟာ မြတ်စွာဘုရားထံ သွားပြီး အကြောင်းစုံ လျှောက်ထားပါတယ်။

သူဌေး သက်ရှိထင်ရှားရှိစဉ်က အိမ်သူအိမ်သားတွေက တိုက်ပန်းကန်ပြား စတီးထမင်းဇလုံတောင် မဟုတ်ပါဘူး။ ရွှေခွက်နဲ့ ကောင်းသောအရာသာရှိတဲ့ မွန်မြတ်တဲ့ စားစရာ, သောက်စရာတွေကို ယူဆောင်ပြီး ပေးကြပါတယ်၊ ပြင်ဆင်ပေးကြပါတယ်။ အဲဒီလူတွေကို သူဌေးက ''မင်းတို့ ငါ့ကိုပြောင်နေကြတာလား၊ လှောင်နေကြတာလား''လို့ ပြောပြီး ခဲနဲ့ပစ်ပါတယ်၊ ဒုတ်နဲ့ရိုက်ပါတယ်။

''ဒါကမှ လူတွေစားတဲ့ အစာကွ''လို့ ခွက်စုတ်လေးနဲ့ ဆန်ကွဲထမင်းနဲ့ပုံးရည်ဟင်း၊ အဲဒီ နှစ်မျိုးကိုသာ စားပါတယ်။ နေ့တိုင်း ဒီလိုပဲစားပါတယ်။

အဝတ်ဆိုလည်း လျှော်နဲ့လုပ်ထား, ယက်ထားတဲ့ အဝတ်ကိုသာ ဝတ်ပါတယ်။ စီးစရာ ယာဉ်ရထားဆိုလည်း ယာဉ်ဟောင်းလေး ရထားဟောင်းလေးကိုပဲ စီးပါတယ်။ ထီးဆိုလည်းသစ်ရွက်

နဲ့လုပ်ထားတဲ့ ထီးကိုးသာ ဆောင်းပါတယ်။

မြတ်စွာဘုရားက သူဌေးရဲ့ **"ရှေးဘဝကပြုခဲ့တဲ့ ကံ"**ကို အခုလို မိန့်တော်မူပါတယ်။

မြတ်သောမင်းကြီး ! ဒီသူဌေးဟာ တစ်ခုသောဘဝက တဂရသိခီအမည်ရှိတဲ့ ပစ္စေကဗုဒ္ဓါအရှင်မြတ်တစ်ပါးကို ဆွမ်းလောင်းခိုင်းခဲ့ဘူးပါတယ်။ "ရဟန်းအား ဆွမ်းလောင်းလိုက်" လို့ ပြောပြီး အခြားတစ်နေရာသို့ သွားပါတယ်။

တကယ်တော့ ဒီသူဌေးက သဒ္ဓါတရား မရှိတဲ့သူ၊ စေတနာမဲ့တဲ့သူ၊ အသိဉာဏ်မဲ့သူပါ။ သူ့ဇနီးကတော့ သဒ္ဓါတရားရှိသူပါ၊ ရတနာသုံးပါး ကြည်ညိုတဲ့ အမျိုးသမီးပါ။

သူ့ဇနီးက အိမ်သားရဲ့ပါးစပ်က "ပေးပါ" လို့ ပြောတဲ့ စကားမကြားရတာကြာပါပြီ။ ဒီနေ့တော့ ရဟန်းအား ဆွမ်းလောင်းလိုက်လို့ပြောတယ်။ ငါ့စိတ်တိုင်းကျ ဆွမ်းလောင်းမယ်, လှူမယ်လို့ ကြံတွေးမိပါတယ်။

အဲဒီတော့ ပစ္စေကဗုဒ္ဓါအရှင်မြတ်ရဲ့ သပိတ်ကိုယူပါတယ်။ မွန်မြတ်လှစွာသော ဆွမ်းခဲဖွယ် ဘောဇဉ်ချိုချဉ် အရသာအဖြာဖြာတို့ကို လောင်းလှူလိုက်ပါတယ်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်က ပြန်အကြွ၊ သူဌေးကလည်း

ပြန်အလာ။ လမ်းမှာ မျက်နှာချင်းဆိုင်ဆုံတဲ့အခါ "ရဟန်း တခုခု ရခဲ့ရဲ့လား"လို့ မေးပြီး သပိတ်ကို လှန်ကြည့်ပါတော့တယ်။

သပိတ်ထည်းမှာ မွန်မြတ်လှတဲ့ ဆွမ်းခဲဘွယ် ဘောဇဉ် တွေကို တွေ့ရတဲ့အခါ နှလုံးမသာမယာ ဖြစ်သွားပါတော့တယ်။ စိတ်မသက်သာ ဖြစ်သွားပါတော့တယ်။ အခုလိုလဲကြံမှိုင်တွေး တောနေပါတော့တယ်။

"ဒီ ကောင်းတဲ့ ထမင်းဟင်းတွေကို ကျွန်တွေ အလုပ်သမား တွေကို ကျွေးရတာကမှ မြတ်သေးတယ်။ ကျွန်တွေ, အလုပ် သမားတွေက ဒီကောင်းတဲ့ ထမင်း,ဟင်းတွေကို စားပြီး ငါ့ရဲ့ အလုပ်ကို ကောင်းကောင်းလုပ်ပေးကြလိမ့်မယ်။ ဒီကိုယ်တော် ကတော့ စားပြီး အိပ်နေမှာပဲ။ ငါ့ရဲ့ ထမင်း ဟင်းတွေတော့ ပျက်ပါပြီ၊ သွားပါပြီ"လို့ ကြံတွေးနေပါ တော့တယ်။

အပရစေတနာ ချို့တဲ့သွားတာပေါ့။ ဘာစေတနာချို့တဲ့ သွား?

"အပရစေတနာ ချို့တဲ့သွားတာပါ ဘုရား"။

## ဆွမ်းလောင်းနိုင်းတဲ့ ကုသိုလ်ရဲ့အကျိုး

အဲဒီသူဌေးဟာ တဂရသိခီ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ဆွမ်းလောင်းနိုင်းတဲ့ကုသိုလ်ကြောင့် ခုနှစ်ဘဝ နတ်ပြည်မှာ

ဖြစ်ရပါတယ်။ ခုနှစ်ဘဝ ဘာဖြစ်ရ?

"ခုနှစ်ဘဝ နတ်ပြည်ဖြစ်ရပါတယ်ဘုရား"။

နောက်- ဒီ,သာဝတ္ထိမြို့မှာပင် ခုနှစ်ဘဝ သူဌေး ဖြစ်ရပါတယ်။ ဒါပေမဲ့ အပရစေတနာ ချို့တဲ့ခဲ့တဲ့ အတွက်ကြောင့် ကောင်းကောင်းစားလိုစိတ် မဖြစ်ပါဘူး။ ကောင်းကောင်း ဝတ်လိုတဲ့စိတ် မဖြစ်ပါဘူး။ ကောင်းကောင်း နေလို, ထိုင်လိုတဲ့စိတ် မဖြစ်ပါဘူး။ ကောင်းတဲ့ ယာဉ်ရထားတွေကို စီးလိုတဲ့စိတ် မရှိပါဘူး။ မွန်မြတ်တဲ့ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ- ဆိုတဲ့ ငါးဖြာအာရုံ ကာမဂုဏ်တွေကို ခံစားလိုတဲ့စိတ် မရှိပါဘူး။

ဦးဇင်းတို့ ဘုရားလက်ထက်ကလည်းရှိခဲ့တယ်၊ ဒီခေတ်မှာလည်းရှိပါတယ်။ ကုဋေပေါင်းများစွာချမ်းသာတဲ့ သူဌေးကြီးတွေ ရှိတယ်။ အဲဒီလောက်ချမ်းသာတဲ့ သူဌေးတွေဟာ သူတို့စားပြီဆိုရင် ဆန်ကွဲထမင်းနဲ့စားတယ်တဲ့၊ ဘာနဲ့စားတာတဲ့?

"ဆန်ကွဲထမင်းနဲ့ပါဘုရား"၊

ဦးဇင်းတို့ ပရိသတ်တွေကတော့ ပေါ်ဆန်မွှေးစတဲ့ ဆန်ကောင်းတွေကို ချက်ပြီးတော့စားကြတာကိုး။

အဲဒီပုဂ္ဂိုလ်တွေကတော့ ကုဋေချီချမ်းသာတဲ့ သူဌေး တွေဖြစ်ပေမဲ့ ဆန်ကွဲထမင်းနဲ့ပုန်းရည်ဟင်းပဲ စားတယ်တဲ့။ ဒါကြောင့်မို့ ပုန်းရည်ဟင်းလျှင်နှစ်ခွက်မြောက်ဖြစ်သော ဆန်ကွဲထမင်းလို့

စာပေမှာ လာပါတယ်။

သူတို့ ဘာကြောင့် ဒီလိုစားကြရတာလည်းဆိုရင် လှူခဲ့တုန်းက အပရစေတနာ ချို့တဲ့လို့ပေါ့။ ''ငါ လှူရတာ မှားပြီ'' လို့ အဲဒီလိုဖြစ်ပြီးသွားရင် မိမိရဲ့အလှူဒါနဟာ အလဟဿ ဖြစ်ပြီး တော့သွားတာပါ။ ဘယ်လောက်ပဲ ချမ်းသာနေနေ အဲဒီ စည်းစိမ်ဥစ္စာတွေကို သုံးဆောင်ခံစား လိုတဲ့စိတ် မရှိတော့ဘူးနော်။

နောက် ဝတ်ပြီဆိုရင် ဖျင်ကြမ်းထက်တောင်ကြမ်းတဲ့ ဂုန်နီအိတ်လိုမျိုး အဝတ်အစားတွေ ဝတ်ကြတယ်။ စီးတဲ့ရထားကျတော့လည်း ခြောက်ချက်ခြောက်ချက်နဲ့ မကောင်းတဲ့ရထားစီးတာတဲ့။ တကယ့်ကို စုတ်စုတ် ကလေးပေါ့။ အဲဒီလို စီးမှာပေါ့။ အဲဒီပုဂ္ဂိုလ်က ဘာလို့လည်းဆိုရင် အပရစေတနာ ချို့တဲ့ခဲ့လို့တဲ့။ ဘာစေတနာချို့လို့လဲ?

''အပရစေတနာချို့လို့ပါဘုရား''။

## ရောင့်ရဲတင်းတိမ် လူစည်းစိမ်

ဒီခေတ်မှာလည်းတွေ့ရပါတယ်။ ဘုရားရဲ့စာပေ မှာလဲတွေ့ရပါတယ်။ တချို့ကျတော့ ခြိုးခြံချွေတာသုံးပြီးတော့ မွန်မြတ်တဲ့ပစ္စည်းတွေကို လှူဒါန်းတဲ့ပုဂ္ဂိုလ်တွေလည်း ရှိပါတယ်။

အဲဒီပုဂ္ဂိုလ်တွေကြတော့ အပရစေတနာ ချို့တဲ့တာ မဟုတ်

ပါဘူးတဲ့။ သူတို့ကြတော့ မိမိကတော့ ကိုယ်နဲ့သင့်သ မျှလေးနဲ့ စားတဲ့အခါဖြစ်စေ၊ ဝတ်တဲ့အခါဖြစ်စေ၊ သင့်ရုံလေး နေပြီးတော့ တချို့ကို သာသနာမှာ စွန့်ကြဲပေးကမ်း လှူဒါန်းကြတာ။ လူမှုရေး တွေမှာ စွန့်ကြဲပေးကမ်း လှူဒါန်းကြတာ။ အဲဒီလိုပုဂ္ဂိုလ်တွေ မရှိဘူးလား?

"ရှိပါတယ်ဘုရား"။

သူတို့ကြတော့ တကယ့်ကို **"ရောင့်ရဲတင်းတိမ် လူစည်း စိမ်"**ဆိုသလိုပေါ့။ ရောင့်ရဲတင်းတိမ်ခြင်းခေါ်တဲ့ သန္တောသ တရား လက်ကိုင်ထားပြီးတော့ လှူဒါန်းနေတဲ့ ပုဂ္ဂိုလ်တွေဖြစ်ကြ ပါတယ်။

အဲဒီပုဂ္ဂိုလ်တွေကတော့ အပရစေတနာ ချို့တဲ့တာ မဟုတ် ဘူးနော်။

ဒါကြောင့် လှူတဲ့တန်းတဲ့အခါမှာ အင်္ဂါသုံးချက်နဲ့ ညီအောင် လှူဒါန်းပါလို့ လှူတန်းမှုနဲ့စပ်ပြီးတော့ ပြောပါတယ်။

နောက် နံပါတ်-၅ ကြီးပွားရမည့်တရားကို ဆိုကြ ရအောင်-

**ရဟန်းတော်မြတ်၊ မိုးနိုလတ်၊ တိုးအပ်မြတ်ပညာ၊**

ကဲ ဦးဇင်းတို့ဆိုရင် ဘုရားရှင်ကိုအမှီပြုပြီးတော့၊ တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့ဆိုရင် ဘုရားနှင့်တကွ

ရဟန်းသံဃာတော်အရှင်မြတ်များကို အမှီပြုပြီးတော့ ယခု နံပါတ်-၅ ပညာတရားတွေကိုလည်း ကြီးပွားတိုးတက်ရပါမယ်၊ ဘာတရားတဲ့လဲ?

"ပညာတရားပါဘုရား"။

ပညာတရား။ အဲဒီပညာတရား ငါးမျိုးကိုလည်း အကျယ် ပြောခဲ့ပြီးပြီနော်-။

ဦးဇင်းတို့ မြတ်စွာဘုရားက ဟိမဝန္တာတောင်မင်းကို အမှီပြု ပြီးတော့ သစ်ပင်ကြီးငယ် အသွယ်သွယ်တွေ ကြီးပွားခြင်းငါး မျိုးနဲ့ ကြီးပွားနေကြသလို တိုးပွားခြင်းငါးမျိုးနဲ့ တိုးပွားနေကြ သလိုပဲ ရဟန်းတော်တွေကို-

**ဧဝမေဝ ခေါ ဘိက္ခဝေ သဒ္ဓံ ကုလပုတ္တံ နိဿာယ အန္တောဇနော ပဉ္စဟိ ဝဍ္ဎီဟိ ဝဍ္ဎတိ။**

**ဘိက္ခဝေ**-ရဟန်းတော်များ အိုချစ်သားတို့၊ **ဘိက္ခဝေ**-တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၊ **ဧဝမေဝ**-ဤ ဟိမဝန္တာတောင်မင်းပေါ်မှာ ပေါက်ရောက်နေကြတဲ့ သစ်ပင် ကြီးငယ်အသွယ်သွယ်တွေ ကြီးပွားခြင်းငါးမျိုး တိုးပွားခြင်းငါးမျိုးနဲ့

## ကျပ်နှစ်သိန်းကုသိုလ်ရှင်

၁။ နှစ်ဖက်မိဘများကိုအမှူးထား၍ ဦးသန်းအေး+ဒေါ်တင်တင်အောင်၊ သား- မောင်ကောင်းမြတ်ကျော်၊ သမီး-မမြတ်မြတ်ထွန်း၊ မိသားစု၊ အမှတ်-၆၁/၆၃၊ ၃-လွှာ ဆြင်မင်းလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊

## ကျပ်တစ်သိန်းငါးသောင်းကုသိုလ်ရှင်

၁။ ဒေါက်တာစိန်မြင့်+ဒေါ်ညွှန့်ညွှန့်ဝေ သား- ဒေါက်တာအောင်မြင့်မြတ်၊ မောင်မိုးဝေမြင့်၊ မောင်ထက်မြက်အောင်၊ မိသားစု၊ ၃၄-ကွက်၊ ရှမ်းဝိုင်း၊ ဌာနီအရှေ့၊ မန္တလေးမြို့၊

၂။ ဦးစိုးမောင်အားရည်စူး၍ ဒေါ်ကြည်မြင့်မိသားစု၊ လင်းဇင်းရပ်၊ မန္တလေးမြို့၊

## ကျပ်တစ်သိန်းကုသိုလ်ရှင်များ

၁။ ဦးကျော်ဝင်း+ဒေါ်သန်းသန်း မိသားစု၊ ၇၆-စည်သာလမ်း၊ ဥပုသ်တော်၊ မန္တလေးမြို့၊

၂။ ဦးအေးကျော်+ဒေါ်မြမြ၊ ညီမ-ဒေါ်စိန်စိန် မိသားစု
၁၈-လမ်း၊ ၈၁×၈၂-လမ်းကြား၊ မန္တလေးမြို့၊

၃။ ဦးသိန်းမောင်+ဒေါ်တင်တင်မိသားစု၊
စကားဝါအထည်ဆိုင်၊ ဆရာစံဈေး၊ မန္တလေးမြို့၊

၄။ ကွယ်လွန်သူ ဦးသံလုံးအားရည်စူး၍ ဒေါ်ဆယ်
မိသားစု၊ အကွက်-၂၃၊ ဥပုသ်တော်၊ မန္တလေးမြို့၊

၅။ ဦးထွန်းမောင်ဝင်း+ဒေါ်မြသောင်းမိသားစု
သောင်းထွန်းနှင့်ညီများ ကားပစ္စည်းရောင်းဝယ်ရေး၊
စက်မှုဇုံ(၁)၊ မန္တလေးမြို့၊

၆။ ကိုကျော်ထွန်း+မဥမ္မာ သား- မောင်မျိုးကျော်၊
ဉာဏ်လင်းထွန်း၊ သီဟမင်းထက် စက်မှုဇုံ(၁)
မန္တလေးမြို့၊

၇။ ကိုတင်မျိုးဝင်း+မအေးလှ သား-ဟိန်းလင်းထွန်း၊
အောင်လင်းထွန်း၊ ဟန်လင်းထွန်း၊ စက်မှုဇုံ(၁)
မန္တလေးမြို့

၈။ ကိုတင်မျိုးထွန်း+မတင်အောင် သမီး- မေဇင်ကို၊
အိမ့်လှဲကို စက်မှုဇုံ(၁) မန္တလေးမြို့၊

၉။ ဦးမြင့်လွင်+ဒေါ်သောင်းသောင်း
သား-ထွန်းဦးလွင်၊သမီး-တင့်တင့်လွင်

## အရှင်ဣန္ဒိကာဘိဝံသ

အကွက်(၂၈)ကြေးသွန်းမြင်းတန်းရပ်

၁၀။ ကိုဝင်းသူ+မအမာကြည် သမီး-ကေခိုင်မြင့်၊သား-ပြည့်ဖြိုးလှိုင် ဥပုသ်တော်ရပ်၊ မန္တလေးမြို့

## ကျပ်ငါးသောင်းကုသိုလ်ရှင်

၁။ ဦးခင်မောင်အေး+ဒေါ်ဝင်းဝင်း၊ သား-မောင်ငြိမ်းဟန်၊ မောင်လှိုင်ဝင်း၊ သမီး-မကြူကြူခိုင်၊ မဝါဝါခိုင်၊ မကေသွယ်အေး၊ "အေးဝင်း"စက်မှုလက်မှု မိသားစု၊ မြို့ပေါ်တန်း၊ မန္တလေးမြို့၊

၂။ အရှင်သုမန ခိုချောင်းကျောင်း၊ ခိုချောင်းရွာ၊

၃။ ဦးဟန်မြင့်+ဒေါ်ကြည်လေး မိသားစု၊ ခိုချောင်းရွာ၊

၄။ ကိုကျော်လင်း+မစန်းမြင့် မိသားစု၊ ခိုချောင်းရွာ၊

၅။ ဦးရှင်+ဒေါ်ပု၊ သမီး-ဒေါက်တာသောင်းသောင်းနု၊ သူရပ်တပ်၊ မန္တလေး၊

၆။ မသင်းသင်း စက်မှုဇုံ(၁) မန္တလေးမြို့၊

## အမှိုက်ကောင်းရင် ကြီးပွားမည်

၇။ မနွယ်နွယ်၊ မလှလှတင့် ချိုချိုသိန်း ကွမ်းနှင့်ကွမ်း ပစ္စည်း ရောင်းဝယ်ရေး နန်းရှေ့ဈေး၊ မန္တလေးမြို့၊

၈။ ကိုညိုဝင်း+ မဒွေးကြည် သား-စိုးစံမောင်၊ **ဝင်းရတနာ ကိတ်နှင့်ရေခဲမုန့်**

## ကျပ်နှစ်သောင်းကုသိုလ်ရှင်

၁။ ကိုလင်းထင်+မသဥ္ဇာဦး မင်္ဂလာ(၁)နှစ်ပြည့် အထိမ်းအမှတ်ဓမ္မဒါန

## ကျပ်တစ်သောင်းကုသိုလ်ရှင်

၁။ ဗိုလ်ကြီးနိုင်လင်းထွန်း + ဒေါ်နန်းဇာဇာဝင်း၊ သားလေး အောင်ဘုန်းလင်း တစ်နှစ်ပြည့် မွေးနေ့အလှူ။

# မှတ်တမ်းတင်ဂုဏ်ပြု

ဤအမှိကောင်းရှင် ကြီးပွားမည်စာအုပ်ကို တရားတိတ်ခွေမှ တဆင့်ကူးယူခြင်း၊ ကွန်ပျူတာစာစီစာရိုက်ခြင်း၊ ပရုဖတ်ခြင်း၊ မိတ္တူကူးခြင်း၊ စာပေစိစစ်ရေးသို့တင်ပေးခြင်း၊ စာအုပ်ရိုက်ခြင်းစသော ကိစ္စအဝဝတို့ကို ဆောင်ရွက်ပေးကြပါသော-

အရှင်ဇဋိလ (ဓမ္မာစရိယ)
အရှင်အစ္ဆရိယ (ဓမ္မာစရိယ)
အရှင်ဝံသပါလ (ဓမ္မာစရိယ)
အရှင်စာရိတ္တ (ဓမ္မာစရိယ)
အရှင်ဇနက (အင်္ဂလိပ်စာပေဌာန၊ နပသ၊ ရန်ကုန်)
အရှင်ခန္တိဗလ (M.A Thesis၊ နပသ၊ ရန်ကုန်)

တို့နှင့် တပည့်များ၊ အခြားအခြားသော ပုဂ္ဂိုလ်များ၊ ဓမ္မဒါနကုသိုလ်ရှင်များအား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။ ။

ချမ်းသာကြပါစေ---

အရှင်ဣန္ဒိကာဘိဝံသ
(ကေတုပဗ္ဗော)

# အမှီကောင်းရင် ကြီးပွားမည်

အရှင်ဂ္တုဒ္ဓိကာဘိဝံသ



## အမှီကောင်းတော့ တစ်ချက်

- ဟိမဝန္တာတောင်မင်းကို အမှီပြုပြီးတော့ သစ်ပင်ကြီးငယ်အသွယ်သွယ်တို့ကြီးပွားခြင်း ငါးမျိုးနဲ့ ကြီးပွားကြသလို

- သဒ္ဓါတရားရှိတဲ့ အမျိုးကောင်းသားတစ်ယောက်ကို အမှီပြုပြီး
အိမ်သူအိမ်သားအပေါင်း၊ ဆွေတော်မျိုးတော်အပေါင်း၊ နိုင်ငံသူနိုင်ငံသား အပေါင်းတို့ ကြီးပွားခြင်းငါးမျိုးတို့ဖြင့် ကြီးပွားလိုပါလျှင် ဤစာအုပ်ကို ဖတ်ရှုသင့်ပါတယ်။